# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၂)ရက် ၊ တနင်္လာနေ့ ၊ (26-2-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၀၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ဒုတိယအကြိမ် ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

အထူးကုသမှုများ (Super Speciality) လိုအပ်သော ပြည်သူများအနေဖြင့် သက်ဆိုင်ရာပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံကာ လိုအပ်သော ရောဂါရှာဖွေစမ်းသပ်မှုများနှင့် ကုသမှုများကို မိမိတို့ဒေသ၌ပင် လက်လှမ်းမီရရှိခြင်းဖြင့် ပြည်သူများ စိုက်ထုတ်ကုန်ကျရသော ဆေးကုသမှုစရိတ် လျော့နည်းကျဆင်းစေရန်နှင့် ရောဂါများကို စောစီးစွာသိရှိပြီး လိုအပ်သောကုသမှုများကို အချိန်မီရရှိခြင်းဖြင့် သက်ရှည်ကျန်းမာစေနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသည် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့မှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများပါဝင်သော အထူးကုဆေးကုသရေးအဖွဲ့များ၏ ကွင်းဆင်းကုသမှုအစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်။

မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၊

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့**



**ဆင္ဒသဂ်ီယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၇၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့်စုပေါင်းရေစက်သွန်းလောင်း အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ**

စာမျက်နှာ - ၁၉

## ထူးခြားသည့် ညအပူချိန်များ

၂၅-၂-၂၀၂၄

| | | |
|---|---|---|
| **ဟားခါး** | သုည | ဒီဂရီစင်တီဂရိတ် |
| **ဟဲဟိုး** | ၆ | ဒီဂရီစင်တီဂရိတ် |
| **လွိုင်လင်** | ၇ | ဒီဂရီစင်တီဂရိတ် |
| **မိုင်းယန်း** | ၇ | ဒီဂရီစင်တီဂရိတ် |

**စွန်ရဲအင်းဒေသ၌ နို့စားနွားမွေးမြူရေးနှင့် ဧက ၃၀၀ အကောင်အထည်ဖော်လျက်ရှိ**

စာမျက်နှာ - ၁၆

**မန္တလေး - သဖန်းကုန်း - ရွာသစ်ကြီး - သုံးဆယ်ပေး ရေလမ်းကြောင်းတစ်လျှောက် ရေလမ်းညွှန်အမှတ်အသားများစိုက်ထူပြသမှု ရာနှုန်းပြည့်ပြီးစီး**

စာမျက်နှာ - ၂


**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊လျှပ်စစ်မီတာ **Bill** ပေးဆောင်ခြင်း၊ **E-Topup** ဖုန်းပြောခဖြည့်သွင်းခြင်း၊
ဈေးဝယ်ခြင်း ၊ **Internet Bill** ပေးဆောင်ခြင်း၊ **Gift Card** ပေးခြင်း၊ **Skynet Bill Payment** ပေးသွင်းခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ **E-Commerce** လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊
မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် **Customs Duty** ပေးဆောင်ခြင်း




ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၀
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်
အယ်ဒီတာ့အာဘော်

# ကြိုတင်ပြင်ဆင် အောင်ပွဲဝင်

တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၂၄ ခုနှစ် မတ် ၁၁ ရက်မှ ၁၉ ရက်ထိ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြရမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပွဲမဝင်ခင် ပြင်ကကျင်းပဆိုသည့်စကားအတိုင်း စာမေးပွဲဝင်ရောက်မဖြေဆိုခင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ပေသည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြရမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ယခုအချိန်ကာလသည် တစ်နှစ်တာကာလအတွင်း လေ့လာကျက်မှတ်သင်ယူထားသည့် စာများကို နွှေးထားရမည့်အချိန်ကာလပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ပြန်လည်လေ့ကျင့်ကျက်မှတ်နေရမည့်အချိန်ကာလဖြစ်သည်။ ကျက်မှတ်ထားသည့် သင်ခန်းစာများကို ဦးနှောက်ထဲရောက်အောင် ထည့်ထားရမည့်အချိန်လည်းဖြစ်ပေသည်။

ထို့ပြင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာမေးပွဲနီးမှ ဘာသာရပ်များကို တက်သုတ်ရိုက်ကျက်မှတ်ခြင်းမျိုးမပြုဘဲ နှစ်စကတည်းက လေ့လာကျက်မှတ်ထားပြီးဖြစ်သော သင်ခန်းစာများကို စာမေးပွဲဖြေဆိုရက်နီးပြီဖြစ်သော ယခုကဲ့သို့သောကာလတွင် ခေါင်းအေးအေးထား၍ ပြန်လှန်လေ့လာကျက်မှတ်တွက်ချက်ရန်သာဖြစ်ပါသည်။ ပတ်ဝန်းကျင်၏ ဆူပူနှောင့်ယှက်ခြင်း၊ အိပ်ရေးပျက်ခံခြင်း စသည့် ကိုယ်စိတ်ကျန်းမာရေးမထိခိုက်အောင်လည်း သတိထားကြရမည်ဖြစ်ပေသည်။

စာမေးပွဲမဖြေဆိုမီ စာကြည့်ရက်ရရှိသည့်အချိန်ကာလအတွင်း ကြိုတင်ပြင်ဆင်မှုအနေဖြင့် စာမေးပွဲအစမ်းဖြေဆိုခြင်းကိုလည်း လေ့ကျင့်ထားကြရန် လိုပေသည်။ ထိုသို့ လေ့ကျင့်ရာတွင် မေးခွန်းဟောင်းများ၊ သတင်းစာများမှပါရှိသော သင်ခန်းစာနှင့် ကျောင်းမှ သင်ကြားပို့ချပေးသော သင်ခန်းစာများကို လေ့လာပြီး ဖြေကြည့်ခြင်းဖြင့် မကြာမီ ဖြေဆိုရမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ရင်ဆိုင်နိုင်မည့် အလေ့အကျင့်ကိုရရှိမည်ဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုများလည်း တိုးပွားလာမည်ဖြစ်ပေသည်။

လူငယ်ဘဝ၏ အဆုံးအဖြတ်တစ်ခုဖြစ်သော တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်စွာဖြေဆိုနိုင်ခြင်းဖြင့် မိမိလူမှုဘဝကို မိမိကိုယ်တိုင် စိတ်ကြိုက်ဖန်တီးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနိုင်ရန် သင်ခန်းစာများကို ကျက်မှတ်ခြင်း၊ တွက်ချက်ခြင်း၊ ရေးသားလေ့ကျင့်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ထက်သန်သော လုံ့လဝီရိယလည်းရှိကြရမည်ဖြစ်ပေသည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ယခုအချိန်ကာလသည် ကျန်းမာရေးကို အထူးဂရုစိုက်ရမည်ဖြစ်ပြီး အိပ်ရေးဝဝအိပ်ကာ အားဖြည့်နေရမည့်အချိန်လည်းဖြစ်ပေသည်။ ထို့ပြင် စာမေးပွဲဖြေဆိုရာတွင်လည်း မေးခွန်းကို သေချာစွာဖတ်ရန်လိုသကဲ့သို့ အဖြေစာရွက်များတွင်လည်း အမည်၊ ခုံအမှတ်၊ ဘာသာ စသည်တို့ကို ပြည့်စုံမှန်ကန်အောင် ဖြည့်ရမည်ဖြစ်သည်။ အလွယ်ဆုံးမေးခွန်းကို အရင်ဖြေဆို၍ ကျန်မေးခွန်းများကို အချိန်ခွဲဝေကာ ဖြေဆိုနိုင်သမျှကို ကြိုးစားဖြေဆိုကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မကြာမီ တက္ကသိုလ်ဝင်စာမေးပွဲကို ရင်ဆိုင်ဖြေဆိုကြရမည်ဖြစ်သည်။ အခြေခံပညာအဆင့်၏ နောက်ဆုံးအောင်ပန်းဖြစ်သည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်စွာဖြေဆိုနိုင်ရေးအတွက် ပွဲမဝင်ခင် အပြင်ကကြိုတင်ပြင်ဆင်၍ ရည်မှန်းချက်ပန်းတိုင်ကို လွယ်ကူချောမွေ့စွာ တက်လှမ်းနိုင်စေရန် ကြိုးစားဖြေဆိုကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းအားပေးရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဖေဖော်ဝါရီ ၂၅**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၃၂၁၂၁၅ ဦး လာရောက် ဖူးမြော်ကြကြောင်း သိရသည်။

“မန္တလေးတောင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ်လာရောက်ဖူးမြော်ကြပါတယ်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် စောင်းတန်းကြီးလေးသွယ်ကနေလဲ မန္တလေးတောင်တော်ကို တက်ရောက်ဖူးမြော်ကြပါတယ်။ စောင်းတန်းလမ်းခရီးမှာ အမောပြေနားဖို့ ခုံတွေပြုလုပ်ပေးထားပါတယ်။ ရေချမ်းစင်တွေလဲ ပြုလုပ်ပေးထားပါတယ်။ ရင်ပြင်တော်ပေါ်မှာ ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေပြီး ဖူးမြော်ကြတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်။ မန္တလေးမြို့ရဲ့ အလှအပရှုခင်းတွေကိုလဲ မှန်ဘီလူးတွေနဲ့ ဘုရားဖူးတွေက ကြည့်ရှုခံစားနေကြတာကိုတွေ့ရပါတယ်။ မန္တလေးတောင်တော်ကို ကား၊ ဆိုင်ကယ်တွေနဲ့ကော၊ စောင်းတန်းတွေကပါ တက်ရောက်ဖူးမြော်သူတွေ များပြားပါတယ်”ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၉၀၈ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၃၁၆၅၅၈ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၃၇၄၉ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

# မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၈ ကောင် နေထိုင်ကျက်စားလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၈ ကောင် နေထိုင်ကျက်စားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလတွင် ဧရာဝတီလင်းပိုင်များသည် နေရာပြောင်းရွှေ့၍ အုပ်စုလိုက်နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ယခင်က ဧရာဝတီလင်းပိုင်များသည် မင်းကွန်းဒေသအနီးတွင် အုပ်စုလိုက်နေထိုင်ကျက်စားလျက်ရှိပြီး ဖေဖော်ဝါရီ ၂၄ ရက်မှစ၍ မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် ဧရာဝတီလင်းပိုင်များပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

“ဧရာဝတီမြစ်ရေက ကျဆင်းလာတာကြောင့် မြစ်အတွင်း လင်းပိုင် ထိန်းသိမ်းရေးဇရိယာဖြစ်တဲ့ မန္တလေးကနေကျောက်မြောင်းကြားမှာ နေထိုင်ကျက်စားနေတဲ့ ဧရာဝတီလင်းပိုင်တွေအနေနဲ့ အစာပေါများတဲ့ မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးမှာ အုပ်စုလိုက် နေထိုင်ကျက်စားနေကြတာကို ဒေသခံရေလုပ်သားတွေက ဖေဖော်ဝါရီ ၂၄ ရက်က တွေ့မြင်ထားပါတယ်”ဟု ဦးမောင်မောင်လေးက ပြောပြသည်။

အလားတူ ဧရာဝတီလင်းပိုင်များကို ကြည့်ရှုချင်သည့်ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များအနေဖြင့် လက်ရှိတွင် မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးသို့ သွားရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး-သဖန်းကုန်း-ရွာသစ်ကြီး-သုံးဆယ်ပေး ရေလမ်းကြောင်းတစ်လျှောက် ရေလမ်းညွှန်အမှတ်အသားများစိုက်ထူပြသမှု ရာနှုန်းပြည့်ပြီးစီး

**မန္တလေး ဖေဖော်ဝါရီ ၂၅**

ဧရာဝတီမြစ် မန္တလေး-သဖန်းကုန်း-ရွာသစ်ကြီး-သုံးဆယ်ပေး ရေလမ်းကြောင်းတစ်လျှောက်တွင် ရေပေါ်ပြ၊ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသားများ စိုက်ထူပြသမှု ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ် မန္တလေး-သဖန်းကုန်း-ရွာသစ်ကြီး-သုံးဆယ်ပေး ရေလမ်းကြောင်းတစ်လျှောက်တွင် ရေကြောင်းပြောင်းလဲမှုများ ဖြစ်ပေါ်နေသောကြောင့် ရေယာဉ်များ သွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ရေလမ်းညွှန်ဌာနမှ ဝန်ထမ်းများက ရေယာဉ်နှစ်စီးဖြင့် ဖေဖော်ဝါရီ ၂၁ ရက်မှစ၍ ရေပေါ်ပြရေလမ်းညွှန်အမှတ်အသား အခုရေ ၄၀ နှင့် ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသား အခုရေ ၄၀ စိုက်ထူပြသပေးခဲ့ရာ ယနေ့တွင် ရေလမ်းညွှန်အမှတ်အသား စိုက်ထူပြသမှု ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလမှာ ရေယာဉ်တွေအနေနဲ့ အထူးဂရုပြုမောင်းနှင်ဖို့၊ ရေနည်းကာလအတွင်း ရေယာဉ်တွေ သောင်တင်တာ၊ ရေလမ်းကြောင်းအတွင်း မတော်တဆဖြစ်ပွားတာတွေ မဖြစ်ပေါ်စေဖို့အတွက် မိမိရေယာဉ်ရဲ့ဝန်တင်ရေစူးကို သတ်မှတ်ထားတဲ့ရေစူးကန့်သတ်ချက်နဲ့အညီ တင်ဆောင်ပြီး စနစ်တကျ ခုတ်မောင်းကြဖို့ လိုအပ်ပါတယ်။ ရေလမ်းညွှန်အမှတ်အသားစိုက်ထူပြသတဲ့လုပ်ငန်းတွေလဲ ဆောင်ရွက်နေပါတယ်”ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ထိုသို့ ရေလမ်းညွှန်အမှတ်အသားများ စိုက်ထူပြီးစီးပြီဖြစ်သောကြောင့် မန္တလေး-သဖန်းကုန်း-ရွာသစ်ကြီး-သုံးဆယ်ပေး ရေလမ်းကြောင်းတစ်လျှောက် သွားလာကြမည့် ခရီးသည်တင်ရေယာဉ်နှင့် ကုန်တင်ရေယာဉ်များအနေဖြင့် ရေလမ်းညွှန်အမှတ်အသားများကို အထူးသတိပြုသွားလာကြရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စေတုတ္တရာမြို့နယ် တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**စေတုတ္တရာ ဖေဖော်ဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အရင်းငွေ၊ အတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေရန်၊ အတိုးရရှိငွေများဖြင့် ဆောင်ရွက်ခွင့်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေ၊ စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

စေတုတ္တရာမြို့နယ် တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၅၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၃၂၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၈၂ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် လေးသိန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁၀ သိန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းထံမှ သိရသည်။

**ကိုညို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ် ရတနာ့ပုံကျောင်းဆရာတော် ဘဒ္ဒန္တ ရေဝတ က ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျဆရာဝန် ဒေါက်တာဦးညွန့်သန်းနှင့် ရေသန့်လျှပ်စစ်တာဝန်ခံ ဦးအောင်မင်းတို့က လက်ခံရယူစဉ်။

# ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၄၇၈၄၇ ဧကထိ စိုက်ပျိုးပြီးဖြစ်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၄၇၈၄၇ ဧကထိစိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၅၆၁၁၄ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၇၈၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သော သီးနှံစုံ ၄၇၈၄၇ ဧကတွင် စပါးဧက ၄၀၅၀၀၊ ဖူးစားပြောင်း ၁၁၂ ဧက၊ မြေပဲ ၂၃၅ ဧက၊ နှမ်း ၂၆ ဧက၊ နေကြာ ၄၃၈ ဧက၊ ပိုက်ဆန်လျှော် ဧက ၂၅၀၀၊ မတ်ပဲ ၂၁၅၅ ဧက၊ ပဲတီစိမ်း ၅၆ ဧက၊ ဗိုလ်ကိတ် ၁၀၂ ဧက၊ ပဲစင်းငုံ ၁၀၉ ဧက၊ ငရုတ် ၂၁၇ ဧက၊ ဟင်းသီးဟင်းရွက်စုံ ၁၃၉၇ ဧကဖြစ်ကြောင်း သိရသည်။

"ပုသိမ်မြို့နယ် ဆောင်းသီးနှံစိုက်ရာသီမှာ သီးနှံစုံ ၅၆၁၁၄ ဧကစိုက်ပျိုးဖို့လျာထားတာ လက်ရှိ ၄၇၈၄၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ သီးနှံစုံတွေ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့ အသီးအနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်အသီးအနှံတွေ စိုက်ပျိုးနိုင်စေဖို့၊ နည်းပညာတွေနဲ့ တခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်ခင် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးထားပါတယ်။ အခုနှစ် သီးနှံစုံတွေကို ဒေသနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့ အသီးအနှံတွေကို အများဆုံး စိုက်ပျိုးထားပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရန်၊ ပျက်စီးလေလွင့်မှုမရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက မြေပြင်ကွင်းဆင်းပြီး တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# သပိတ်ကျင်းမြို့နယ် ကျောက်လှည်းဘီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သပိတ်ကျင်း ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီးသပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပိတ်ကျင်းမြို့နယ် ကျောက်လှည်းဘီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျောက်လှည်းဘီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆောင်ရွက်ထားမှု၊ စာရင်းဇယားများ မှန်ကန်စွာရေးသွင်းထားမှုနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှုရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေများ ရေရှည်တည်တံ့စေရန်၊ ရန်ပုံငွေဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်နှင့် ကြွေးကျန်များ မပေါ်ပေါက်စေရေး အထူးအလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သပိတ်ကျင်းမြို့နယ် ကျောက်လှည်းဘီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၁၉၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၂ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စိုးက ပြောပြ၍ သိရသည်။

**အေးသူ**

# သနပ်ပင်မြို့နယ် ကသစ်ပိုင်ကျေးရွာတွင် အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် ဖေဖော်ဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကသစ်ပိုင်ကျေးရွာတွင် အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက် လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှု မရှိစေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံက ကသစ်ပိုင်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကသစ်ပိုင်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၅ ဦးကို ငွေကျပ် ၄၁၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၁၃၂ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၄၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သက်မာ**



# အသက်ရှည်ရှည် ပျော်ပျော်ရွှင်ရွှင်

ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

သူငယ်ချင်းတစ်ယောက်က သူ အကဲ့ရဲ့ခံရလို့ စိတ်တော်တော်အနှောင့်အယှက်ဖြစ်နေတာကို ရင်ဖွင့်ပါတယ်။ "ဟ အကဲ့ရဲ့ခံရလို့တော့ ဘာမှစိတ်ထဲမထားပါနဲ့"လို့ စာရေးသူကပြောတဲ့အခါ သူက လက်မခံပါ။ သူနားဝင်အောင် တော်တော်ရှည်ရှည် ဝေးဝေး ဆွေးနွေးလိုက်ရပါတယ်။ နောက်ဆုံးတော့ သူအမြင်ပြောင်းသွားပါတယ်။ သူ့ရဲ့နာကျင်ခံခက် ဝေဒနာတမြည့်မြည့်ခံစားနေရတဲ့ မသက်မသာ၊ မပျော်မရွှင်ဖြစ်နေမှုဟာ သက်သာပြေပျောက်သွားပါတယ်။

"In the world there is no one who is not blamed" ကျွန်တော်က ကူးရေးပြီး ကျက်မှတ်ထားတာလေးတွေလည်း ရွတ်ဖတ်သရဇ္ဈာယ်ရတာပေါ့။ ဟေ့ကောင်၊ အဲဒါက ဘာအဓိပ္ပာယ်လဲ။ သူက မေးတာပေါ့။

**"နတ္ထိလောကေ အနိန္ဒိတော။"**

"မြန်မာလို ရိုးရိုးပြောစမ်းပါကွာ။ မင်းကလဲ"

"အကဲ့ရဲ့လွတ်တဲ့လူရယ်လို့ လောကကြီးထဲမယ် တစ်ယောက်မှမရှိဘူးလို့ မြတ်စွာဘုရားက ဟောကြားခဲ့ဖူးတယ် သူငယ်ချင်းရ"

"ဟုတ်လား၊ ငါဖြင့် တစ်ခါမှ မကြားဖူးဘူး"

မင်းက ဘုရားနဲ့တရားနဲ့ဝေးတဲ့ကောင်ကိုးကွ။ ဒီလိုပြောလိုက်တော့ သူကရယ်ပါတယ်။ ရယ်မှာပေါ့ မှန်တာပြောတာဖြစ်ပေမယ့် စာရေးသူက အပြစ်တင်တဲ့လေသံနဲ့ ပြောတာမှမဟုတ်ဘဲ၊ ချစ်လို့ပြောတာဆိုတဲ့အချက်ကို သူလက်ခံတယ်လေ။ ပေါ်ပေါ်တင်တင် အပြစ်တင်ကဲ့ရဲ့ရင်တော့ မှန်တာဖြစ်ဖြစ်၊ မှားတာဖြစ်ဖြစ် ဘယ်သူကမှ လက်မခံချင်ပါ။ ဒါဟာ လူ့သဘာဝပါပဲ။

**ပျော်ပျော်ပြုံးပြုံး**

စာရေးသူနဲ့ သူနဲ့ပြောမနာဆိုမနာ ငယ်သူငယ်ချင်း ရင်းရင်းချာချာတွေပဲဆိုတဲ့ အခြေအနေအခင်းအကျင်းတစ်ခုကို ရောက်လာခဲ့ပြီပဲ။ စာရေးသူပြောစကားကို သူ့နားထဲပေါက်အောင်၊ သူ့စိတ်ထဲရောက်အောင် ဆက်ပြောဆိုလို့ ချောမောသွားပါပြီ။ အပျိုးလေးမှာ အပြုံးလေးတော့ပါရမှာပေါ့။

ဘယ်ခေတ်၊ ဘယ်အခါ၊ ဘယ်နေရာမဆို အကဲ့ရဲ့လွတ်တဲ့လူရယ်လို့မရှိဘူး။ တိုရင်တိုလို့၊ ရှည်ရင်ရှည်လို့၊ နက်နဲခက်ခဲရင် နက်နဲလွန်းလို့၊ လွယ်ကူပြန်တော့ လွယ်လွန်းလို့၊ တရားကိုတောင် လူအမျိုးမျိုးက ကဲ့ရဲ့နေတတ်ကြသေးတာ။ ဒါဟာ လူ့သဘာဝ လူ့ဓမ္မတာလို့ နားလည်လက်ခံထားလိုက်ရင် ဘာမှနာကျင်ခံခက်စရာမရှိတော့ပါ။

ပိန်းကြာဖက်တွင် ရေမတင်သလို ကင်းစင်လွင့်ပျောက်၊ ချမ်းသာရောက်သွားပေပြီပေါ့။ ဟဲဟဲ ဒီလိုနဲ့ လိပ်ကျောကြောင်ကော် ပြောင်ချော်ချော်ပဲ ပျော်ပျော်ပြုံးပြုံး ဖြစ်သွားပါလေရော။ စာရေးသူက သူ့နည်းတူ၊ သူ့လိုပဲ သူတို့ဘဝ စိတ်ပျော်ရွှင်မှုမရတဲ့သူတွေလည်း တွေ့ဖူးပါတယ်လေ။ သူတို့မှာ မပျော်ရွှင်နိုင်ဘူး။ မပျော်ရွှင်တတ်ကြဘူး။ ဒီဆောင်းပါးကို ဖတ်မိရင်တော့ သူတို့ အကြောင်းထူးသွားမယ်။ ပြောင်းလဲသွားလိမ့်မယ်။ အချို့အတွက် နည်းနည်း၊ အချို့အတွက် များများ၊ တစ်စုံတစ်ခုတော့ သက်ရောက်စေမှာ သေချာပါတယ်ခင်ဗျာ။

သုတေသနစာတမ်းတစ်စောင် လေ့လာပြုစုရသလောက် ကွင်းဆင်းမေးမြန်းရတာမျိုး၊ အချိန်ကုန်တာ၊ ငွေကြေးသုံးစွဲခဲ့ရတာမရှိပေမယ့် လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ကျော်က စိတ်ပညာသုတေသနလုပ်ခဲ့ကြရတဲ့ စိတ်ပညာသင်ယူခဲ့သူ ကျောင်းသားဟောင်းအနေနဲ့တော့ ဖတ်သမျှစာပေ၊ တွေ့ရသမျှအလုပ်ခွင်ထဲက လူပုဂ္ဂိုလ်တွေဟာ စမ်းသပ်ခံလူတွေပဲပေါ့။ စိတ်မပျော်ရွှင်ရတာရဲ့အကြောင်းရင်းကို လေ့လာကြည့်ရင် အကြောင်းရင်းတွေ အရေအတွက် ရာချီရှိပေမှာပေါ့။ ဘာလို့လဲဆိုတော့ ပထမဦးဆုံး အရိယသစ္စာက ဒုက္ခသစ္စာမဟုတ်လား။

**ဆင်းရဲ**

စာဖတ်သူ ပြုံးမိသွားသလား။

သမုဒယချစ်ခင်တွယ်တာမှုတွေ နှောင်ဖွဲ့စွဲလမ်းနေလေတော့ ချစ်သူနဲ့ကွေကွင်းရခြင်း ဆင်းရဲမှုတွေ၊ မချစ်မနှစ်သက်သူနဲ့အတူ ယှဉ်တွဲနေထိုင်တွေ့ဆုံနေရတဲ့အခြေအနေ စတဲ့ လိုတာမရ၊ ရတာမလိုတဲ့ ဒုက္ခအမျိုးမျိုးဟာ သဘာဝဓမ္မတာ၊ လောကသစ္စာပဲလေ။ ထားပါ။ လက်တွေ့ကျတဲ့ စိတ်မပျော်ရွှင်ရမှုရဲ့အကြောင်းရင်းတရားတွေကို ထင်သာမြင်သာသလောက် စာရင်းကောက်ပြပါရစေ။

၁။ မိမိကို ဒုက္ခရောက်စေတဲ့ အပေါင်းအဖော်တွေနဲ့ ဝန်းရံထားတာ။ ဒါဆိုပတ်ဝန်းကျင်၊ အခြေအနေ ဒါမှမဟုတ် မိတ်ဆွေ၊ အသိုင်းအဝိုင်း ပြောင်းသင့်ပေတာပဲ။

၂။ အသေးအဖွဲလေးတွေကို အလေးထားလွန်းတာ၊ သူတစ်ပါးရဲ့အပြစ်၊ ချွတ်ယွင်းချက်၊ အားနည်းမှုတွေကို မရှုရာ။ အတင်းမပြောနဲ့။ လူနုံဖြစ်တတ်တယ်။

၃။ မိမိပိုင်ဆိုင်ပြီးသားတွေကို သတိမထားမိတာ၊ ရွှေ့ပြောင်းနိုင်၊ မရွှေ့ပြောင်းနိုင်၊ အတတ်ပညာ၊ အတွေ့အကြုံ၊ ဆွေမျိုးမိတ်သင်္ဂဟ စတာတွေပေါ့။

၄။ အဆိုးမြင်စိတ်များနေတာ၊ အမြင်ပြောင်းလဲပါ။ မကောင်းမြင်စိတ်က ဆိုးကျိုးကိုပဲ ပေးပါတယ်။

၅။ အခြားသူတွေနဲ့ နှိုင်းယှဉ်စဉ်းစားပြီး မိမိကိုယ်ကို အလိုမကျတာ၊ မကျေနပ်တာ၊ အားငယ်တာ စတဲ့ ပြုပြင်လို့မရတာတွေနဲ့ စိတ်ညစ်နေတတ်တာ။ မယှဉ်နဲ့၊ ဘယ်သူနဲ့ဘယ်သူမှထပ်တူမကျကြဘူး။ သူကသူ၊ ကိုယ်ကကိုယ်ပဲ။ မတူတာကို ယှဉ်မနေနဲ့။

၆။ လူတိုင်းကျေနပ်အောင် ကြိုးစားနေတတ်မှု၊ လူတိုင်းအလိုကိုလိုက်မနေနဲ့။ မကြိုးစားနဲ့ မောရုံပဲ။ ကိုယ့်မူနဲ့ကိုယ်သွားပါ။ မိမိကိုယ်ကို ယုံကြည်ပါ။

**သတိပြုရော**

၇။ တစ်ကိုယ်ကောင်းဆန်လွန်းတာ၊ အတ္တကြီးတာ၊ ကိုယ့်ကိစ္စကို ကိုယ်ပဲအရေးထားရမှာမှန်ပေမယ့် ရရင်ပြီးရော ကျော်ခွ၊ စည်းကမ်းမဲ့ မပြုရပါ။

၈။ ကောင်းမှုကုသိုလ်တွေပြုရင် စိတ်ကြည်လင်လန်းဆန်းကြောင်း မသိတာ။ ဒါကိုစမ်းကြည့်ပါ။ ကုသိုလ်တရားတွေက ကောင်းကျိုးကိုပေးမြဲပဲ။

၉။ အကဲခတ်တာ၊ အထအနကောက်တတ်တာ၊ စိတ်မထိန်းနိုင်တာ၊ အတေးအမှတ်ထားတတ်တာ၊ လက်စားချေလိုစိတ်ရှိတာတွေဟာ မိမိကို စိတ်ညစ်ညူးရှုပ်ထွေးစေတတ်တယ်။ ဖယ်ရှားပစ်ပါ။ အာလူးပုပ်တွေကို ရှင်းလိုက်ပါ။ မိမိဦးနှောက်ထဲမှာ အဲဒီလို ပင့်ကူမြွေးတွေ၊ အမှိုက်တွေ ထည့်သိမ်းမထားမိစေနဲ့။

၁၀။ သူတစ်ပါးကို ဦးစားပေးပါ၊ စာနာပါ။ ချိုချိုသာသာ ပြုံးပြုံးရွှင်ရွှင်ဆက်ဆံပါ။

၁၁။ မာနထောင်လွှားတာ၊ ဘဝင်မြင့်တာ၊ မနာလိုတာ အဲဒီလိုစိတ်မျိုးလည်း မထားသင့်ပေ၊ စိတ်တင်းကျပ်စေပါတယ်။

၁၂။ မလိုမုန်းထားစိတ်၊ ဖျက်ဆီးလိုစိတ်၊ ရန်လိုစိတ်၊ ဒေါသစိတ်နဲ့ ရန်ညှိုးထားတတ်တာကလည်း မိမိစိတ်ကို ပေါ့ပါးလွတ်လပ်မှုမရှိအောင် တားဆီးပိတ်ဆို့တတ်တယ်။ မပျော်နိုင်ဘူး။

၁၃။ နေ့စဉ်မှန်မှန် လမ်းလျှောက်ပါ။ ကိုယ်လက်လှုပ်ရှားပါ။ အကြောအခြင်၊ ကြွက်သားတွေ၊ သွေးကြောတွေ၊ အရိုးအဆစ်တွေ သန်မာကြံ့ခိုင်စေသလို ဦးနှောက်နဲ့ နှလုံးအတွက်လည်း ကြည်လင်သန့်ရှင်းပြီး ကျန်းမာတဲ့စိတ်ကိုရရှိစေပါတယ်။

၁၄။ နေ့စဉ်နေ့တိုင်း သူတစ်ပါးကို (ဘယ်သူ့ကိုပဲဖြစ်ဖြစ်) ကောင်းတာတစ်ခုခုလုပ်ပေးပါ။ (ပြုံးပြတာပဲဖြစ်ဖြစ်၊ သူ့ကို ချီးကျူးစကားထုတ်ဖော်တာပဲဖြစ်ဖြစ်ပေါ့)

**နလုံးသွင်း**

၁၅။ **နလုံးသွင်းရော။** ဆွေးနွေးစရာက အများကြီးရှိနေပေမယ့် နမူနာ အဓိကအချက်တချို့ ဖော်ပြရင်ပဲ စာဖတ်သူ သဘောပေါက်သိမြင်လောက်ပါတယ်။ ဥပမာဆိုကြပါစို့-

**(က) အတိတ်ကအပြစ်အမှန်းတွေ သင်ပုန်းချေလိုက်ပါ။ အတိတ်နဲ့ ငြိမ်းချမ်းရေး ယူလိုက်ရင် ပစ္စုပ္ပန်မှာ အေးချမ်းသာယာသွားပါလေရော။**

**(ခ) ဘာမှမမြဲဘူး။ ကောင်းတာဖြစ်ဖြစ်၊ ဆိုးတာဖြစ်ဖြစ် ဖက်တွယ်စွဲလမ်းမနေလေနဲ့။ ပြီးခဲ့တာဟာ ပြီးသွားခဲ့ပြီ။ ဇာထလေးတွေချည်းပဲ။**

**(ဂ) သူတစ်ပါးကို အနိုင်ပေးပါ။ အနိုင်မယူချင်နဲ့ (ကိုယ်က မှန်ကန်၊ တရားမျှတ၊ အကျိုးရှိ၊ လောကကောင်းကျိုး၊ လူမျိုးအကျိုး တကယ်သေချာရင်တော့ လျှော့စရာမလိုပါ)။**

**(ဃ) သူတစ်ပါးကိုမနိုမ်ပါနဲ့၊ မလှောင်ပါနဲ့၊ အထင်မသေးမိစေနဲ့၊ မစော်ကားမိစေနဲ့။**

**(င) မိမိကိုယ်ကျင့်တရားကို တန်ဖိုးထားပါ။**

**(စ) မိမိတာဝန်ယူဆောင်ရွက်နေတဲ့လုပ်ငန်းခွင် အလုပ်အကိုင်ကို အကောင်းဆုံးအရည်အသွေး၊ အမြင့်ဆုံးအရည်အချင်းဖြစ်အောင် တာဝန်ယူကြိုးစားပါ။**

ဒါတွေဟာ ဘယ်သူမဆို စိတ်ချမ်းသာစေတဲ့၊ စိတ်ညစ်ညူးစိတ်ပျက်အားငယ်မှု ကင်းဝေးစေတဲ့အချက်တွေဖြစ်ပါတယ်။

"ပြောချင်သူက ပြောချင်တာပြောကြပါစေ။ ပတ်ဝန်းကျင်ကို ဂရုစိုက်မနေနဲ့ကွာ၊ ပတ်ဝန်းကျင်ကို ဂရုစိုက်လွန်းရင် ကမ္ဘာကျဉ်းတယ်"လို့ ငယ်ငယ်က ကိုယ့်ထက်ကြီးတဲ့ကာလသားတွေက ပြောလေ့ရှိကြတယ်။ တကယ်တော့ ပတ်ဝန်းကျင်အခြေအနေအရပ်ရပ်ကိုလည်း သေသေချာချာသိမြင်နားလည်အောင်တော့ လေ့လာအပ်တာပါ။

**လေ့လာပါ**

နိုင်ငံတကာမှာ ဘာတွေဖြစ်နေမှန်းလည်းမသိ၊ ကိုယ့်ပတ်ဝန်းကျင်မှာ ဘယ်သူတွေက ဘာအကြံအစည်နဲ့ ဘာတွေဖြစ်နေ၊ လုပ်နေမှန်းလည်းမသိဘဲ တုံးတုံးအအ ဘာမသိ ညာမသိ (လူစဉ်မမီအောင် အသိဉာဏ်နည်းပါး) မိုက်မဲမှားယွင်းနေတာမျိုးဆိုလည်း ဆိုးရွားပါတယ်။

ကိုယ့်အခြေအနေ ပကတိအမှန်တရားကိုလည်း သိရမြင်ရမယ်။ ပတ်ဝန်းကျင်မြင်ကွင်းကိုလည်း ပကတိအရှိအတိုင်း သိမြင်နားလည်နေရမယ်။ ဒီလိုအနေအထားမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ ထက်ထက်သန်သန် တက်တက်ကြွကြွ အလုပ်လုပ်နေကြရမယ်လေ။

တကယ်တော့ အသက်ရှည်ရှည်နေနိုင်ရင်ကောင်းပါတယ်။ ဒါဟာ ကောင်းမွန်တဲ့အရည်အသွေးတစ်ရပ်ပါ။

ပျော်ပျော်ရွှင်ရွှင် နေထိုင်နိုင်ဖို့ရာကလည်း ပြည့်စုံအောင်လုပ်ဆောင်လို့ရပါတယ်။ လိုလားအပ်တဲ့ အရည်အသွေး အခြင်းအရာတစ်ခုပါပဲ။

အသက်ရှည်တာ၊ တိုတာ၊ ပျော်ရွှင်တာ၊ မပျော်ရွှင်တာတွေထက် တန်ဖိုးထားအပ်တဲ့အရာတစ်ခုတော့ ဖော်ပြချင်ပါသေးတယ်။ အဲဒါကတော့ ဘဝတန်ဖိုး။

ကောင်းမြတ်တဲ့ ရည်မှန်းချက်ပန်းတိုင်တစ်ခု ရှိရတာပါ။

**နိဂုံး**

ဘဝဆိုတာ အသက်ရှည်ရှည်နေဖို့သက်သက်၊ မိမိပျော်ရွှင်သာယာဖို့အတွက်သက်သက် ရှင်သန်ကုန်ဆုံးသွားတာထက် ကောင်းမြတ်တဲ့ရည်ရွယ်ချက်တစ်ခု ဘဝအတွက် ရည်မှန်းချက်တိတိကျကျထားပြီး ဖြတ်သန်းတာကမှ အဓိပ္ပာယ်ရှိတဲ့ဘဝ၊ တန်ဖိုးရှိတဲ့ ဘဝဖြစ်မယ်မဟုတ်လား။ မြတ်စွာဘုရားလိုလားတဲ့ လမ်းစဉ်လမ်းကြောင်းပါ-

၁။ **လောကတ္ထစရိယ** = လောကကောင်းကျိုးဆောင်ရွက်ရန်တာဝန်နဲ့ ရည်မှန်းချက်၊

၂။ **ဉာတတ္ထစရိယ** = လူမျိုးနဲ့ နိုင်ငံအကျိုးကို (အသက်ပေးလှူချင်ပေးရပါစေ) တာဝန်ကျေအောင် ဆောင်ရွက်မယ်ဆိုတဲ့ ရည်မှန်းချက်ရှိပါစေ။

❖ တကယ်တော့ အသက်ရှည်ရှည်နေနိုင်ရင်ကောင်းပါတယ်။ ဒါဟာ ကောင်းမွန်တဲ့အရည်အသွေးတစ်ရပ်ပါ။ ပျော်ပျော်ရွှင်ရွှင် နေထိုင်နိုင်ဖို့ရာကလည်း ပြည့်စုံအောင်လုပ်ဆောင်လို့ရပါတယ်။ လိုလားအပ်တဲ့အရည်အသွေး အခြင်းအရာတစ်ခုပါပဲ။ အသက်ရှည်တာ၊ တိုတာ၊ ပျော်ရွှင်တာ၊ မပျော်ရွှင်တာတွေထက် တန်ဖိုးထားအပ်တဲ့အရာတစ်ခုတော့ ဖော်ပြချင်ပါသေးတယ်။ အဲဒါကတော့ ဘဝတန်ဖိုး။ ကောင်းမြတ်တဲ့ရည်မှန်းချက်ပန်းတိုင်တစ်ခုရှိရတာပါ။ ❖

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒ့ါအပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

## ကြာ

\- ရွှံ့နွံရွှံ့နှစ် ခြေအမြစ်နှင့်
ပွင့်သစ်ရွှေကြာ ရေထက်မှာ။

\- ရွှံ့ထဲမှာနေ ရွှံ့မပေသည့်
ထုံဝေပျံ့မွှေး ကြာပန်းလေး။

\- ရွှံ့နွံတွေကြား သူမွေးဖွားလည်း
ခြားနားသန့်စင် ရွှံ့မတင်။

\- ဒသနိဖြင့်
ကြာ၏ကျင့်စဉ် ငါသက်ဝင်လျက်
ဆင်ခြင်အားထုတ် ဖမ်းကိုင်ဆုပ်မိ
ဒုက္ခကြားက လူဖြစ်ရလည်း
ဒုက္ခအပူ ငါမယူတော့
လူသားဟူဘိ ယွင်းသတိကြောင့်
ယူမိသော်ငြား သိမ်းမထားတော့
ပြတ်သားကြည်လင် စိတ်သန့်စင်အောင်
ပြုသင်ခဲ့ဖူး အသိထူးတွက်
ပွင့်ဦးကြာကို ကျေးဇူးဆိုသည်
နှစ်လိုလေးမြတ်စွာတကား။ ။

**ချစ်စုအောင်**

# အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၁၃၄၀ စိုက်ပျိုးပြီးစီး

**မုံရွာ ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၁၃၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၀၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၃၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အရာတော်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဟင်းသီးဟင်းရွက် ၁၃၀၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၃၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ ကျန်းမာရေးနဲ့ ညီညွတ်တဲ့သီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးရေးနည်းစနစ်တွေကို ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်း၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတဲ့ သီးနှံတွေ စိုက်ပျိုးပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ မြူလုပ်သုံးစွဲရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



# ဘိုကလေးမြို့နယ် အောင်တေဇကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘိုကလေး ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခနောင်ကျေးရွာအုပ်စု အောင်တေဇကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ စီမံကိန်းအသင်းဝင် ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရန် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အောင်တေဇကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၇ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ဘိုကလေးမြို့နယ် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် အောင်တေဇကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၉ ဦးကို ငွေကျပ် ၄၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အထွေး**



# စလင်းမြို့နယ် နွယ်တမယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**စလင်း ဖေဖော်ဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် နွယ်တမယ်ကျေးရွာအုပ်စု နွယ်တမယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ နွယ်တမယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှု ရှိ၊ မရှိနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ နွယ်တမယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်က ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦးကို ငွေကျပ် ၁၆၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၉ ဦးကို ငွေကျပ်သိန်း ၃၂၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၉၆ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူလေးဦးကို ငွေကျပ် ၁၂ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၆ ဦးကို ငွေကျပ်သိန်း ၅၉၀ ထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းမိုး**

# နိုင်ငံတကာ သတင်းများ

## တောင်ကာရိုလိုင်းနားပြည်နယ် ရီပတ်ဘလီကန်ပါတီကိုယ်စားပြုသမ္မတလောင်းရွေးချယ်ပွဲတွင် သမ္မတဟောင်းဒေါ်နယ်ထရန့်က နစ်ကီဟေလေကိုအနိုင်ရရှိ




**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

တောင်ကာရိုလိုင်းနားပြည်နယ် ရီပတ်ဘလီကန်ပါတီ ကိုယ်စားပြုသမ္မတလောင်း ရွေးချယ်ပွဲတွင် သမ္မတဟောင်း ဒေါ်နယ်ထရန့်က အဓိကပြိုင်ဘက်ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးဟောင်း နစ်ကီဟာလေကို အနိုင်ရရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၂၄ ရက် သတင်းများအရ သိရသည်။

တောင်ကာရိုလိုင်းနားပြည်နယ်သည် နစ်ကီဟာလေ၏ မွေးရပ်မြေဖြစ်သော်လည်း ဒေါ်နယ်ထရန့်ကပင် သက်သောင့်သက်သာဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၂၄ ရက် တောင်ကာရိုလိုင်းနား ရီပတ်ဘလီကန်ပါတီ ကိုယ်စားပြုသမ္မတလောင်း ရွေးချယ်ပွဲ အနိုင်ရခဲ့မှုကြောင့် ဒေါ်နယ်ထရန့်အနေဖြင့် ယခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် ရီပတ်ဘလီကန်ပါတီ ကိုယ်စားပြု သမ္မတလောင်းအဖြစ် တတိယအကြိမ်ပါဝင်နိုင်ရန်အလားအလာပိုကောင်းလာခဲ့ပြီဖြစ်သည်။

ရီပတ်ဘလီကန်သမ္မတဟောင်း ဒေါ်နယ်ထရန့်သည် အိုင်အိုးဝါးပြည်နယ်၊ နယူးဟမ့်ရှိုင်းယားပြည်နယ်၊ နီဗားဒါးပြည်နယ်နှင့် ဗာဂျင်းကျွန်းစုရီပတ်ဘလီကန်ပါတီ ကိုယ်စားပြု သမ္မတလောင်း ရွေးချယ်ပွဲများ၌ အနိုင်ရရှိထားပြီးဖြစ်သည်။

လက်ရှိအချိန်ထိ ရီပတ်ဘလီကန်ပါတီသွေးစည်းညီညွတ်ပုံမျိုးမိမိအနေဖြင့် တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ဖူးကြောင်း ဒေါ်နယ်ထရန့်က ဖေဖော်ဝါရီ ၂၄ရက်တွင် ပြောကြားခဲ့သည်။

လက်ရှိအခြေအနေအရ ယခုနှစ် နိုဝင်ဘာလတွင်ကျင်းပမည့် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဂျိုးဘိုင်ဒင်နှင့် ဒေါ်နယ်ထရန့်တို့ ထပ်မံတွေ့ဆုံရန် အလားအလာ မြင့်မားလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ၂၀၂၅ ခုနှစ် ဘီလာရုစ်သမ္မတရွေးကောက်ပွဲတွင် သမ္မတလူကာရှန်ကို ထပ်မံယှဉ်ပြိုင်မည်

**မင်းစ် ဖေဖော်ဝါရီ ၂၅**

၂၀၂၅ခုနှစ် သမ္မတရွေးကောက်ပွဲများတွင် သမ္မတရာထူးအတွက် ထပ်မံယှဉ်ပြိုင်မည် ဖြစ်ကြောင်း ဘီလာရုစ်သမ္မတ လူကာရှန်ကိုက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

လွှတ်တော်ရွေးကောက်ပွဲနှင့် ဒေသန္တရကောင်စီ ရွေးကောက်ပွဲများအတွက် မင့်ခ်မြို့တော်မဲရုံတစ်ခု၌မဲပေးပြီးနောက် သတင်းထောက်များနှင့်တွေ့ဆုံစဉ် ၂၀၂၅ သမ္မတရွေးကောက်ပွဲ ထပ်မံယှဉ်ပြိုင်မည့် အစီအစဉ်ကို သမ္မတလူကာရှန်ကိုက အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

အသက် ၆၉နှစ်အရွယ် သမ္မတလူကာရှန်ကိုသည် ဘီလာရုစ်နိုင်ငံကို ၁၉၉၄ ခုနှစ်မှစ၍ အုပ်ချုပ်ခဲ့သူဖြစ်ပြီး ရုရှားသမ္မတ ပူတင်၏ အရင်းနှီးဆုံးမဟာမိတ်တစ်ဦးလည်းဖြစ်သည်။

ထို့ပြင် ဘီလာရုစ်အနေဖြင့် ရုရှားနိုင်ငံနှင့် အမြဲတမ်းသွေးစည်းညီညွတ်နေမည်ဖြစ်ရာ ယင်းအခြေအနေကြောင့် မိမိတို့အနေဖြင့် မည်သည့်ရန်သူကိုမဆိုရင်ဆိုင်နိုင်ကြောင်း သမ္မတ လူကာရှန်ကိုက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း ယူကရိန်းကို စစ်ရေးအရတိုက်ခိုက်စဉ် ဘီလာရုစ်နယ်စပ်တစ်နေရာမှတစ်ဆင့် စစ်မျက်နှာတစ်ခုဖွင့်ခဲ့ဖူးသည်။

အနောက်အုပ်စုနိုင်ငံများအနေဖြင့် ဘီလာရုစ်နိုင်ငံနှင့် ဘီလာရုစ်အစိုးရပျက်စီးစေရန် ကြိုးပမ်းနေသည်ဟု ဘီလာရုစ်သမ္မတက ဖေဖော်ဝါရီ ၂၄ ရက်တွင် ဝေဖန်ခွပ်စွဲထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



## ယီမင်ဟူသီအုပ်စုပစ်မှတ်များကို အမေရိကန်နှင့် ဗြိတိန်စစ်ဘက်တို့တိုက်ခိုက်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

အမေရိကန်နှင့်ဗြိတိန်စစ်ဘက်တို့သည် ဖေဖော်ဝါရီ ၂၄ ရက်တွင် ယီမင်နိုင်ငံအတွင်းရှိ ဟူသီသူပုန်ပစ်မှတ် ၂၀ နီးပါးကို လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။

ပင်လယ်နီနိုင်ငံတကာရေလမ်းကြောင်းများအား တိုက်ခိုက်မှုကို ဟူသီသူပုန်များက မြင့်တင်ပြုလုပ်လာချိန်တွင် ယီမင်နိုင်ငံအတွင်းရှိ ဟူသီသူပုန်ပစ်မှတ်များကိုတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

သို့သော် အမေရိကန်နိုင်ငံနှင့် ဗြိတိန်တို့အနေဖြင့် ဟူသီပစ်မှတ်များအား နေ့စဉ်နီးပါးတိုက်ခိုက်နေသော်လည်း ပင်လယ်နီရေကြောင်းလမ်းများတိုက်ခိုက်ခံရမှုကို တားဆီးနိုင်စွမ်းမရှိသေးကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၄ ရက်တွင်မြေအောက်လက်နက်စခန်းများ၊ဒုံးကျည်သိုလှောင်ရေးစခန်းများအပါအဝင် ဟူသီသူပုန် ပစ်မှတ် ၁၈ ခုကို လေကြောင်းဖြင့်တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်နှင့် ဗြိတိန်စစ်ဘက်တို့၏ပူးတွဲကြေညာချက်၌ ဖော်ပြထားသည်။

အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်အုပ်စုသည် အစ္စရေး၏ ဂါဇာစစ်ပွဲကိုတုံ့ပြန်သည့်အနေဖြင့် ပင်လယ်နီနိုင်ငံတကာရေကြောင်းလမ်းများကို တိုက်ခိုက်နေခြင်းဖြစ်သည်။

ဟူသီအုပ်စု၏တိုက်ခိုက်မှုများကြောင့် ကမ္ဘာ့ပင်လယ်ရေကြောင်းကုန်သွယ်ရေးလုပ်ငန်းများနှောင့်နှေးကြန့်ကြာခဲ့ရပြီး ရေကြောင်းအာမခံကြေးများလည်း မြင့်မားလာတတ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## တရုတ်ကမ်းခြေစောင့်တပ်သင်္ဘောများ ကင်မင်းကျွန်းစုအနီး ကင်းလှည့်မှုပြုလုပ်

**ပေကျင်း ဖေဖော်ဝါရီ ၂၅**

ဖူကျန်းပြည်နယ် ကမ်းစောင့်တပ်မှ ကမ်းခြေစောင့်သင်္ဘောများသည် ယနေ့တွင် ကင်မင်းကျွန်းစုဝန်းကျင်တွင် ရေကြောင်းကင်းလှည့်မှုများ ပြုလုပ်ခဲ့ကြောင်း တရုတ်ကမ်းခြေစောင့်တပ်ကသတင်းထုတ်ပြန်ထားသည်။

ကင်မင်းကျွန်းစုသည် ဖူကျန်းပြည်နယ် ကမ်းရိုးတန်းအနီးတည်ရှိပြီး တရုတ်(တိုင်ပေ)ကထိန်းချုပ်ထားသည့် ကျွန်းစုဖြစ်သည်။

သို့သော် တရုတ်ကမ်းခြေစောင့်တပ် သင်္ဘောများအနေဖြင့် ယနေ့တွင် ကင်မင်းကျွန်းစုဝန်းကျင်၌ တရားဥပဒေစိုးမိုးရေး ရေကြောင်းကင်းလှည့်မှုများပြုလုပ်ခဲ့ကြောင်း တရုတ်ကမ်းခြေစောင့်တပ် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်ကမ်းခြေစောင့်တပ်သည် ဖေဖော်ဝါရီ ၁၉ ရက်ကလည်း ကင်မင်းကျွန်းစုအနီးတွင် တရုတ်(တိုင်ပေ)အပျော်စီးသင်္ဘောတစ်စီးပေါ်သို့ တက်ရောက်စစ်ဆေးမှုများပြုလုပ်ခဲ့ကြသည်။

ကင်မင်းကျွန်းစုအနီး တရုတ်(တိုင်ပေ)ကမ်းခြေစောင့်သင်္ဘောတစ်စီးကို ရှောင်ရှားရန်ကြိုးစားစဉ် တရုတ်နိုင်ငံသား လေးဦးလိုက်ပါလာသည့်အမြန်ရေယာဉ်ငယ်တစ်စီး တိမ်းမှောက်၍ နှစ်ဦးသေဆုံးခဲ့ရပြီးနောက် ကင်မင်းကျွန်းစုအနီး ကင်းလှည့်မှုများပြုလုပ်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံက ကြေညာထားပြီးဖြစ်သည်။

တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)ကို ပြည်မကြီးခွဲထွက်နယ်မြေအဖြစ်သတ်မှတ်ထားပြီး ပြည်မကြီးနှင့် ပြန်လည်ပေါင်းစည်းရေးအတွက် စစ်ရေးအရ၊ နိုင်ငံရေးအရပါ ဖိအားပေးလျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## အိန္ဒိယနိုင်ငံ၌ လယ်ယာလုပ်ငန်းသုံးနောက်တွဲယာဉ် တိမ်းမှောက်မှုကြောင့် အနည်းဆုံး ၂၃ ဦးသေဆုံး

**ဒေလီ ဖေဖော်ဝါရီ ၂၅**

ဟိန္ဒူဘုရားဖူး ခရီးသည်များ လိုက်ပါလာသည့် လယ်ယာလုပ်ငန်းသုံး နောက်တွဲယာဉ်တစ်စီးသည် ဖေဖော်ဝါရီ ၂၄ ရက်က ဥတ္တရပရာဒေ့ရှ်ပြည်နယ်၌ လမ်းချော်တိမ်းမှောက်၍ ရေအိုင်တစ်ခုထဲတွင် ကျခဲ့ရကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

နောက်တွဲယာဉ်မတော်တဆမှုကြောင့် အနည်းဆုံး လူပေါင်း ၂၃ ဦးသေဆုံးခဲ့ရပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါလယ်ယာလုပ်ငန်းသုံး နောက်တွဲယာဉ်သည် ဂင်္ဂါမြစ်ရေချိုးပွဲသို့သွားရောက်နေစဉ် ဥတ္တရပရာဒေ့ရှ်ပြည်နယ် ကတ်စ်ဂန့်ဂျ်ခရိုင်၌ လမ်းချော်တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။



အခင်းဖြစ်ပွားချိန်တွင် အဆိုပါ နောက်တွဲယာဉ်ပေါ်၌ ဟိန္ဒူဘုရားဖူးခရီးသည် ဦးရေ ၄၀ ကျော် လိုက်ပါလာကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် လယ်ယာလုပ်ငန်းသုံး နောက်တွဲယာဉ်များဖြင့် ခရီးသည်များသယ်ယူပို့ဆောင်မှုကို ပိတ်ပင်ထားသော်လည်း ကျေးလက်ဒေသများတွင်မူ ယင်းပိတ်ပင်ချက်ကို ဖောက်ဖျက်နေကြဆဲဖြစ်သည်။

၂၀၂၂ခုနှစ်ကလည်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်မှာပင် လယ်ယာလုပ်ငန်းသုံးနောက်တွဲယာဉ် တိမ်းမှောက်မှုကြောင့် လူပေါင်း ၂၆ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## အနာဂတ် လကမ္ဘာစူးစမ်းလေ့လာရေးတာဝန်များအတွက် တည်ဆောက်ထားသော အာကာသယာဉ်သစ်များ၏အမည်များကို တရုတ်အမျိုးသားအာကာသအေဂျင်စီ ကြေညာ



**ပေကျင်း ဖေဖော်ဝါရီ ၂၅**

အာကာသယာဉ်မှူးများလိုက်ပါမည့် အနာဂတ် လကမ္ဘာစူးစမ်းလေ့လာရေး တာဝန်များအတွက် တည်ဆောက်ထားသော အာကာသယာဉ်သစ်များ၏ အမည်များကို တရုတ်အမျိုးသားအာကာသ အေဂျင်စီက ဖေဖော်ဝါရီ ၂၄ ရက်တွင် ထုတ်ဖော်ကြေညာထားကြောင်း သိရသည်။

အာကာသယာဉ်မှူးများလိုက်ပါမည့် အာကာသလူသယ်ယာဉ်သစ်ကို တရုတ်အမျိုးသားအာကာသအေဂျင်စီက မင်ကျိုးအာကာသယာဉ်ဟူ၍ အမည်ပေးထားသည်။

ထို့ပြင် လဆင်းယာဉ်သစ်ကိုလည်း လန်းယူလဆင်းယာဉ်ဟူ၍ တရုတ်အမျိုးသား အာကာသအေဂျင်စီက အမည်ပေးထားကြောင်း သိရသည်။

မင်ကျိုးဟူသောအမည်မှာ အိပ်မက်ယာဉ်ဟူ၍ အဓိပ္ပာယ်ရပြီး လန်းယူဟူသောအမည်မှာ လကိုပွေ့ဖက်ခြင်းဟူ၍ အဓိပ္ပာယ်ရသည်။

လကမ္ဘာ စူးစမ်းလေ့လာရေး အာကာသ လူသယ်ယာဉ်သစ်နှင့် လဆင်းယာဉ်သစ်တို့၏ အမည်များကို အများပြည်သူက အဆိုပြုထားသော အမည်ပေါင်း ၂၀၀၀ ခန့်ထဲမှ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်မတိုင်မီ လကမ္ဘာပေါ်သို့လူသားများစေလွှတ်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## အိန္ဒိယအာကာသအေဂျင်စီ၏ ဒုတိယမြောက် အင်္ဂါဂြိုဟ်မစ်ရှင်တွင် ရဟတ်ယာဉ်တစ်စင်း ပါဝင်နိုင်ဖွယ်ရှိ

**နယူးဒေလီ ဖေဖော်ဝါရီ ၂၅**

အိန္ဒိယအာကာသအေဂျင်စီ၏ ဒုတိယမြောက် အင်္ဂါဂြိုဟ်မစ်ရှင်တွင် ရဟတ်ယာဉ်တစ်စင်းပါဝင်နိုင်ဖွယ်ရှိကြောင်း ဖေဖော်ဝါရီ ၂၄ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် အိန္ဒိယ အာကာသအေဂျင်စီသည် အင်္ဂါဂြိုဟ်ဆင်းယာဉ်တစ်စင်းနှင့်အတူ ပျံသန်းနိုင်မည့် အင်္ဂါဂြိုဟ်ရဟတ်ယာဉ်သဘောတရားကို စတင်လေ့လာနေပြီဖြစ်သည်။

အိန္ဒိယ အာကာသအေဂျင်စီ၏ အင်္ဂါဂြိုဟ်ရဟတ်ယာဉ်သည် အင်္ဂါဂြိုဟ် မျက်နှာပြင်အထက် အမြင့်မီတာ ၁၀၀ တွင် ပျံသန်းနိုင်မည့် ရဟတ်ယာဉ် အမျိုးအစားဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၎င်း၏ဒုတိယမြောက် အင်္ဂါဂြိုဟ်မစ်ရှင်ကို ၂၀၃၀ ပြည့်နှစ် ကာလများအတွင်း လွှတ်တင်ရန် စီစဉ်ထားသည်။



အိန္ဒိယ အာကာသအေဂျင်စီသည် အင်္ဂါဂြိုဟ်ပတ်မစ်ရှင် (MDM) ကို ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

MDM အင်္ဂါဂြိုဟ်ပတ်မစ်ရှင်သည် ကမ္ဘာမြေနှင့် အဆက်အသွယ်ပြတ်တောက်ချိန် ၂၀၂၂ ခုနှစ်ထိ အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေး လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အင်္ဂါဂြိုဟ်ပေါ်သို့ ရဟတ်ယာဉ်တစ်စင်း ပထမဆုံးစေလွှတ်ခဲ့သော အာကာသအေဂျင်စီမှာ အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)ဖြစ်ပြီး အင်ဂျီနျူတီ ရဟတ်ယာဉ်ကို ၂၀၂၀ ပြည့်နှစ်တွင် လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## Intuitive Machines ကုမ္ပဏီ၏ အိုဒက်ဆပ်လဆင်းယာဉ် ပုံမှန်လည်ပတ်နေဆဲဖြစ်သော်လည်း လမျက်နှာပြင်ပေါ်၌ ဘေးတစောင်းလဲကျနေ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

Intuitive Machines ကုမ္ပဏီ၏ အိုဒက်ဆပ်လဆင်းယာဉ်သည် ပုံမှန် လည်ပတ်နေဆဲဖြစ်သော်လည်း လမျက်နှာပြင်ပေါ်၌ ဘေးတစောင်း လဲကျနေကြောင်း ဖေဖော်ဝါရီ ၂၄ ရက် သတင်းများအရ သိရသည်။

အိုဒက်ဆပ်လဆင်းယာဉ် လမျက်နှာပြင်ပေါ် ဘေးတစောင်း လဲကျနေမှုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)ကလည်း အတည်ပြုထားသည်။

အိုဒက်ဆပ်လဆင်းယာဉ်သည် မူလက လမျက်နှာပြင်ပေါ်သို့ အနေအထားမှန်မှန် ဆင်းသက်နိုင်ခဲ့သော်လည်း ဆင်းသက်ပြီးတစ်ရက်အကြာတွင် ခြေတံတစ်ချောင်းညပ်နေမှုကြောင့် ဘေးတစောင်းလဲကျသွားခြင်းဖြစ်နိုင်ကြောင်း Intuitive Machines ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Intuitive Machines ကုမ္ပဏီသည် အိုဒက်ဆပ်လဆင်းယာဉ်ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် SpaceX ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ လဆင်းယာဉ်သည် ဖေဖော်ဝါရီ ၂၁ ရက်တွင် လပတ်လမ်းအတွင်း ဝင်ရောက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၂ ရက်တွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ခဲ့သည်။

အိုဒက်ဆပ် လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်တွင် ဘေးတစောင်း လဲကျနေသော်လည်း နေစွမ်းအင်ကို ရယူနိုင်ဆဲဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## ကိုဗစ်ရောဂါ ကူးစက်ခံရပါက လူ့ခုခံအားစနစ် ပရိုတင်းတစ်မျိုးပေါ်ထွက်တတ်

**လန်ဒန် ဖေဖော်ဝါရီ ၂၅**

ကိုဗစ်ရောဂါကူးစက်ခံရပါက မောပန်းနွမ်းနယ်မှု၊ ကြွက်သားများ နာကျင်ကိုက်ခဲမှု၊ စိတ်ကျဝေဒနာတို့နှင့်ဆက်စပ်နေသော လူ့ခုခံအားစနစ် ပရိုတင်းတစ်မျိုး ပေါ်ထွက်လာတတ်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက် သတင်းများအရ သိရသည်။

ထို့ပြင် ကိုဗစ်ရောဂါလက္ခဏာများကို ဆက်လက်ခံစားနေကြရသူများ၌ အထက်ပါပရိုတင်းများ အလွန်အကျွံထွက်ပေါ်မှုမှာ တားဆီး၍မရနိုင်သည်ကို တွေ့ရကြောင်း ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ အင်တာဖာရွန်ဂမ်မာ (IFN-y)အမည်ရှိ အထက်ပါခုခံအားစနစ် ပရိုတင်းအလွန်အကျွံထွက်ပေါ်နေမှုသည် ကိုဗစ်ရောဂါလက္ခဏာများ ရေရှည်ခံစားရမှုနှင့် ဇီဝလက္ခဏာဖြစ်နိုင်ကြောင်း ဗြိတိန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် ကိုဗစ်ရောဂါကာကွယ်ဆေးများသည် IFN-y ပရိုတင်းပေါ်ထွက်မှုကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် ကိုဗစ်ရောဂါလူနာ ၁၁၁ ဦးတို့ကိုအချိန်ယူစောင့်ကြည့်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

အင်တာဖာရွန်ဂမ်မာ ပရိုတင်းသည် သာမန်အားဖြင့် အသည်းရောင်ရောဂါ စီကဲ့သို့ ဗိုင်းရပ်ကူးစက်ရောဂါများကို ကုသရာတွင် အသုံးပြုသော ပရိုတင်းတစ်မျိုးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## မျိုးဆက်ပွားကျန်းမာရေးပြဿနာရှိသူ အမျိုးသားများ၏ ရင်သွေးများ ကင်ဆာရောဂါများဖြစ်နိုင်ခြေ မြင့်မားနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၂၅**

မျိုးဆက်ပွား ကျန်းမာရေး ပြဿနာရှိသူ အမျိုးသားများ၏ ရင်သွေးများသည် အသက်ငယ်ရွယ်ချိန်မှာပင် ကင်ဆာရောဂါများဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ယူတားတက္ကသိုလ်မှ သုတေသနပညာရှင်များသည် မျိုးဆက်ပွားကျန်းမာရေး ပြဿနာများဖြင့် ရင်ဆိုင်ခဲ့ရသော အမျိုးသား ၇၈၆ ဦးတို့ကို အချိန်ယူလေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ သုက်ပိုးအရေအတွက် လွန်စွာနည်းသော သို့မဟုတ် လုံးဝမရှိသောအမျိုးသားများ၏မိသားစုဝင်များသည် သုက်ကောင်အရေအတွက် ပုံမှန်ရှိသူ အမျိုးသားများ၏ မိသားစုဝင်များထက် ကင်ဆာရောဂါများဖြစ်နိုင်ခြေ ၁၅၀ ရာခိုင်နှုန်းထိ ပိုမြင့်မားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သုက်ပိုးကောင်မရှိသူ အမျိုးသားများ၏မိသားစုဝင်ကြား၌ အရိုးနှင့်အရိုးဆက် ကင်ဆာရောဂါများ ဖြစ်နိုင်ခြေ ၁၅၆ ရာခိုင်နှုန်းမြင့်တက်လာနိုင်ကြောင်း သိရသည်။

သို့ရာတွင် အထက်ပါကင်ဆာရောဂါများနှင့် သုက်ပိုးကောင်နည်းပါးမှု၊ လုံးဝမရှိသူတို့ကြား မည်သို့မည်ပုံဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှုမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# တရုတ်လက်ရွေးစင်အသင်းက ခရိုအေးရှားနည်းပြ အီဗန်ကိုဗစ်ကို နည်းပြသစ်ခန့်အပ်

**ပေကျင်း ဖေဖော်ဝါရီ ၂၅**

တရုတ်အသင်းသည် ယခုနှစ် အာရှဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှ စောစီးစွာထွက်ခွာခဲ့ရပြီးနောက် နည်းပြဂျန်ကိုဗစ်ကို ရာထူးမှထုတ်ပယ်ခဲ့ပြီး ယခုအခါ ခရိုအေးရှားနည်းပြ အီဗန်ကိုဗစ်ကို နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့သည်။

တရုတ်နိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့်နှစ်က နည်းပြဂျန်ကိုဗစ်ကို စတင်ခန့်အပ်ခဲ့သော်လည်း ၎င်းအနေဖြင့် ယခုနှစ် အာရှဖလားပြိုင်ပွဲတွင် နှစ်ပွဲသရေ၊တစ်ပွဲရှုံးရလဒ်သာရရှိခဲ့သဖြင့် အုပ်စုအဆင့်မှ စောစီးစွာထွက်ခွာခဲ့ပြီးနောက် နည်းပြဂျန်ကိုဗစ်နှင့်လမ်းခွဲခဲ့ပြီး ယခုအခါ ခရိုအေးရှားနည်းပြ အီဗန်ကိုဗစ်ကို စတင်ခန့်အပ်ခဲ့ကြောင်း သိရသည်။

အသက် ၆၉ နှစ်ရှိ အီဗန်ကိုဗစ်သည် ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်က တရုတ်စူပါလိဂ်ပြိုင်ပွဲတွင် လူနန်အသင်းနှင့်အတူ အမှတ်ပေးဆုဖလားရရှိအောင်စွမ်းဆောင်နိုင်ခဲ့သူဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင်လည်း အိုမန်အသင်းကိုတာဝန်ယူ၍ ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့် အတွေ့အကြုံကောင်းများရှိသည့် ၎င်းကို တရုတ်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ၂၀၂၆ အာရှဇုန်ကမ္ဘာ့ဖလားခြေစစ်ပွဲများတွင် အောင်မြင်မှုရရှိရန် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြအီဗန်ကိုဗစ်အနေဖြင့် ကမ္ဘာ့ဖလား ခြေစစ်ပွဲအဖြစ် လာမည့် မတ် ၂၁ ရက်နှင့် ၂၆ ရက်တို့တွင် စင်ကာပူအသင်းနှင့် ကစားရမည့်ပွဲစဉ်များကို စတင်တာဝန်ယူသွားမည်ဖြစ်ပြီး တရုတ်လက်ရွေးစင်အသင်း အနေဖြင့် ၂၀၀၂ ကမ္ဘာ့ဖလားပြိုင်ပွဲနောက်ပိုင်း ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိတော့သောကြောင့် လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ရေးပစ်မှတ်ထားကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**



## အားကစားသတင်း အတိုအထွာများ

- ဘုန်းမောက်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်အပြီးတွင် မန်စီးတီးအသင်းဂိုးသမား အီဒါဆန်က ဂိုးမပေးရသည့် ပွဲပေါင်း ၁၁၀ ရှိလာခဲ့ပြီး ဂိုးသမားဟောင်းဂျိုးဟတ်၏ ဂိုးမပေးရသည့်ပွဲပေါင်း ၁၀၉ ပွဲစံချိန်ကိုကျော်ဖြတ်ခဲ့ကြောင်း သိရသည်။
- ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ဘိုင်ယန်မြူးနစ်အသင်းက လိုက်ပ်ဇစ်အသင်းကို တိုက်စစ်မှူးဟယ်ရီကိန်း၏ နောက်ကျသွင်းဂိုးနှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သဖြင့် ချန်ပီယံဆုကို စိန်ခေါ်နိုင်ရန် လေဗာကူဆင်အသင်းကို ဖိအားပေးနိုင်ခဲ့ကြောင်း သိရသည်။

**ML**

### ပြင်သစ်လီဂူး ပွဲစဉ် (၂၃) ရလဒ်

| | | | | |
|---|---|---|---|---|
| လန်း | ၂ | - | ၃ | မိုနာကို |
| လီဟာဗေး | ၁ | - | ၂ | ရိမ်း |
| နိုက် | ၀ | - | ၀ | ကလဲယားမောင့် |
| တူးလော့ | ၃ | - | ၁ | လိုင်လီ |

(၀၄၀)

# ပရီးမီးယားလိဂ်ငါးပွဲဆက်ဂိုးသွင်းယူနိုင်သည့် အင်္ဂလန်ကစားသမားအဖြစ် ဆာကာ မှတ်တမ်းဝင်



**လန်ဒန် ဖေဖော်ဝါရီ ၂၅**

အာဆင်နယ်အသင်းနှင့် နယူးကာဆယ်အသင်းတို့ ကစားခဲ့သည့် အမှတ်ပေးပြိုင်ပွဲတွင် အာဆင်နယ်အသင်းက လေးဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး ဆာကာသည် ပရီးမီးယားလိဂ်ငါးပွဲဆက်တိုက် ဂိုးသွင်းယူနိုင်သည့် အင်္ဂလန် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အာဆင်နယ် ကစားသမား ဆာကာသည် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ကစားခဲ့သည့် အမှတ်ပေးပြိုင်ပွဲများတွင် ဆက်တိုက်ဂိုးသွင်းယူနိုင်ခဲ့ပြီး ယခုပွဲစဉ်တွင်လည်း ပွဲကစားချိန် ၆၅ မိနစ်အရောက်တွင် အသင်းအတွက် တတိယဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် အမှတ်ပေးပြိုင်ပွဲ ငါးပွဲဆက် ဂိုးသွင်းယူနိုင်သည့် ပထမဆုံး အင်္ဂလန်ကစားသမား ဖြစ်လာခဲ့သည်။

ပရီးမီးယားလိဂ် သမိုင်းတွင် အီရန်ရိုက်က ၁၉၉၄ ခုနှစ်က စက်တင်ဘာလနှင့် နိုဝင်ဘာလ အတွင်းကစားခဲ့သည့် အမှတ်ပေးပြိုင်ပွဲများတွင် ခုနစ်ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့သည့် အင်္ဂလန်ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ပြီးနောက် ယခုအခါ ဆာကာက ပရီးမီးယားလိဂ်ငါးပွဲဆက် ဂိုးသွင်းယူနိုင်သည့် ပထမဆုံးအင်္ဂလန်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး အီရန်ရိုက်၏စံချိန်ကိုလိုက်မီရန် နီးစပ်နေသည်။

အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်းသည်ပွဲစကတည်းက နယူးကာဆယ်အသင်းကို ဖိအားပေးကစားနိုင်ခဲ့ရာ ပွဲချိန် ၁၈ မိနစ်တွင် ဦးဆောင်ဂိုး၊ ပွဲချိန် ၂၄ မိနစ်၊ပွဲချိန် ၆၅ မိနစ်နှင့် ပွဲချိန် ၆၉ မိနစ်တို့တွင် ဂိုးများဆက်တိုက်သွင်းယူနိုင်ခဲ့ပြီး နယူးကာဆယ်အသင်းက ပွဲချိန် ၈၄ မိနစ်တွင် ချေပဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့သဖြင့် လေးဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# Los Cabos Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို တွမ်ဆင် ဆွတ်ခူး

**လော့စ်ကာဘိုစ် ဖေဖော်ဝါရီ ၂၅**

မက္ကဆီကိုနိုင်ငံ လော့စ်ကာဘိုစ်မြို့တွင် ကျင်းပခဲ့သည့် Los Cabos Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဩစတြေးလျ တင်းနစ်ကစားသမား တွမ်ဆင်နှင့် နော်ဝေ တင်းနစ်ကစားသမား ကပ်စပါရုဒ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ တွမ်ဆင်က(၆-၃၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုဖလားကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကပ်စပါရုဒ်သည် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန် ရေပန်းစားနေသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်သော်လည်း ဗိုလ်လုပွဲစဉ်တွင် ပုံမှန်လက်စွမ်းပျောက်ဆုံးခဲ့သည်။

တွမ်ဆင်အနေဖြင့် ဆီမီးဖိုင်နယ်အဆင့်တွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားနေသည့် ဂျာမနီအဆင့်(၁) တင်းနစ်ကစားသမားဇီရက်ဗ်ကို အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲစဉ်အဆင့်ကိုတက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

တွမ်ဆင်သည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ပထမဦးဆုံးသော ATP Tour ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့အဆင့်ကစားသမားကိုအနိုင်ရရှိကာ အိပ်မက်ကို အကောင်အထည် ဖော်နိုင်ခဲ့ခြင်းအပေါ် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။



တွမ်ဆင်က “ဒီပြိုင်ပွဲအတွက် ကျွန်တော် အများကြီးပြင်ဆင်ခဲ့တယ်။ အချိန်ပေးပြီးတော့လေ့ကျင့်မှုတွေပြုလုပ်ခဲ့တယ်။ ကျွန်တော့်အနေနဲ့ကစားသမားဘဝသက်တမ်းတစ်လျှောက် ATP Tour မှာ ချန်ပီယံဆုဖလားကို မရဖူးသေးတဲ့ အတွက်ကြောင့် ဒီပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ ကျွန်တော်ပစ်မှတ်ထားပြီး ကြိုးစားခဲ့တယ်။ ကြိုးစားခဲ့တဲ့အတိုင်း အိပ်မက်တွေတကယ်ဖြစ်လာတဲ့အတွက်ကြောင့် ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်တော်ဒီထက်ပိုပြီးကြိုးစားသွားမယ်”ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ၂၀၂၃ ခုနှစ်အတွင်း ဂျာစီရောင်းချမှုမှ ဝင်ငွေအများဆုံးရသည့်အသင်းတွင် ဘာစီလိုနာနှင့်ရီးရဲလ်မက်ဒရစ်တို့ ထိပ်ဆုံးမှဦးဆောင်

**မက်ဒရစ် ဖေဖော်ဝါရီ ၂၅**

ဥရောပထိပ်သီးကလပ်အသင်းများ၏ ၂၀၂၃ ခုနှစ်အတွင်း ဂျာစီရောင်းချမှုမှ ဝင်ငွေအများဆုံးရရှိထားသည့် အသင်းများတွင် စပိန်လာလီဂါမှ ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ် အသင်းတို့က ထိပ်ဆုံးတွင် ဦးဆောင်လျက်ရှိသည်။

ယူအီးအက်ဖ်အေ၏ ဘဏ္ဍာငွေနှင့်ရင်းနှီးမြှုပ်နှံမှု အစီရင်ခံစာအရ ဂျာစီရောင်းချမှုမှ ဝင်ငွေရရှိသည့်အသင်းများတွင် ဘာစီလိုနာအသင်းက စတာလင်ပေါင် ၁၅၃ သန်းဖြင့် အဆင့်(၁)၊ ရီးရဲလ်မက်ဒရစ်အသင်းက စတာလင်ပေါင် ၁၃၂ သန်းဖြင့် အဆင့်(၂)၊ ဘိုင်ယန်မြူးနစ်အသင်းက စတာလင်ပေါင် ၁၂၆ သန်းဖြင့် အဆင့်(၃)၊လီဗာပူးအသင်းက စတာလင်ပေါင် ၁၁၃ သန်းဖြင့် အဆင့်(၄)၊ မန်ယူအသင်းက စတာလင်ပေါင် ၁၁၁ သန်းဖြင့် အဆင့်(၅)၊ပီအက်စ်ဂျီအသင်းက စတာလင်ပေါင် ၈၃ သန်းဖြင့် အဆင့်(၆)၊ အာဆင်နယ်အသင်းက စတာလင်ပေါင် ၇၆ သန်းဖြင့် အဆင့်(၇)၊ ချဲလ်ဆီးအသင်းက စတာလင်ပေါင် ၇၄ သန်းဖြင့် အဆင့်(၈)၊ ဂျူဗင်တပ်အသင်းက စတာလင်ပေါင် ၆၃ သန်းဖြင့် အဆင့်(၉)၊ စပါးအသင်းက စတာလင်ပေါင် ၆၃ သန်းဖြင့် အဆင့်(၁၀)တို့တွင် အစဉ်လိုက် ရပ်တည်နိုင်ခဲ့သည်။

အဆိုပါ ကလပ်အသင်းများ၏ ဂျာစီစပွန်ဆာကုမ္ပဏီများမှာ Nike နှင့် Adidas အားကစားကုမ္ပဏီ နှစ်ခုဖြစ်ပြီး ယင်းဂျာစီရောင်းချမှုများကိုလွှမ်းခဲ့သည့် ဆယ်စုနှစ်ငါးခုကတည်းက သက်ဆိုင်ရာကလပ်အသင်းများ၏ အရောင်းဆိုင်များတွင်စတင်ရောင်းချပေးခဲ့ပြီး အသင်းတစ်သင်း၏ အကျိုးအမြတ်များသည် ဝင်ငွေရလမ်းတစ်ခုအဖြစ် ရှိလာခဲ့သည်။

ပြီးခဲ့သည့် ဘောလုံးရာသီက ဂျာစီရောင်းချမှုတွင် ပရီးမီးယားလိဂ်ကလပ် လီဗာပူးအသင်းနှင့် မန်ယူအသင်းတို့က ဝင်ငွေရရှိမှုအများဆုံးဖြစ်ခဲ့သော်လည်း ယခုနှစ်တွင် ပရီးမီးယားလိဂ်ကလပ်အသင်းများကိုဖြတ်ကျော်ကာ စပိန်ကလပ်အသင်းများက ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# Honda LPGA Thailand ချန်ပီယံဆုကို တာဗာတာနာကစ် ဆွတ်ခူး




**ပတ္တရား ဖေဖော်ဝါရီ ၂၅**

ထိုင်းနိုင်ငံ ပတ္တရားမြို့တွင် ကျင်းပခဲ့သည့် Honda LPGA Thailand ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ထိုင်းဂေါက်သီးရိုက်မယ် တာဗာတာနာကစ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၁ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆွစ်ဇာလန်ဂေါက်သီးရိုက်မယ် ဗာလန်ဇွဲလားက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နိုင်ခဲ့ပြီး တောင်ကိုရီးယားဂေါက်သီးရိုက်မယ်များဖြစ်ကြသည့် ချိုင်ဟဲဂျင်၊ ကင်မ်ဆီယန်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

အသက် ၂၄ နှစ်အရွယ် တာဗာတာနာကစ်သည် မွေးရပ်မြေတွင် အကောင်းဆုံး လက်စွမ်းပြကစားနိုင်ခဲ့ပြီး နာမည်ကြီးဂေါက်သီးရိုက်မယ်များကိုကျော်ဖြတ်ကာ ချန်ပီယံဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး ၂၀၀၆ ခုနှစ်နောက်ပိုင်း ထိုင်းနိုင်ငံ၌ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ချန်ပီယံဆုကို ပထမဦးဆုံးဆွတ်ခူးခဲ့သည့် ထိုင်းဂေါက်သီးရိုက်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

တာဗာတာနာကစ်က "အရိုးသားဆုံးဝန်ခံရရင် ကျွန်မအနေနဲ့ ဒီအောင်မြင်မှုနဲ့ပတ်သက်ပြီးတော့ ဘာပြောလို့ ပြောရမှန်းမသိတော့ဘူး။ နောက်ဆုံးနေ့ဖြစ်တဲ့အတွက်ကြောင့် ဒီနေ့မှာတော်တော်လေးကို စိတ်လှုပ်ရှားမိတယ်။ အတတ်နိုင်ဆုံးတော့ စိတ်လှုပ်ရှားနေတာကို ထိန်းသိမ်းပြီး ရလဒ်ကောင်းရဖို့ အကောင်းဆုံး ကြိုးစားခဲ့တယ်။ ကျွန်မအနေနဲ့ပြိုင်ပွဲစပြိုင်ကတည်းက မွေးရပ်မြေမှာ အောင်မြင်မှုရချင်တယ်။ မွေးရပ်မြေမှာချန်ပီယံဆုဖလားကို ကိုင်မြှောက်ခွင့်ရဖို့က ကျွန်မရဲ့အိပ်မက်တစ်ခုပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာ (အမျိုးသားအမျိုးသမီး)ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာ (အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီခွဲမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဘိလိယက်နှင့် စနူကာ အားကစားပြိုင်ပွဲရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် 6 Red Snooker Single Men ပြိုင်ပွဲ၊ Billiards Single Men ပြိုင်ပွဲ၊9 Ball Pool (Men၊ Women) ပြိုင်ပွဲ ပွဲစဉ်များကိုအသီးသီး ယှဉ်ပြိုင်ခဲ့ပြီး အဆိုပါပြိုင်ပွဲသို့ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာ(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး 15 Red Snooker ပြိုင်ပွဲ၊ 9 Ball Women S ပြိုင်ပွဲ၊ 9 Ball Men S ပြိုင်ပွဲ၊ Billiards Double ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာ(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲကို နေပြည်တော်ကောင်စီနယ်မြေ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၁၀ သင်း ပြိုင်ပွဲဝင် အားကစားသမား ၁၅၄ ဦးဖြင့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဘိလိယက်နှင့် စနူကာ အားကစားပြိုင်ပွဲရုံတွင် မတ် ၁ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# လီဗာပူးအသင်းက နည်းပြသစ်စာရင်းတွင် နာဂျယ်စမန်းနှင့် အာမိုရင်တို့ကိုထည့်သွင်းထား

**လန်ဒန် ဖေဖော်ဝါရီ ၂၅**

လီဗာပူးအသင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းနှင့်လမ်းခွဲမည့် နည်းပြကလော့ပ်၏ နေရာအတွက် နည်းပြသစ်ခန့်အပ်ရန်ကြိုးပမ်းနေသည့် စာရင်းတွင် လက်ရှိဂျာမနီအသင်း နည်းပြ နာဂျယ်စမန်းနှင့် စပို့တင်းလစ္စဘွန်းအသင်းနည်းပြအာမိုရင်တို့ကိုလည်း ထည့်သွင်းထားကြောင်း သိရသည်။

လီဗာပူးအသင်းကို ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့သည့် နည်းပြကလော့ပ်သည် အသင်းကို ဥရောပထိပ်တန်းအသင်း တစ်သင်းပြန်ဖြစ်အောင် တည်ဆောက်နိုင်ခဲ့ကာ ချန်ပီယံလိဂ်ဖလား၊ ပရီးမီးယားလိဂ်ဖလား အပါအဝင် ဆုဖလားများစွာကို ဆွတ်ခူးပေးနိုင်ခဲ့ပြီး အသင်းနှင့်စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေသေးသော်လည်း ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့်လမ်းခွဲရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

လီဗာပူးအသင်းက အစောပိုင်းက နည်းပြသစ်အဖြစ် အသင်းမှ ကစားသမားဟောင်းတစ်ဦးဖြစ်ပြီး လက်ရှိ လေဗာကူဆင်အသင်းကို ရလဒ်ကောင်းများရရှိအောင်စွမ်းဆောင်ပေးထားသည့် နည်းပြ အလွန်ဆိုကို ဦးစားပေးပစ်မှတ်အဖြစ်ခန့်အပ်ရန် ကြိုးပမ်းနေသော်လည်း လက်ရှိတွင် အလွန်ဆိုကို ဘိုင်ယန်မြူးနစ်အသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ကပါ နည်းပြသစ်ခန့်အပ်ရန် အပြိုင်ကြိုးပမ်းနေသည့်အတွက် ခက်ခဲနိုင်သည့် အခြေအနေများကြောင့် အခြားပစ်မှတ်အဖြစ် နည်းပြ နာဂျယ်စမန်းနှင့် အာမိုရင်တို့ကိုပါ ပစ်မှတ်ထားနေခြင်းဖြစ်သည်။

နည်းပြ နာဂျယ်စမန်းသည် ဂျာမန်ထိပ်တန်း အသင်းကြီးများဖြစ်သည့် လိုက်ပ်ဇစ်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ကိုတာဝန်ယူကိုင်တွယ်ခဲ့ကာ နည်းစနစ်ကောင်းမွန်သည့် နည်းပြအဖြစ် နာမည်ကြီးခဲ့သကဲ့သို့ နည်းပြ အာမိုရင်သည်လည်း စပို့တင်းလစ္စဘွန်းအသင်းကို ဥရောပထိပ်တန်းအသင်း တစ်သင်းဖြစ်အောင် ဦးဆောင်နိုင်သည့်အတွက် လီဗာပူးအသင်းက ၎င်းတို့နှစ်ဦးကိုလည်း နည်းပြသစ်ခန့်အပ်ရန်အတွက် ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# WBC၊ WBO ဘင်တန်ဝိတ်တန်း လက်ရှိချန်ပီယံဆုကို သောစလန်း ကာကွယ်နိုင်ခဲ့

**ကိုပင်ဟေဂင် ဖေဖော်ဝါရီ ၂၅**

WBC၊ WBO ဘင်တန်ဝိတ်တန်း ကာကွယ်ပွဲစဉ်အဖြစ် ဒိန်းမတ်လက်ဝှေ့မယ် သောစလန်းနှင့် စိန်ခေါ်သူစပိန်လက်ဝှေ့မယ် ရှိမီရှိတို့ ဖေဖော်ဝါရီ ၂၄ ရက်တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် ထိုးသတ်ခဲ့ရာ သောစလန်းက ဒိုင်အမှတ်ဖြင့်အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုများကို ကာကွယ်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ရှိမီရှိသည် အစောပိုင်းအချီများတွင် ဘယ်ညာတွဲလုံးများဖြင့် လက်ရှိချန်ပီယံ သောစလန်းကို ဖိအားပေးထိုးသတ်နိုင်ခဲ့ပြီး ချန်ပီယံကိုစိန်ခေါ်နိုင်သည့် စွမ်းဆောင်ရည်မျိုးပြနိုင်ခဲ့သော်လည်း သောစလန်းက လက်ရှိချန်ပီယံတစ်ဦး၏ စွမ်းဆောင်ရည်မျိုးကို ပြသကာ လက်ရှိချန်ပီယံဆုကိုအကောင်းဆုံး ကာကွယ်နိုင်ခဲ့သည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် အမှတ်(၁)ဒိုင်က (၆၉-၆၄) ရမှတ်ဖြင့်လည်းကောင်း၊ အမှတ်(၂)ဒိုင်က (၇၀-၆၃)ရမှတ်ဖြင့်လည်းကောင်း၊ အမှတ်(၃)ဒိုင်က (၇၀-၆၃) ရမှတ်ဖြင့် လည်းကောင်း သောစလန်းကို အနိုင်ပေးခဲ့သည်။

သောစလန်းက "ကျွန်မအတွက် အရမ်းကိုခက်ခဲတဲ့ စိန်ခေါ်ပွဲဖြစ်ပါတယ်။ ရှိမီရှိဟာ ကျွန်မဆီက ချန်ပီယံခါးပတ်ကိုရယူနိုင်ဖို့အတွက် ဖိအားပေးလာတယ်။ ကျွန်မအနေနဲ့ အာရုံစိုက်ပြီးတော့ ရှိမီရှိကိုတုံ့ပြန်ခဲ့တယ်။ အစောပိုင်းမှာသူက ကျွန်မကို ဖိအားပေးခဲ့တယ်။ တော်တော်လေးလဲ ခက်ခက်ခဲခဲ ရင်ဆိုင်ခဲ့ရတယ်။ နောက်ပိုင်းအချီတွေမှာတော့ ကျွန်မသူ့ကိုတစ်ဖက်သတ် ဖိအားပေးနိုင်ခဲ့ပါတယ်။ အစောပိုင်းမှာ ဖိအားပေးခံခဲ့ရတာက သူ့ရဲ့အထာကိုမသိသေးတာလဲပါတယ်။ နောက်ပိုင်းအချီတွေမှာ သူ့ကို ဘယ်လိုတုံ့ပြန်ရမလဲဆိုတာ သိလာတဲ့အတွက် ကျွန်မအနေနဲ့ အကောင်းဆုံး ဖိအားပေးထိုးသတ်နိုင်ခဲ့တယ်။ ခက်ခဲတဲ့ပြိုင်ပွဲတစ်ယောက်ကို အခုလိုပြတ်သားတဲ့ ရလဒ်တွေနဲ့အနိုင်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ၂၀၀၃ ခုနှစ်နောက်ပိုင်း မန်ယူအသင်းအိမ်ကွင်းတွင်အနိုင်ရရှိခဲ့သည့် ပထမဆုံးဖူလ်ဟမ်အသင်းနည်းပြအဖြစ် နည်းပြမာကိုဆေးဗားလ်မှတ်တမ်းဝင်



**မန်ချက်စတာ ဖေဖော်ဝါရီ ၂၅**

ပရီးမီးယားလိဂ်ပွဲစဉ်(၂၆)အဖြစ် ကစားခဲ့သည့် မန်ယူအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ ပွဲစဉ်တွင် ဖူလ်ဟမ်အသင်းက မန်ယူအသင်းအိမ်ကွင်းတွင် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ၂၀၀၃ ခုနှစ်နောက်ပိုင်း မန်ယူအသင်းအိမ်ကွင်းတွင် နိုင်ပွဲရရှိခဲ့သည့် ပထမဆုံး ဖူလ်ဟမ်အသင်း နည်းပြအဖြစ် နည်းပြမာကိုဆေးဗားလ်က မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဖူလ်ဟမ်အသင်းက အဝေးကွင်းတွင် မန်ယူအသင်းကို အခက်တွေ့အောင် ကစားနိုင်ခဲ့ပြီး ပွဲချိန် ၆၅ မိနစ်တွင် ခံစစ်ကစားသမား ဘက်ဆေးက ဖူလ်ဟမ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ကာ ပွဲချိန် ၈၉ မိနစ်တွင် ခံစစ်ကစားသမား မက်ဂွဲယားက မန်ယူအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် မိနစ် ၉၀ အပြီး နာကျင်အချိန်ပိုလေးမိနစ်တွင် အီဝိုဘီက ဖူလ်ဟမ်အသင်းအတွက် အနိုင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်၌ ဖူလ်ဟမ်အသင်းက မန်ယူအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

ဖူလ်ဟမ်အသင်းသည် မန်ယူအသင်းအိမ်ကွင်း၌ နောက်ဆုံးအကြိမ်အနိုင်ရရှိခဲ့ခြင်းမှာ ပြီးခဲ့သည့် ၂၀၀၃ ခုနှစ်က သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါပွဲစဉ်အပြီး မန်ယူအသင်းအိမ်ကွင်းတွင် ရလဒ်ကောင်းရယူနိုင်ခြင်းမရှိခဲ့ဘဲ ယခုအခါ ၂၁ နှစ်အကြာမှသာ မန်ယူအသင်းအိမ်ကွင်း၌ နိုင်ပွဲပြန်လည်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

**အီတလီစီးရီးအေ ပွဲစဉ် (၂၆) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၃ | - | ၂ | ဖရိုစီဝမ်း |
| ကက်ဂလီယာရီ | ၁ | - | ၁ | နာပိုလီ |

**စပိန်လာလီဂါ ပွဲစဉ် (၂၆) ရလဒ်**

| | | | | |
|---|---|---|---|---|
| ကာဒီဇက် | ၂ | - | ၂ | ဆဲလ်တာဗီဂို |
| ဘက်တစ် | ၃ | - | ၁ | ဘီလ်ဘာအို |

(၀၄၀)

# ဆရာပန်းမော်တင်အောင်၏ ငြေ၀တ္ထုကို ခံစားကြည့်ခြင်း

ပုသိမ်အောင်သန်းဦး

ငြေဆိုသည်မှာ ဆရာပန်းမော်တင်အောင်၏ နာမည်ကြီး ဇာတ်လိုက်ဖြစ်သည်။ ပြီးတော့ သူက လယ်သမား သူပုန်ဗိုလ်ကြီး တစ်ယောက်လည်းဖြစ်သည်။ သူ့အမည်ကို ကျွန်တော်တို့ငယ်ငယ်ကတည်းက ကြားဖူးခဲ့သည်။ ငြေနှင့် ပတ်သက်ပြီး ဆရာပန်းမော်တင်အောင်က "ဗိုလ်ချုပ်ကြီးနေဝင်း၏ ကြားဖြတ်အစိုးရလက်ထက်တွင် သူ ဖမ်းဆီးထောင်ချခြင်း ခံရပြန်သောအခါ အချိန်ပိုအချိန်ကို များစွာရရှိခဲ့သဖြင့် ကျွန်တော်သည် ငြေအမည်ရှိ ဤ၀တ္ထုရှည်ကို စတင်ရေးသားနိုင်ခြင်းဖြစ်သည်"ဟု အမှာစာတွင် ရေးသားထားသည်။ ထို့ကြောင့် ငြေ၀တ္ထုရှည်သည် ဆရာပန်းမော်တင်အောင် ထောင်ထဲတွင် ရေးသားခဲ့သည့်၀တ္ထုဟု ဆိုနိုင်သည်။

"မူလရေးသားရန် ကြံရွယ်ပြင်ဆင်ချိန်က ဗြိတိသျှကိုလိုနီနယ်ချဲ့သမားများကို ရဲရဲရင့်ရင့် ခုခံတိုက်ခိုက်ခဲ့သော တောင်သူလယ်သမားသူပုန် ဗိုလ်ကြီးတစ်ယောက်ကို ဂုဏ်ပြုလိုသည့် သဘောလောက်နှင့်သာ ရေးသားရန်ဖြစ်သည်။ သို့ရာတွင်လက်တွေ့ရေးသားခြင်းပြုရန် အားထုတ်သောအခါ သူပုန်ဗိုလ်ကြီးတစ်ဦးတစ်ယောက်၏ အကြောင်းအရာနှင့် သူ၏စွန့်စားတိုက်ခိုက်ရာ အကြောင်းအရာမျှသာ မဟုတ်တော့ချေ။ ထိုသူပုန်ဗိုလ်ကြီးငြေကို ပေါက်ဖွားမွေးထုတ်ခြင်းပြုလိုက်သောအခါ တောင်သူလယ်သမားများ၏ ကိုလိုနီစနစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေးအတွက် ခုခံတိုက်ခိုက်ခဲ့ကြသော ၁၉၃၀-၁၉၃၁ ခုနှစ် လယ်သမားစစ်ပွဲတစ်ခုလုံး၏ အကြောင်းအရာ အဖြစ်အပျက်များကို ရေးသားမိမှန်း သိလာပါသည်။ တကယ်ဆို သစ်တောကြီးတစ်ခုလုံး၏ အစိတ်အပိုင်းတစ်ခုမျှသာဖြစ်သော သစ်ပင်တစ်ပင်၏ အကြောင်းကို ရေးသားသောအခါ ထိုသစ်ပင်၏ ဘေးပတ်လည်မှ သစ်တောကြီး၏ အကြောင်းသည် ခွဲခြားချန်ထား၍မရဘဲ ပါလာရပါသည်" ဟု ဆရာပန်းမော်တင်အောင်က အထက်ပါအတိုင်းမှတ်ချက်ချခဲ့သည်။

ငြေ၏ ဘ၀ဇာတ်လမ်းမှာ ငြေ၊ ထားကြည်၊ မယ်အိမ် စသည့်ဇာတ်ကောင်များနှင့် ယှက်နွယ်ထားသော်လည်း တကယ့်နောက်ခံသမိုင်းကြီးမှာ သာယာ၀တီ၊ သုံးဆယ်နယ်တစ်ဝိုက်တွင် တောင်သူလယ်သမားများ၏ ဘ၀ကို အခြေခံရေးဖွဲ့ထားသည့် တောင်သူလယ်သမားအရေးတော်ပုံကြီးကို သရုပ်ဖော်ထားခြင်းသာဖြစ်သည်။

၁၉၃၁ ခုနှစ်ခန့်က ဖြစ်ပျက်နေသည့် မြန်မာနိုင်ငံတစ်လွှားမှ တောင်သူလယ်သမားတို့၏ ဘ၀အခြေအနေကို တင်ပြရာမှာ-

"မြန်မာနိုင်ငံမှ မိမိတို့၏အင်ပါယာနှင့် နယ်ချဲ့စီမံကိန်းအတွက် လိုအပ်နေသော ဆန်၊ စပါးများကိုအရေးတကြီးအလိုရှိနေသော ဗြိတိသျှကိုလိုနီဝါဒသမားများသည် မိမိတို့နှင့်မြန်မာနိုင်ငံတောင်သူလယ်သမားများကြားတွင် ကြားလူအဖြစ် ဝင်ရောက်အောင်သွယ်ပေးသော ချစ်တီးကုလားများကို ၎င်းတို့၏လူရင်းများအဖြစ် အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်ပေးကြလေသည်။ ချစ်တီးများလိုသလောက်ငွေကို ၎င်းတို့၏ ဘဏ်တိုက်ကြီးငယ်များမှ သက်သာသောအတိုးနှုန်းထားဖြင့် လွယ်လွယ်ကူကူချေးငှားကြသည်။ ချစ်တီးများက တောင်သူလယ်သမားများကို မတရားသဖြင့် အတိုးကြီးများယူငင်ကာ ထင်သလိုသွေးစုပ်နေကြသည်ကို တရား၀င်အသိအမှတ်ပြုရုံသာမက အကူအညီလည်းပေးကြလေသည်။ ထို့ကြောင့် ချစ်တီးများသည် မြန်မာနိုင်ငံ တောင်သူလယ်သမားများအပေါ်၌ အနိုင်ကျင့်ချင်တိုင်း ကျင့်ကြလေတော့သည်"ဟု ဖြစ်သည်။

ချစ်တီးများ အနိုင်ကျင့်ကြပုံကို ဆရာပန်းမော်တင်အောင်က ဤသို့ဖော်ပြထားသည်။

"ငွေ ၅၀၀ ဖြင့်ပေါင်ထားသော လယ်မြေတစ်ကွက်ကို ပြန်လည်၍မရွေးနိုင်၊ အတိုးလည်းမဆပ်နိုင်သဖြင့် လေးငါးနှစ်အကြာတွင် အတိုးရော အရင်းပါ ငွေ ၁၀၀၀ ခန့်ဖြစ်သွားလေသည်။ အတိုးကအရင်းကိုမီ၍လာသောအခါ ချစ်တီးသည် ထိုလယ်ကို ပေါင်နှံထားသော လယ်သမားထံမှ သိမ်းယူလိုက်လေသည်။ ဤသို့ဖြင့် လယ်သမားထောင်ပေါင်းများစွာတို့သည် ချွတ်ခြုံကျကာ လယ်မဲ့ယာမဲ့ဖြစ်သွားကြတော့သည်။ လယ်ဧက သန်းပေါင်းမြောက်မြားစွာတို့သည်လည်း သူတို့၏လက်ထဲမှ ချစ်တီးကုလားများ၏လက်ထဲသို့ ရောက်ရှိသွားကြလေတော့သည်။

ဤကဲ့သို့ ချစ်တီးများနိုင်စက်၍ တောင်သူလယ်သမား ထောင်ပေါင်းများစွာတို့သည် အကြွေးလည်းပင်းခိုက်သွားကြလေတော့သည်။ လယ်မဲ့ယာမဲ့ဖြစ်သူတွေကဖြစ်၊ ဒုက္ခဆင်းရဲများစွာ ရောက်ရှိနေကြကာ မငြိမ်မသက်မှုများဖြစ်လာကြရာ အင်္ဂလိပ်ကိုလိုနီအစိုးရသည် အကြောင်းရင်းကိုမရှာဖွေဘဲ၊ မစူးစမ်းဘဲ အကြမ်းဖက်နှိမ်နင်းမှုများ ပြုလာကြသောအခါ မြန်မာလယ်သမားများသည် ဘ၀ရပ်တည်နိုင်မှုမရှိအောင်ပင် ဖြစ်ခဲ့ကြလေသည်။

ဤအချိန်တွင် ၎င်းတို့၏အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော ဆန်၊ စပါးဈေးများ ကျွမ်းစိုက်ကျဆင်းလာပြန်သောအခါ ၎င်းတို့၏အဖြစ်သည် ဒယ်အိုးကင်းထဲမှ မီးပုံထဲ ခုန်ဆင်းရသည့်ဘ၀သို့ ဆိုက်ရောက်သွားလေသည်"ဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ ဆန်၊ စပါးအရောင်းအ၀ယ်ကို လက်၀ါးကြီးအုပ်ထားသော ဗြိတိသျှအရင်းရှင်ကုမ္ပဏီကြီးများသည် "ဘူလင်ဂျာပူးလ်"အမည်နှင့် သူတို့အချင်းချင်း ပူးပေါင်းလိုက်ကြကာ မြန်မာနိုင်ငံ၏ ဆန်၊ စပါးဈေးကို ပစ်ချလိုက်ကြတော့သည်။ ပထမကမ္ဘာစစ်ကြီးအပြီးတွင် စပါးဈေးက ငွေ ၁၀၀ ရှိနေရာကနေ ငွေ ၆၀ ဈေးထိ မြန်မာလယ်သမားထုအပေါ် တရကြမ်းဈေးချကာ မြန်မာလယ်သမားထုအပေါ် ကြောက်ခမန်းလိလိ သွေးစုပ်ကြလေတော့သည်။ ထို့ပြင် ဗြိတိသျှများသည် ကမ္ဘာ့ဆန်၊ စပါးဈေးကွက်တွင် ဈေးတင်ရောင်းချကြရာ သူတို့တွေမှာကား အမြတ်ငွေများစွာ ရရှိလေသည်။

ဤသို့ ဗြိတိသျှကိုလိုနီနယ်ချဲ့များ ချမ်းသာကြပြီး မြန်မာတောင်သူလယ်သမားများ ဒုက္ခရောက်နေကြချိန်တွင် ဗြိတိသျှကိုလိုနီနယ်ချဲ့ အုပ်ချုပ်ရေးအတွက် လူခွန်တော်ငွေများကို အတင်းအဓမ္မ လုယူကောက်ခံကြပြန်သည်။

လယ်သမားထုကြီးမှာ ပေးစရာလည်းငွေမရှိ၊ ပြေးစရာလည်း မြေမရှိအဖြစ်မျိုးနှင့် ကြုံခဲ့ကြရပြန်သည်။ ဤသို့ အခက်တွေ့နေကြခိုက် အင်္ဂလိပ်တပ်သားများသည် လူ့ခွန်တော်မပေးနိုင်သည့် သစ်ရာကုန်းရွာသားများကို ဖမ်းဆီးထောင်ချကြသောအခါ အခြားအခြားသော ကျေးရွာများမှ တောင်သူလယ်သမားအများစုသည်လည်း မိမိတို့အလှည့်ကိုစောင့်ရင်း အံကြိတ်လက်သီးဆုပ်ကာ လာမဲ့ဘေးဘယ်သို့ပြေတွေ့ရပါမည်နည်းဟု သောကပွားကာ နေကြရသည်။

သို့ဖြင့် မြန်မာလယ်သမားထုကြီးသည် ဖိနှိပ်စော်ကားမှုဒဏ်၊ ငတ်ပြတ်မှုဒဏ်ကို မခံစားနိုင်တော့ဘဲ "ငတ်၍ တော့မသေ၊ တိုက်ရင်းသေတော့မည်"ဟု ကြွေးကြော်ပြီး သာယာ၀တီမှ ဆေးဆရာကြီးဆရာစံ ဦးဆောင်သော လယ်သမားတပ်ဖွဲ့ကြီးကို တည်ထောင်ကြ၍ သာယာ၀တီ၊ သုံးဆယ်နယ်ရှိအလုံတောင် စခန်းတွင်အခိုင်အမာပြုကာ နယ်ချဲ့ဗြိတိသျှတို့ကို ထောင်ထားပုန်ကန်ကြပါတော့သည်။

အဓိကသမိုင်းက ဆရာစံဦးဆောင်သော တောင်သူလယ်သမားအရေးတော်ပုံကြီးပါ။ ငြေကတော့ တောင်သူလယ်သမား အရေးတော်ပုံကြီးတွင် နယ်ချဲ့အင်္ဂလိပ်တို့ကို တောင်သူလယ်သမားများ၏ ရှေ့မှ ဦးဆောင်တိုက်ခိုက်ခဲ့သော ဗိုလ်ကြီးပါ။

ဆရာစံ ဦးဆောင်ပြီး သူပုန်ဗိုလ်ကြီး ငြေတို့၏ တောင်သူလယ်သမားတပ်ကြီးသည် စစ်ရေးဗျူဟာကျွမ်းကျင်ပိုင်နိုင်သည့် တပ်ကြီးမဟုတ်သကဲ့သို့ခေတ်မီလက်နက်များတပ်ဆင်ထားသော တပ်ကြီးလည်း မဟုတ်ပါ။ တောင်သူလယ်သမားတို့၏ လူတန်းစားစစ်ပွဲကို တစ်မျိုးသားလုံး၏စစ်ပွဲကြီးအဖြစ်လည်း မဖန်တီးနိုင်ခဲ့ကြပါ။ ကျေးလက်လယ်သမားတို့၏ တော်လှန်ရေးစစ်ပွဲသာဖြစ်ပြီး မြို့နယ်ပြည်သူလူထုကပါဝင်ပတ်သက်ခြင်းလည်း မရှိကြပါ။ ခေတ်မီသော ခေါင်းဆောင်မှုနှင့် စနစ်တကျစည်းရုံးသိမ်းသွင်းမှုလည်းမပြုနိုင်ခဲ့ပါ။

ဗြိတိသျှကိုလိုနီအစိုးရကား အိန္ဒိယစစ်သူပုန်ထကြွမှု၊ အာဖဂန်စစ်ပွဲ၊ အနောက်မြောက်စစ်ပွဲအတွေ့အကြုံများရှိသောကြောင့် မြန်မာနိုင်ငံက လယ်သမားသူပုန်များကို အလွယ်တကူနှိမ်နင်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဤဇာတ်လမ်းတွင် ငြေက ဇာတ်လိုက်ဟုဆိုနိုင်သော်လည်း တကယ့်ဇာတ်လိုက်မှာ ဆင်းရဲပြီး လယ်မဲ့ယာမဲ့ အကြွေးများခေါင်းခိုက်နေကာ လယ်လုပ်ရင်း ထမင်းငတ်နေကြသည့် မြန်မာနိုင်ငံတစ်လွှားက တောင်သူလယ်သမားများသာ ဖြစ်ကြသည်။

၁၉၃၀-၁၉၃၁ ခုနှစ်က မြန်မာနိုင်ငံရှိ များလှစွာသော တောင်သူလယ်သမားတို့၏ ဘ၀ကိုထင်ဟပ်စေသည့် ၀တ္ထုကြီးတစ်ပုဒ်ပါ။

ဤ၀တ္ထုတွင် မယ်အိမ်၏ သရုပ်က ပီသလှသည်။ ငြေအပေါ်ထားရှိသည့် မယ်အိမ်၏ မေတ္တာသည်လည်း ပေါ်လွင်လှသည်။ ၀တ္ထုကြီးတစ်ခုလုံးကို ခြုံပြီးကြည့်ရလျှင်ကား ဆရာပန်းမော်တင်အောင် မှတ်ချက်ချထားသကဲ့သို့ ငြေအမည်ရှိ၀တ္ထုကိုရေးသားရာတွင် ၁၉၃၀-၁၉၃၁ ခုနှစ်များအတွင်းက မြန်မာနိုင်ငံ၌ ဖြစ်ပွားပေါ်ပေါက်ခဲ့သော တောင်သူလယ်သမား စစ်ပွဲကြီး ဖြစ်ပွားရခြင်း၏အကြောင်းရင်းများနှင့် စစ်ရှုံးရသော အကြောင်းအချက်များကို စာဖတ်သူများ နားလည်သဘောပေါက်ကြစေရန် ၀တ္ထုပုံသဏ္ဌာန်ဖြင့် ရေးသားထားခြင်းဖြစ်သည်။

အဆိုပါ၀တ္ထုတွင် ထိုခေတ်ထိုအခါက တောင်သူလယ်သမားတို့သည် ကိုလိုနီနယ်ချဲ့အစိုးရ၏ သွေးစုပ်ချယ်လှယ်ခံနေရမှုများကို ကွက်ကွက်ကွင်းကွင်းဖော်ပြနိုင်သည်ကိုလည်း တွေ့ရှိရသည်။ တောင်သူလယ်သမားတို့၏ "ငတ်ရင်းမသေ တိုက်ရင်းသေမည်" ဟူသော စိတ်ဓာတ်ကိုလည်း တွေ့မြင်ရသည်။

ဆရာပန်းမော်တင်အောင်၏ ငြေ၀တ္ထုသည် မြန်မာ့တောင်သူလယ်သမားတို့၏ စိတ်ဓာတ်နှင့် အားမာန်ကို ဖော်ကျူးနိုင်သည့် ၀တ္ထုကောင်းတစ်ပုဒ် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- ပန်းမော်တင်အောင်၏ "ငြေ"၀တ္ထုရှည်

> ❖ ဤ၀တ္ထုတွင် မယ်အိမ်၏သရုပ်က ပီသလှသည်။ ငြေအပေါ်ထားရှိသည့် မယ်အိမ်၏မေတ္တာသည်လည်း ပေါ်လွင်လှသည်။ ၀တ္ထုကြီးတစ်ခုလုံးကိုခြုံပြီးကြည့်ရလျှင်ကား ဆရာပန်းမော်တင်အောင် မှတ်ချက်ချထားသကဲ့သို့ ငြေအမည်ရှိ၀တ္ထုကိုရေးသားရာတွင် ၁၉၃၀-၁၉၃၁ ခုနှစ်များအတွင်းက မြန်မာနိုင်ငံ၌ဖြစ်ပွားပေါ်ပေါက်ခဲ့သော တောင်သူလယ်သမားစစ်ပွဲကြီး ဖြစ်ပွားရခြင်း၏အကြောင်းရင်းများနှင့် စစ်ရှုံးရသော အကြောင်းအချက်များကို စာဖတ်သူများ နားလည်သဘောပေါက်ကြစေရန် ၀တ္ထုပုံသဏ္ဌာန်ဖြင့် ရေးသားထားခြင်းဖြစ်သည်။ ❖

# တာချီလိတ်မြို့နယ် တာကြန့်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**တာချီလိတ် ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာကြန့်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးလက်ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ တာကြန့်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးသော ကျေးလက်ကုန်ထုတ်လမ်းကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

တာကြန့်ကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းကို ပြည်ထောင်စု(မူလ) ခွင့်ပြုရန်ပုံငွေကျပ် ၄၂ ဒသမ ၆၁၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် မင်းမြန်မာထွန်းကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇူလိုင်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊

ထို့ကြောင့် တာကြန့်ကျေးရွာရှိ အိမ်ခြေ ၁၁၀ မှ လူဦးရေ ၅၅၀ ၏ စိုက်ပျိုးလယ်ယာမြေဧက ၂၀၀ ကျော်မှ ထွက်ရှိသော စပါးနှင့်အခြားစိုက်ပျိုးသီးနှံများကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း တာချီလိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်က ပြောပြ၍ သိရသည်။

**မောင်ခိုင်**

# နှလုံးသားရဲ့အခြားတစ်ဖက် ရုပ်သံဇာတ်လမ်းတွဲကို မတ် ၉ ရက်တွင် M Entertainment Channel မှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

နှလုံးသားရဲ့ အခြားတစ်ဖက် ရုပ်သံဇာတ်လမ်းတွဲကို မတ် ၉ ရက် ရက်တွင် M Entertainment Channel မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ဘုန်းမင်းနေလက ပြောပြ၍ သိရသည်။

M Entertainment Channel ၏ မူပိုင်ဇာတ်လမ်းတွဲဖြစ်သည့် နှလုံးသားရဲ့အခြားတစ်ဖက် ရုပ်သံဇာတ်လမ်းတွဲ၏ဝတ္ထုဇာတ်လမ်းကို လုံမနှင့်စမ်းဝတီတို့က ရေးသားထားကာ ဇာတ်ညွှန်းကို လုံမက ရေးသားထားပြီး ဒါရိုက်တာ စမ်းဝတီက ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ လူငယ်ကြိုက် အချစ်ဒရာမာ ဇာတ်လမ်းတွဲပါ။ မိဘရဲ့ဆန္ဒကို လိုက်လျောခဲ့ရသူနဲ့ ကိုယ်ချစ်တဲ့သူပျော်ရွှင်စေဖို့ အရာရာမှာ နောက်ဆုတ်ပေးခဲ့ရသူတို့နှစ်ယောက် တွေ့ဆုံကြတဲ့အခါ ကိုယ်ချစ်တဲ့သူ ပျော်ရွှင်ရရင် ဘာမဆို ပေးဆပ်မယ်ဆိုတဲ့ လူနှစ်ယောက်ကြားက ချစ်ခြင်းမေတ္တာတွေကိုဖော်ကျူးထားတဲ့ ပုံမှန်တွေ့နေကျ အချစ်ဒရာမာတွေထက် နည်းနည်းတော့ ကွဲထွက်လာမဲ့ ဇာတ်လမ်းတွဲလေးပါ"ဟု သရုပ်ဆောင် ဘုန်းမင်းနေလက ပြောပြသည်။

နှလုံးသားရဲ့ အခြားတစ်ဖက် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် တိုင်ရွှန်၊ ဘုန်းမင်းနေလ၊ မှုးထိပ်ထား၊ ဟေလရီရိုး၊ ဩဂတ်စ်မိုးတို့အပြင် ဇာတ်ပို့သရုပ်ဆောင် ခင်မို့မို့အေး၊ မိုခမ်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Greenland: Migration ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်း ဧပြီလတွင် စတင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၂၅**

Greenland: Migration ဇာတ်ကားသစ် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကို ယခုနှစ် ဧပြီလတွင် စတင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက် သတင်းများအရ သိရသည်။

Greenland: Migration ဇာတ်ကား၏ ရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ် ဧပြီ ၂၂ ရက်တွင် လန်ဒန်မြို့တော်နှင့် အိုက်စလန်နိုင်ငံတို့၌ ရိုက်ကူးမည်ဖြစ်သည်။

Greenland: Migration ဇာတ်ကားသည် Greenland (2020) ၏ နောက်ဆက်တွဲ ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားသစ်ကို ဒါရိုက်တာ ရစ်ရိုမန်ဝေါ့က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး မင်းသား ဂျရတ်ဘတ္တလာ ပြန်လည် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

မင်းသား ဂျရတ်ဘတ္တလာသည် Greenland (2020) ဇာတ်ကားတွင်လည်း အဓိကသရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ပြီးဖြစ်သည်။

လက်ရှိအချိန်တွင် Greenland: Migration ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**




# တေးသံရှင် ပြုံးအသ်ချေ၏ အရက်ညာတိုက်တယ် သီချင်း MV မိတ်ဆက်ပွဲပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

တေးသံရှင် ပြုံးအသ်ချေ၏ ပြန်ဆိုတေးသီချင်းတစ်ပုဒ်ဖြစ်သည့် အရက်ညာတိုက်တယ် တေးသီချင်း Music Video(MV) မိတ်ဆက်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အင်းလျားလမ်းရှိ စိမ်းလန်းစိုပြေတွင် ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

အရက်ညာတိုက်တယ် တေးသီချင်းသည် ၁၉၈၂ ခုနှစ် စတီရီယိုခေတ်ဦးက အောင်မြင်ခဲ့သည့် အဆိုတော် ပုလဲ၏အောင်မြင်သောသီချင်းတစ်ပုဒ်ဖြစ်ပြီး တေးရေး ကိုလေးလွင်၏နာမည်ရ တေးသီချင်းတစ်ပုဒ်လည်းဖြစ်ကာ တေးသံရှင် ပြုံးအသ်ချေက ပြန်လည်သီဆိုထားကြောင်း သိရသည်။

"ဒီသီချင်းလေးက သီချင်းအသစ် မထွက်တာ လေးနှစ်ကြာမှ ပထမဆုံးထွက်မဲ့ Come Back Song လေးပါ။ ဒီသီချင်းလေးကို YouTube မှာ နားထောင်ပြီး ကြိုက်သွားတာပါ။ ၁၉၈၂ ခုနှစ်တုန်းက အန်တီပုလဲ ဆိုခဲ့တဲ့သီချင်းလေးပါ။ အဲဒီသီချင်းလေးက အန်တီပုလဲဆိုတုန်းကလဲ နားထောင်ရင်းနဲ့ တကယ့်ကို ကိုယ်ပါမူးသွားသလို ခံစားရတယ်။ ကိုယ်တိုင်ပြန်ဆိုတဲ့အခါကျတော့ မူရင်းဆိုတဲ့သူရဲ့ပုံစံလဲ မပျောက်သွားအောင် သေချာလေး ပြန်ဆိုထားပါတယ်"ဟု တေးသံရှင် ပြုံးအသ်ချေက ပြောပြသည်။




အရက်ညာတိုက်တယ် တေးသီချင်း Music Video(MV) မိတ်ဆက်ပွဲသို့ တေးသံရှင် ဂျက်မြသောင်း၊ ပူစူး၊ လမင်းကဗျာ၊ သရုပ်ဆောင် ဘုန်းလျှံ၊ မိုးစက်၊ ပွင့်နဒီမောင်၊ မိုခမ်း စသည့် အနုပညာရှင်များစွာ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အရက်ညာတိုက်တယ် တေးသီချင်း Music Video(MV) ကို ၁၉၈၂ ခုနှစ်က လူနေမှုပုံစံအတိုင်း ဒါရိုက်တာ နေသူရိန်က သရုပ်ဆောင် ဇက်ကိုဟန်၊ တေးသံရှင် ပြုံးအသ်ချေတို့နှင့်အတူ အခြားအနုပညာရှင်များဖြင့် တေးသရုပ်ဖော်ရိုက်ကူးထားကြောင်း သိရသည်။

ASH

# Naruto အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ဒက်စတင်းဒန်နီယယ်ခရက်တန် ရိုက်ကူးမည်

**နယူးယောက် ဖေဖော်ဝါရီ ၂၅**

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ Naruto အမည်ရှိရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာဒက်စတင်းဒန်နီယယ်ခရက်တန်က တာဝန်ယူရိုက်ကူးပေးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက် သတင်းများအရ သိရသည်။

Naruto ရုပ်ရှင်ဇာတ်ကားသည် ကမ္ဘာကျော်ဂျပန်ရုပ်ပြဇာတ်လမ်းတွဲဖြစ်သည့် Naruto ရုပ်ပြများကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ဖန်တီးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ ဒက်စတင်းဒန်နီယယ်ခရက်တန်သည် Shang-Chi and the Legend of the Ten Rings ဇာတ်ကားကို တာဝန်ယူရိုက်ကူးခဲ့သူဖြစ်သည်။

ထို့ပြင် ဒါရိုက်တာ ဒက်စတင်းဒန်နီယယ်သည် Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ The Glass Castle ဇာတ်ကားကိုလည်း ရိုက်ကူးပေးခဲ့သူဖြစ်သည်။

Lionsgate ရုပ်ရှင်ကုမ္ပဏီသည် Naruto ဇာတ်ကားကို ရိုက်ကူးရန် ၂၀၁၅ ခုနှစ်ကပင် စီစဉ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် Naruto ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့်ရုံတင်ပြသမည့်ရက်တို့ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# တောင်တွင်းကြီးမြို့နယ် ဂွေးတောက်ခုံကျေးရွာအဝင်လမ်း၌ ကွန်ကရစ်ရေကျော်တံတား တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဂွေးတောက်ခုံကျေးရွာအဝင်လမ်း၌ ကွန်ကရစ်ရေကျော်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ခိုင်ခိုင်ထွေးနှင့် တာဝန်ရှိသူများက ဂွေးတောက်ခုံကျေးရွာအဝင်လမ်းတွင် ကွန်ကရစ်ရေကျော်တံတား တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ခိုင်ခိုင်ထွေးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

တောင်တွင်းကြီးမြို့နယ် ဂွေးတောက်ခုံကျေးရွာ အဝင်လမ်းတွင် အရှည်ပေ ၃၆၀၊ အကျယ် ၁၈ ပေရှိ ကွန်ကရစ်ရေကျော်တံတား တည်ဆောက်ခြင်း လုပ်ငန်းကို ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၀၄ ဒသမ ၈၂၈၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် စံရာရိပ်ကုမ္ပဏီမှ ၂၀၂၃ ခုနှစ် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၇၄၈ အိမ်၊ လူဦးရေ ၃၃၁၆ ဦးတို့အတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသွားပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# Myothit township harvested more than 12,000 acres of monsoon paddy


Monsoon paddy being harvested using machinery.

**Myothit February 25**

Statistics of Tamu District Agriculture Department stated that a total of 12,861 aces of monsoon paddy has been cultivated in Myothit township this year.

Monsoon paddy yielded 74.29 baskets of paddy per acre, and it was grown starting from October 2023.

"So far, local farmers have harvested all acres of monsoon paddy in Myothit township. Staff members of Township Agriculture Department help local farmers prevent pests, apply modern agricultural techniques, and keep harvested paddy into the shelter in time," said Head of Tamu District Agriculture Department U Hla Myint.

Cultivation of monsoon paddy started in September 2023 in 2023-24 financial year.

In 2022-23 FY, the township earmarked cultivation of 12,861 acres of monsoon paddy. Local farmers grew paddy at cent per cent rate.

Agricultural staff emphasized share of agricultural knowledge and techniques with local farmers to use natural fertilizers and quality strains of paddy. 206

# Qatar, Egypt to host Israel-Hamas talks for truce in Gaza

**Cairo February 25**

Two rounds of talks will be held in Qatar and Egypt respectively to reach an agreement on a truce in the Gaza Strip that is currently under massive Israeli siege and bombardment, Egypt's Al-Qahera News reported on Sunday.

"The Doha and Cairo discussions will be held with the participation of specialists from Egypt, Qatar, the United States and Israel, in addition to a delegation from the Hamas movement, in continuation of what was discussed in the recent Paris meeting," Al-Qahera News quoted an unnamed Egyptian official as saying.

The talks in Doha and Cairo seek to reach an agreement on a truce in Gaza along with exchanging Palestinian prisoners and Israeli hostages, according to the report.

Israel has been waging a war on Gaza after Gaza-ruling Hamas launched a deadly surprise attack on southern Israel on Oct. 7, 2023, killing about 1,200 Israelis and taking more than 200 as hostages.

Since then, the ongoing Israeli military assaults have killed 29,692 Palestinians and injured 69,879 others, according to the latest data released by Gaza's Health Ministry on Sunday. Xinhua

# Farmers in Phaungpyin Township 7,135 acres of soybean this year

**Phaungpyin February 25**

A total of 7,135 acres of soybean have been planted in Phaungpyin Township, Mawlaik District, Sagaing Region during this year's winter crop planting season, according to statistics from Department of Agriculture for Mawlaik District.

During the winter crop planting season of 2023-2024, 7,187 acres of soybean have been earmarked for planting in Phaungpyin Township, and since October 2023, 7,135 acres have been planted.

"We are providing education to ensure that there are no pests. We have encouraged farmers to get the necessary seeds and know about them," said Daw Kywe Kywe Hlaing, head of Department of Agriculture for Mawlaik District.

During the 2022-2023 winter crop planting season, 7187 acres of soybean were planted from October 2022 to December 2022 in Phaungpyin Township.

It is said that the Department of Agriculture for the township is carrying out awareness activities to be able to obtain a good variety suitable for the region, to have correct planting method, to control pest, to use fertilizers properly and to improve yield.

206


A soybean plantation.

# Trump defeats Haley in her home state, but Haley vows to head into Super Tuesday

**Washington February 25**

Former U.S. President Donald Trump on Saturday secured victory over Nikki Haley, his former ambassador to the United Nations, in South Carolina's Republican primary, advancing a step closer to a potential face-off with incumbent Joe Biden in the upcoming presidential election in November.

Despite her aspirations to regain momentum after three losses in Iowa, New Hampshire and Nevada, Haley -- South Carolina's first female governor from 2011 to 2017 -- got roughly 40 percent of the vote, trailing Trump by approximately 20 percentage points.

As Trump and Haley traverse the primary landscape, vying for the Republican presidential nomination state by state, Trump's firm hold on a significant faction of the party is evident.

However, he remains embroiled in controversies surrounding his efforts to overturn the 2020 U.S. presidential election results and his alleged role in inciting the Jan. 6 Capitol Riot.

Meanwhile, despite growing inner-party pressure to drop out and allow Republicans to unite around Trump, Haley vowed she was "not giving up this fight." Xinhua



Voters cast their ballots at a polling station during the South Carolina Democratic presidential primary in Charleston, South Carolina, the United States, Feb. 3, 2024.

# Farmers in Kawlin district sow 2,156 acres of green beans this year

**Kawlin February 25**

A total of 2,156 acres of green beans have been planted in Kawlin District, Sagaing Region during winter crop planting this year, according to statistics from Department of Agriculture for Kawlin District.

During the 2023-2024 winter crop planting season, 2,156 acres of green beans are planned to be planted in Kawlin District, and since October 2023, they have planted full acreage of green beans.

"We provided agricultural techniques and other necessary things. In the cultivation of green beans, there is education to expand cultivation and to use good varieties for good yield," said U Win Thein, head of Department of Agriculture for Kawlin District.

Green bean cultivation by townships in Kawlin District is 1,364 acres in Kawlin Township, 140 acres in Wuntho Township, and 652 acres in Pinlebu Township, totaling 2,156 acres.

In the 2023-2024 winter crop planting season, Kawlin District earmarked 1,215 acres in Kawlin Township, 156 acres in Kyntho Township, and 785 acres in Pinnurbu Township for a total of 2,156 acres.

It is said that the Department of Agriculture for the district is carrying out awareness activities to be able to obtain a good variety suitable for the region, to have correct planting method, to control pest, to use fertilizers properly and to improve yield. 206

# Farmers in Wetlet Township plan to cultivate 50,278 acres of summer sesame this year


A summer sesame plantation.

**Wetlet February 25**

A total of 50,278 acres of summer sesame will be planted in Wetlet Township, Shwebo District, Sagaing Region during this year's summer crop planting season, according to Department of Agriculture for Wetlet Township.

During the 2022-2023 summer crop planting season, 45,644 acres of summer sesame were earmarked to be planted in Wetlet Township and 66,402 acres of summer sesame were planted since third week of February, 2023. A total of 50,278 acres of summer sesame were earmarked for planting in Welet Township during the 2023-2024 summer crop planting season.

"This year, more than 50,000 acres of summer sesame have been earmarked for planting in Wetlet Township. It will be planted from the third week of this month. Summer sesame cultivation is in a position to increase year by year. This year, we will plant more than the summer sesame planting target. In addition, we are working to ensure good yield and GAP cultivation. To grow sesame, it costs more than 100,000 kyats per acre. There are more than 16 baskets per acre when the growers yield sesame," said Daw Khin San, head of the Department of Agriculture for Wetlet Township.

It is said that the Department of Agriculture for the township is carrying out awareness activities to be able to expand large acreage, to have good yield, to plant using GAP system and good varieties for the cultivation of high-yield varieties.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 70,000 acres of cold season crops cultivated in Wakema Township this winter

**Myaungma February 25**

Head of Myaungmya District Agriculture Department U Kyaw Moe Win said that a total of 77,559 acres of winter crops have been cultivated in Wakema Township of Ayeyawady Region this winter.

Local farmers grew 96,536 acres of cold season crops starting from the first week of October 2023, and so far they have grown 77,559 acres of crops. In this regard, they planted 2,451 acres of corns, 1,226 acres of maize, 4,286 acres of groundnut, 372 acres of sesame, 5,102 acres of sunflower, 2,500 acres of kanef, 17,981 acres of black bean, 30,423 acres of green gram, 3,647 acres of bokake, 562 acres of rice bean, 5,984 acres of chilli, 3,021 acres of vegetables and four acres of onion.


A cold season crop plantation.

"Our department helps local farmers meet the target cultivation of crops and carry out smooth process of cultivation without any difficulties. We cooperate with relevant departments in preventing pests and boosting per-acre yield," he added.

Agricultural staff raise farmer awareness of preparing damming facilities, correct agricultural techniques, high per acre yield, high quality of crops and use of pesticides. Kyaw Kyaw Lin

# Bogale Township sends 77,000 viss of eel to Yangon market in January

**Bogale February 25**

Bogale Township of Pyapon District in Ayeyawady Region sent 77,000 viss of eel to Yangon market in January, said Daw Than Than Hlaing, owner of marine products trading depot in Bogale.

Bogale Township sent 54,000 viss of eel to Yangon in December 2023, compared with 77,000 viss of eel in January 2024, with a 23,000 viss of increase, due to high demand from foreign market.

Daw Than Than Hlaing said, "Volume of eel to be sent to Yangon market remarkably increased in the first week of January this year. The eel exportation industries resumed their businesses and demand from foreign market raised. Local fishermen primarily send eel to Yangon market which distributes eel to domestic and foreign market. Due to high demand, local fishermen and businesspersons can earn increased income."

In January, eel was traded at K135,000 per 10 viss in Bogale Township. Eel can be caught at natural water areas such as creeks, drains and paddy fields. Local fishermen send eel to Yangon where businesspersons export eel to foreign market such China and Thailand.

Kyaw Kyaw Lin


Eels for sale at a market.

# Farmers in Sagaing Township sow 3,522 acres of winter lablab beans this year

**Sagaing February 25**

A total of 3,522 acres of lablab beans have been planted in Sagaing Township, Sagaing District, Sagaing Region in this winter crop planting season, according to the Department of Agriculture for Sagaing Township.

During the winter planting season of 2023-2024, 3,546 acres of lablab beans were earmarked to be planted in Sagaing Township, and 3,522 acres of lablab beans were planted till now.

"We are working to achieve the full planting of the designated acres. We are cooperating with the farmers to provide good varieties of lablab beans, inputs, and post-shading technology to improve the yield and quality of lablab beans," said U Zaw Oo, Head of the Department of Agriculture for Sagaing Township.

It is said that the Department of Agriculture for the township is carrying out awareness activities to be able to expand large acreage, to have good yield, to plant using GAP system and good varieties for the cultivation of high-yield varieties.

206

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန် ပံ့ပိုးထားသောအဆင့်မြင့်လက်နက်များကြံ့ခိုင်ထိန်းသိမ်းရေး ယူကရိန်းလုပ်ဆောင်နိုင်စွမ်းမရှိ



ယူကရိန်းနိုင်ငံသည် အမေရိကန်နိုင်ငံက ပံ့ပိုးပေးအပ်ထားသည့် တင့်ကားများ၊ သံချပ်ကာယာဉ်များနှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ကြံ့ခိုင်ထိန်းသိမ်းရန်၊ လည်ပတ်လုပ်ဆောင်ရန် သို့မဟုတ် ပြုပြင်မွမ်းမံရန် အစီအစဉ်မရှိသကဲ့သို့ လုပ်နိုင်စွမ်းလည်းမရှိကြောင်း ပင်တဂွန်စစ်ဌာနချုပ်မှ စစ်ဆေးရေးမှူး Robert P. Storch က ဝန်ခံထုတ်ဖော်ပြောကြားခဲ့သည်ဟု ရုရှားနိုင်ငံ RT သတင်းဌာနက ဖေဖော်ဝါရီ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထိုအချက်သည် အမေရိကန်ကပေးသော စစ်လက်နက်စက်ပစ္စည်း ကိရိယာများကို အသုံးပြု၍ ယူကရိန်း၏ ထိရောက်စွာတိုက်ခိုက်နိုင်စွမ်းကိုပါ ထိခိုက်စေသည့်အပြင် လိုအပ်ပါက အခြားသောအမျိုးသားလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ တိုက်ပွဲဝင်အသင့်ဖြစ်မှုကိုလည်း အန္တရာယ်ဖြစ်စေကြောင်း ၎င်းကထည့်သွင်းပြောကြားခဲ့သည်။

အမေရိကန်သည် Bradley ၁၈၆ စီးနှင့် Stryker ခြေလျင်တိုက်ခိုက်ရေးယာဉ် ၁၈၉ စီး (IFV)၊ Abrams ပင်မတိုက်ပွဲဝင်တင့်ကား ၃၁ စီးနှင့် Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်များ(အရေအတွက် အတိအကျမသိရ) ယူကရိန်းသို့ ပေးပို့ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၉ ရက်တွင် လူသိရှင်ကြားထုတ်ပြန်ခဲ့သော ပြန်လည် ပြင်ဆင်တည်းဖြတ်ထားသည့် အစီရင်ခံစာနှစ်စောင်တွင် ပင်တဂွန်စစ်ဌာနချုပ်မှ စစ်ဆေးရေးမှူး Robert P. Storch က ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် ၎င်းတို့ထံမှ တစ်ခုတလေကိုမျှ ကြံ့ခိုင်ထိန်းသိမ်းရေးပြုလုပ်ရန် အစီအစဉ်ကို ရေးဆွဲထားခြင်း သို့မဟုတ် အကောင်အထည်ဖော်ထားခြင်းမျိုး မရှိကြောင်း အစီရင်ခံစာများကိုကိုးကားပြီး ပင်တဂွန်စစ်ဌာနချုပ်မှ စစ်ဆေးရေးမှူး Robert P. Storch က ပြောကြားခဲ့သည်။

အကယ်၍ ထိုသို့ ကြံ့ခိုင်ထိန်းသိမ်းရေးလုပ်ဆောင်သည့် အလေ့အကျင့်မရှိလျှင် ၎င်းသည် ယူကရိန်းတပ်ဖွဲ့များတွင်ဖြစ်စေ၊ အမေရိကန် တပ်ဖွဲ့များအတွက်ဖြစ်စေ တိုက်ပွဲဝင်အသင့်ဖြစ်မှုတွင် လိုအပ်ချက်များဖြစ်ပေါ်လာနိုင်သည်ဟု အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက စစ်ဆေးရေးမှူးများကို ပြောကြားခဲ့သည်။

**Ukraine can't maintain advanced US-supplied weapons – Pentagon ကို ဘာသာပြန်ဆိုထားပါသည်။**

## တူကီယဲနိုင်ငံထုတ် KAAN ကိုယ်ပျောက်တိုက်လေယာဉ်ရှေ့ပြေးပုံစံ ပထမဆုံးအကြိမ် အောင်မြင်စွာပျံသန်းနိုင်ခဲ့

တူကီယဲနိုင်ငံထုတ် မျိုးဆက်သစ် KAAN ကိုယ်ပျောက်တိုက်လေယာဉ် ရှေ့ပြေးပုံစံ ပထမဆုံးအကြိမ် ပျံသန်းမှု အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း Air Recognition သတင်းဌာနက ဖေဖော်ဝါရီ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဖေဖော်ဝါရီ ၂၁ ရက် အစောပိုင်းက တူကီယဲလေတပ်မှ F-16D Fighting Falcon တိုက်လေယာဉ်တစ်စင်းယှဉ်တွဲလိုက်ပါလျက် KAAN ကိုယ်ပျောက်တိုက်လေယာဉ်သည် ပထမဆုံးပျံသန်းမှုကိုစတင်နိုင်ခဲ့သည်။ ယခင်က TF-X ဟု အမည်ပေးထားခဲ့သော ၅ဂျီပဉ္စမမျိုးဆက်တိုက်လေယာဉ်သည် တူကီယဲလေတပ် လေကြောင်းစွမ်းအားမှသက်တမ်းရင့် F-16 တိုက်လေယာဉ်များကိုအစားထိုးရန် ရည်ရွယ်ထားပြီး ၂၀၃၀ ပြည့်နှစ်များတွင် စတင်အကောင်အထည်ဖော်ရန် မျှော်မှန်းထားသည်။ ၂၀၁၆ ခုနှစ်တွင် စတင်ခဲ့သော KAAN ကိုယ်ပျောက်တိုက်လေယာဉ် စီမံကိန်းသည် တူကီယဲနိုင်ငံ၏ ကာကွယ်ရေးအခြေခံအဆောက်အအုံကို ခေတ်မီစေရန်နှင့် အနာဂတ်စိန်ခေါ်မှုများအတွက် တိုက်ပွဲဝင်အသင့်ဖြစ်စေရေး ကတိကဝတ်ကို ဖော်ပြနေခြင်းလည်းဖြစ်သည်။

KAAN သည် ပဉ္စမမျိုးဆက် ကိုယ်ပျောက်တိုက်လေယာဉ်ကို တီထွင်ထုတ်လုပ်ရန် တူကီယဲနိုင်ငံ လေကြောင်းနှင့်အာကာသစက်မှုလုပ်ငန်း (TAI) က ရည်မှန်းချက်ကြီးကြီးထား၍ ဦးဆောင်အကောင်အထည်ဖော်ခဲ့သည့် စီမံကိန်းတစ်ခုဖြစ်သည်။ လိုအပ်သောနည်းပညာများရရှိရန်ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၈ ဘီလီယံဖြင့် ၂၀၁၆ ခုနှစ်တွင် စီမံကိန်းကို တရားဝင်စတင်ခဲ့ပြီး ဗြိတိန်နိုင်ငံ BAE Systems နှင့် Rolls-Royce တို့ကဲ့သို့ နိုင်ငံတကာကုမ္ပဏီများနှင့် လေယာဉ်ဒီဇိုင်း၊ အင်ဂျင်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှ အကျိုးကျေးဇူးများလည်းရရှိနိုင်လိမ့်မည်ဖြစ်သည်။

Supercruise အမြန်နှုန်းရရှိစေမည့် EJ200 အင်ဂျင်အား ရွေးချယ်မှုသည် KAAN ကိုအဆင့်မြင့်စနစ်များတပ်ဆင်အသုံးပြုရန် ရည်မှန်းချက်ထားရှိမှုကို ထင်ဟပ်စေလျက်ရှိပြီး အထူးသဖြင့် Afterburner လောင်ကျွမ်းခြင်းမျိုး မလိုအပ်ဘဲ အသံထက်အမြန်နှုန်း(Supersonic)ဖြင့် ပျံသန်းစစ်ဆင်နိုင်စေမည်ဖြစ်သည်။

KAAN တိုက်လေယာဉ်သည် အမြင့်ဆုံးအမြန်နှုန်း Mach 1.8 နှင့် အမြင့်ပေ ၅၅၀၀၀ ထိ ပျံသန်းနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ အဆိုပါတိုက်လေယာဉ်သည် F-35A အပါအဝင် တူကီယဲလေတပ်၏ လေကြောင်းစွမ်းအားစုများနှင့် အပြန်အလှန် အသုံးပြုနိုင်စေရန် ဒီဇိုင်းထုတ်ထားပြီး ပူးတွဲစစ်ဆင်ရေးစွမ်းဆောင်ရည်များအတွက် ထည့်သွင်းစဉ်းစားထုတ်လုပ်ထားခြင်းဖြစ်သည်။




**KAAN Turkish Stealth Fighter Prototype Makes Successful First Flight ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်(တိုင်ပေ)က တန်ပြန်ဒရုန်းတိုက်ဖျက်ရေးလက်နက်သစ်များတပ်ဖြန့်မှု အပြီးသတ်လုပ်ဆောင်နိုင်ခဲ့

တရုတ်(တိုင်ပေ) စစ်ဘက်သည် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့အသီးသီးသို့ တန်ပြန်ဒရုန်းတိုက်ဖျက်ရေး လက်နက်သစ်များတပ်ဖြန့်မှု အပြီးသတ်လုပ်ဆောင်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။



အမေရိကန်ဒေါ်လာ ၁၄၆ သန်း အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ကျွန်းနိုင်ငံငယ်တစ်ဝန်းရှိ စစ်အခြေစိုက်စခန်း ၄၀ ကျော်၏ ဒရုန်းကာကွယ်ရေးစွမ်းရည်ကို ခိုင်မာ အားကောင်းလာစေမည်ဖြစ်သည်။ ယခုအခါ အဆိုပါတန်ပြန်ဒရုန်းတိုက်ဖျက်ရေးလက်နက်သစ်ကို လက်နက်ငယ်များနှင့် အတူတွဲဖက်အသုံးပြုနေကြောင်းသိရသည်။

တန်ပြန်ဒရုန်းတိုက်ဖျက်ရေးလက်နက်သစ်အမည်ကို တိတိကျကျမှည့်ခေါ်ထားခြင်းမျိုးမရှိသေးသော်လည်း Line-of-Sight အသုံးပြု၍ လုပ်ဆောင်သောအခြားတန်ပြန်ဒရုန်း ကာကွယ်ရေးစနစ်များ၊ ကြိုတင်သတိပေး ထောက်လှမ်းရေးစနစ်များနှင့် ရေဒီယိုအချက်ပြလှိုင်းနှောင့်ယှက်ဖိဖျက်သည့်စနစ်များနှင့်အတူ ပေါင်းစည်းလုပ်ဆောင်နိုင်ရန် အစီအစဉ်များရေးဆွဲလျက်ရှိသည်။ တရုတ်(တိုင်ပေ) အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနသည် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးနှင့် ကာကွယ်ရေးစနစ်များတပ်ဖြန့်အသုံးပြုခြင်းသည် မီးခိုးရောင်ဇုန်ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ထိပ်တန်းဦးစားပေးဖြစ်ကြောင်း ရှင်းပြခဲ့သည်။

ကျွန်းနိုင်ငံပေါ်တွင် တရုတ်နိုင်ငံဘက်မှ ဒရုန်းဝင်ရောက် ပျံသန်းလာခဲ့သည်ဟူသော အငြင်းပွားဖွယ် ဖြစ်ရပ်နောက်ပိုင်း နှစ်နှစ်ခန့်အကြာတွင် ယခုကဲ့သို့ တန်ပြန်ဒရုန်းတိုက်ဖျက်ရေး လက်နက်သစ်များ ဖြန့်ကြက်သည့်သတင်း ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။ ထိုစဉ်က တရုတ်(တိုင်ပေ) Lieyu Garrison တပ်ရင်းတွင် တပ်စွဲထားသော တရုတ်(တိုင်ပေ)တပ်ဖွဲ့ဝင်များ၏ ဓာတ်ပုံအချို့ကိုအဆိုပါဒရုန်းက ရရှိသွားခဲ့သည်ဟုသတင်းများ တက်လာခဲ့သည်။ တပ်ဖွဲ့ဝင်တစ်ဦးသည် တရားမဝင်ဝင်ရောက်ပျံသန်းလာသောဒရုန်းကို ပုံမှန်လုပ်ထုံးလုပ်နည်းများအတိုင်း ဓာတ်ပုံရိုက်ကူးမှတ်တမ်းတင်ရန် ကြိုးစားခဲ့ပြီး အခြားတပ်ဖွဲ့ဝင်များက ၎င်းအား ခဲများဖြင့် ပစ်ပေါက်ခဲ့သည်ကို မြင်တွေ့ခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်ရပ်သည် တရုတ်(တိုင်ပေ)၏ ဒရုန်းကာကွယ်ရေးမဟာဗျူဟာများကို ပြန်လည်ပြင်ဆင်ရန် စစ်ဘက်တာဝန်ရှိသူများနှင့် လေ့လာအကဲခတ်သုံးသပ်သူများကိုတွန်းအားဖြစ်စေခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အထိရောက်ဆုံးဖော်ထုတ်ခြင်း၊ ခြေရာခံခြင်းနှင့် ခြိမ်းခြောက်အစီရင်ခံခြင်းဆိုင်ရာ နည်းဗျူဟာများကို ရှာဖွေဖော်ထုတ်ရန် နည်းလမ်းမျိုးစုံကိုရှာဖွေရမည်ဖြစ်ကြောင်း ဒုတိယဝိုလ်မှူးကြီး Chang Tzu-Hung က ပြောကြားခဲ့သည်။

ထိုသို့ ဒရုန်းများကျူးကျော်ဝင်ရောက်လာပြီးကတည်းက တရုတ်(တိုင်ပေ)သည် ပဋိပက္ခဖြစ်ပွားသောအခါတွင် အသုံးပြုနိုင်ရန် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များတီထွင်ထုတ်လုပ်ရန် ကြိုးပမ်းမှုများကို အရှိန်မြှင့်လုပ်ဆောင်ခဲ့သည်။

**Taiwan Completes Fielding of New Anti-Drone Weapons ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၄၀၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်




**ချောင်းဦး ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၄၀၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၄၂၀၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၄၀၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ချောင်းဦးမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဆီထွက်သီးနှံ ၂၄၂၀၂ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာတော့ ၂၄၀၀၁ ဧက စိုက်ပျိုးပြီးပါပြီ။ စားသုံးဆီဖူလုံဖို့အတွက် ဆီထွက်သီးနှံတိုးတက်စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ဆီထွက်သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၅၉၀၄ ဧက၊ နှမ်း ၁၅၂၅၇ ဧက၊ နေကြာဧက ၂၈၄၀ စုစုပေါင်း ၂၄၀၀၁ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မြေပဲ ၅၈၉၁ ဧက၊ နှမ်းဧက ၁၅၆၈၀၊ နေကြာ ၂၆၃၁ ဧက စုစုပေါင်း၂၄၂၀၂ ဧကဖြစ်ကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆီထွက်သီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မိုင်းပန်မြို့နယ် နမ့်တိန်းကျေးရွာနှင့် လွိုင်နွဲ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းပန် ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းပန်မြို့နယ် နမ့်တိန်းကျေးရွာနှင့် လွိုင်နွဲ့ကျေးရွာအတွက် နှစ်ရှာတစ်ယူနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မိုင်းပန်မြို့နယ် နမ့်တိန်းကျေးရွာနှင့် လွိုင်နွဲ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားမှု၊ စာရင်းဇယားများ မှန်ကန်စွာရေးသွင်းထားမှုနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှုရှိမရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက နမ့်တိန်းကျေးရွာနှင့် လွိုင်နွဲ့ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး စီမံကိန်းရန်ပုံငွေများ ရေရှည်တည်တံ့စေရန်၊ ရန်ပုံငွေဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်နှင့် ကြွေးကျန်များ မပေါ်ပေါက်စေရန် အထူးအလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။



မိုင်းပန်မြို့နယ် နမ့်တိန်းကျေးရွာနှင့် လွိုင်နွဲ့ကျေးရွာအတွက် နှစ်ရှာတစ်ယူနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း ၇၆ ဦးကို ငွေကျပ် ၅၄ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# မင်းဘူးမြို့နယ် ပေကုန်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဖေဖော်ဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေကုန်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွှေဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ပေကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၃၆၄ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၉၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂၁ ဒသမ ၅ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် ခုနစ်သိန်း စုစုပေါင်းအသင်းသားအသင်းသူ ၆၈ ဦးကို ငွေကျပ် ၄၈၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ခင်မာ**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၅-၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၁၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၃၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ချောင်းသာကမ်းခြေနှင့် ရွှေသောင်ယံကမ်းခြေတို့ရှိ ဟိုတယ်များနှင့် Sea & Lake အပန်းဖြေစခန်း၌ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့် စွန့်စားခရီးသွားလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ဒီရေတောတံတားနှင့်ခရီးသွားဧည့်သည်များ အပန်းဖြေအနားယူနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လေ့လာကြည့်ရှုသည်။




မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ဟိုတယ်၌ ပုသိမ်ခရိုင်ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့၊ ဟိုတယ်လုပ်ငန်းရှင်များ၊ တည်းခိုရိပ်သာနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများဖြင့် တွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုသိမ်မြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် သဘောသဘာဝများ၊ ရည်ရွယ်ချက်များ၊ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းဆောင်ရွက်ခြင်း၏ အရေးပါမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ရွှေမုဋ္ဌောဘုရားကို သွားရောက်ဖူးမြော်ကာ ဘုရားဖူးခရီးသွားဧည့်သည်များအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ပုသိမ်မြို့ကမ်းနားလမ်းတစ်လျှောက် ခရီးသွားပြည်သူများ အပန်းဖြေအနားယူနိုင်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ယမန်နေ့မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ချောင်းသာမြို့သို့သွားရောက်၍ ချောင်းသာကမ်းခြေဒေသရှိ Azura Hotel ၌ ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ချောင်းသာကမ်းခြေဒေသပတ်ဝန်းကျင်တွင် ခရီးစဉ်ဒေသများ ဖော်ထုတ်ထားရှိမှု၊ ဈေးကွက်မြှင့်တင်ကြော်ငြာရေးဆိုင်ရာ ကိစ္စရပ်များ၊ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု၊ ခရီးသွားလုပ်ငန်းအမျိုးအစားများ ဖော်ထုတ်ဆောင်ရွက်နေမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုအခြေအနေများကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ချောင်းသာကမ်းခြေဒေသရှိ New Chaung Tha Hotel သို့ သွားရောက်၍ ခရီးသွားဧည့်သည်များအတွက် ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဟိုတယ်အတွင်းအပြင် သန့်ရှင်းသာယာလှပရေးနှင့် စီမံလန်းစိုပြည်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြိုး မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**မန္တလေး ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြိုးတို့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီးဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးအတွင်းရှိ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ တိုင်းဒေသကြီးမွေးမြူရေးနှင့် ကုသရေးဦးစီးမှူးရုံးတွင် ယနေ့နံနက်ပိုင်းက တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က နိုင်ငံတော်က စားရေရိက္ခာဖူလုံရေး၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မူဝါဒများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ပြည်တွင်းစားသုံးမှုဖူလုံရေး၊ ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး၊ ပြည်တွင်းစားသုံးမှုလုံလောက်ပါက ပြည်ပပို့ကုန် တိုးမြှင့်ဆောင်ရွက်ရေးတို့ကို ကဏ္ဍများအလိုက် ဌာနဆိုင်ရာများ၊ တောင်သူများနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များက ဟန်ချက်ညီစွာကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများကြုံတွေ့လာပါက လုပ်ငန်းတူအစုအဖွဲ့များဖွဲ့စည်း၍ ပူးပေါင်းဖြေရှင်းဆောင်ရွက်ပါက အောင်မြင်မှုရရှိမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။





ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြိုးက နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နို့နှင့် နို့ထွက်ပစ္စည်းများ လုံလောက်စွာထုတ်လုပ်နိုင်ရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များထိ ထုတ်လုပ်နိုင်ရေး၊ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် သက်ဆိုင်ရာဌာနများက မွေးမြူရေးလုပ်ကိုင်နေသူများကို အသိပညာပေးခြင်းလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်သွားရေး၊ ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ရှိ စွန်ရဲအင်းဒေသတွင် နို့စားနွားမွေးမြူရေးဇုန် ဧက ၃၀၀ အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် မွေးမြူရေးလုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

ရှေ့ဖုံးမှအဆက်

ခုတင်-၅၅၀ဆံ့ ကလေးဆေးရုံကြီး-မန္တလေးနှင့် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး-မန္တလေးတို့မှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ဖေဖော်ဝါရီ ၂၄ ရက်နှင့်၂၅ ရက်တို့တွင် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ဒုတိယအကြိမ်သွားရောက်ကာ ပြည်သူ့ဆေးရုံကြီး မြစ်ကြီးနားမြို့မှ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဒေသခံပြည်သူများကို ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

အဆိုပါ အထူးကုဆေးကုသရေးအစီအစဉ်တွင် မြစ်ကြီးနားမြို့ပေါ်သာမက ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ရစ်မြို့နယ်တို့မှ မြို့ပေါ်နှင့် ကျေးလက်နေ ပြည်သူများလာရောက်ပြသခဲ့ပြီး နှလုံးရောဂါဆိုင်ရာလူနာ ၁၃၈ ဦး၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာလူနာ ၁၂၀ ဦး၊ ရင်ခေါင်းဆေးကုသမှုဆိုင်ရာလူနာ ၄၃ဦး၊ ဆီးနှင့် ကျောက်ကပ်ဆေးကုသမှုဆိုင်ရာလူနာ ၁၅၃ ဦး၊ ဆီးချိုနှင့် ဟော်မုန်းဆိုင်ရာလူနာ ၁၀၉ ဦး၊ ဦးနှောက်နှင့်အာရုံကြောဆေးကုသမှုဆိုင်ရာလူနာ ၉၇ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာလူနာ ၁၉ ဦး၊ အထွေထွေရောဂါဆေးပညာလူနာ ၅၉ ဦး၊ အရိုးအကြောအဆစ်ရောဂါလူနာ ၆၂ ဦး၊ အရိုးရောဂါလူနာ ၁၄၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဆိုင်ရာလူနာ ၁၁၄ ဦး၊ ကလေးနှလုံးရောဂါလူနာ ၃၅ ဦး၊ နူတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၃၉ ဦး၊ အထွေထွေခွဲစိတ်ရောဂါလူနာ ၁၃ ဦး၊ သားဖွားမီးယပ်ရောဂါလူနာ ၂၆ ဦး၊ သွားနှင့်ခံတွင်းလူနာ ၁၇ ဦး၊ မျက်စိရောဂါဆိုင်ရာလူနာ ၄၈ ဦး၊ အရေပြားရောဂါလူနာ သုံးဦး စုစုပေါင်းလူနာ ၁၂၄၁ ဦးတို့ကို ကြည့်ရှုကုသမှုပေးနိုင်ခဲ့သည်။

အဆိုပါ လူနာများအနက် နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း (Echocardiography) ၈၁ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းမှန်ပြောင်းကြည့်ရှုခြင်း (OGDS) ၂၂ ဦး၊ အူမကြီးမှန်ပြောင်း ကြည့်ရှုခြင်း လေးဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းမှန်ပြောင်းကြည့်ရှုခြင်း ၁၇ ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း (CT scan) ၁၉ ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၁၉၇ ဦး၊ ဓာတ်ခွဲစမ်းသပ်သူ ၂၈၃ ဦး၊ သွေးချိုဓာတ်(HbA1C) တိုင်းတာခြင်း ၅၄ ဦး၊ Ultrasound ရိုက်ကူးခြင်း ၉၈ ဦး၊ နှလုံးစက်ဖြင့် စစ်ဆေးခြင်း (ECG) ၂၅၇ ဦးတို့ကို စမ်းသပ်စစ်ဆေးပေးနိုင်ခဲ့ပြီး နူတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာခွဲစိတ်ကုသမှု ၃၉ ဦးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာလူနာ ၂၅ ဦး၊ ကလေးနှလုံးရောဂါလူနာ လေးဦး၊ နား၊ နှာခေါင်း၊လည်ချောင်းရောဂါလူနာ ၄၄ ဦး၊ အထွေထွေခွဲစိတ်ကုသလူနာ တစ်ဦးတို့ကို လိုအပ်သောစစ်ဆေးကုသမှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် မန္တလေးနှင့် နေပြည်တော်ရှိ သက်ဆိုင်ရာ ပြည်သူ့ဆေးရုံကြီးများသို့ လွှဲပြောင်းကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဦးခေါင်းတွင်း သွေးခဲလူနာတစ်ဦးကို ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အဆိုပါ အစီအစဉ်နှင့်အတူ ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးခဲ့ရာ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူလူထုနှင့် နာတာရှည်ရောဂါဝေဒနာရှင် ဦးရေ ၇၀ တို့ကို ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့သည်။

ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ အထူးကုဆေးကုသရေးအစီအစဉ် ဆောင်ရွက်ရာနေရာသို့ လာရောက်၍ လာရောက်ပြသကုသမှုခံယူကြသောလူနာများကို ကြည့်ရှုအားပေးစကားပြောကြားပြီး အထူးကုဆေးကုသရေးအစီအစဉ်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မှ အထူးကုသမှုဆိုင်ရာ (Super Specialty) ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၏ အထူးကုကွင်းဆင်းကုသရေး ခရီးစဉ်များကို ၂၀၂၄ ခုနှစ် နှစ်ဆန်းမှစတင်၍ အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့များ၌ ဆောင်ရွက်လျက်ရှိပြီး တောင်ကြီးမြို့၊ ပြည်မြို့၊ သံတွဲမြို့၊ ပုသိမ်မြို့၊ မော်လမြိုင်မြို့၊ မကွေးမြို့၊ မြိတ်မြို့၊ ညောင်ဦးမြို့နှင့် မြစ်ကြီးနားမြို့တို့သို့သွားရောက်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၇၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာနှင့် စုပေါင်းရေစက်သွန်းလောင်းအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၇၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့် စုပေါင်းရေစက်သွန်းလောင်း အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ အဆိုပါစေတီတော်ဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးအား ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြသည်။

ထို့နောက် စုပေါင်းရေစက်သွန်းလောင်းအလှူတော်မင်္ဂလာအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တကေသရာဘိဝံသ(မစိုးရိမ်) ဆရာတော်ထံမှ ညွှန်ပရိတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များချီးမြှင့်တော်မူသည့် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် (၇၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးလှထွန်းက ဗုဒ္ဓပူဇနီယ



ပွဲတော်ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

ထို့နောက် ဘဒ္ဒန္တကေသရာဘိဝံသ (မစိုးရိမ်)ဆရာတော်ထံမှ ကုသိုလ်ကောင်းမှု အစုစုတို့အတွက် အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် မြတ်စွာဘုရားရှင်နှင့် အဂ္ဂသာဝက ရဟန္တာအရှင်မြတ်ကြီးများ၊ ဩဝါဒါစရိယဆရာတော်ကြီးများအပါအဝင် ပင့်သံဃာတော် ၄၅ ပါးတို့အား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မွန်ပြည်နယ်အတွင်း မြန်မာလုပ်သားထုကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်သမားဥပဒေများ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာလုပ်သားထု ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်သမားဥပဒေများ အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်နှင့် အလုပ်သမားရေးရာဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးက အလုပ်သမားဝန်ကြီးဌာန အနေဖြင့် အလုပ်သမားရေးရာဥပဒေများနှင့်အညီ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် မျှော်မှန်းချက်ချထားပြီး မြန်မာနိုင်ငံတွင် အရည်အချင်းပြည့်ဝသည့် လုပ်သားအင်အားထု ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ကြောင်း၊ မွန်ပြည်နယ်အတွင်း လျှပ်စစ်တပ်ဆင်မှုကျွမ်းကျင်၊ အဆောက်အအုံလက်သမား၊ အုတ်စီလုပ်သား၊ ရော်ဘာအစေးခြစ်လုပ်သား၊ သံချည်သံကွေးလုပ်သား၊ ဟိုတယ် စားပွဲထိုးဝန်ထမ်း၊ အိပ်ခန်းဆောင် ဝန်ထမ်းအလုပ်အကိုင်များအတွက် NSSA အသိအမှတ်ပြုကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းကို ၂၀၁၄ ခုနှစ်မှ ယနေ့ထိဖြေဆိုသူ ၁၀၃၄ ဦးအနက် အရည်အသွေးပြည့်မီသူ ၉၈၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ မွန်ပြည်နယ်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အဓိကလိုအပ်သည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် MSME လုပ်ငန်းရှင်များက ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် (EC) စာချုပ်ချုပ်ဆိုခြင်းဖြင့် အလုပ်ရှင်နှင့် အလုပ်သမားများသည် အလုပ်သမားရေးရာဥပဒေပါ ခံစားခွင့်များကို သိရှိနားလည်၍ အငြင်းပွားမှုလျော့နည်းစေပြီး လုပ်ငန်းခွင်တည်ငြိမ်အေးချမ်း၍ ကုန်ထုတ်လုပ်မှုပိုမိုတိုးတက်လာနိုင်ခြင်း၊ အငြင်းပွားမှုမဖြစ်စေရန် ကြိုတင်ကာကွယ်နိုင်ခြင်း၊ အငြင်းပွားမှုဖြစ်ပွားပါက အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (Workplace Coordinating Committee-WCC)အဖွဲ့က EC စာချုပ်ဖြင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်သဖြင့် နှစ်ဦးနှစ်ဖက် ရာနှုန်းပြည့်ချုပ်ဆိုရန်လိုအပ်ကြောင်း၊ ကျွမ်းကျင်လုပ်သား မွေးထုတ်ပေးနိုင်ရေး ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ အလုပ်ရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကူညီဆောင်ရွက်ရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ညောင်ဦးခရိုင်ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့နှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များကို ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လေကြောင်းလိုင်းများမှတစ်ဆင့် လာရောက်လည်ပတ်ကြသည့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသဆိုင်ရာ သတင်းအချက်အလက်များကို လွယ်ကူစွာသိရှိနိုင်ရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ညောင်ဦးလေဆိပ်အတွင်း ဖွင့်လှစ်ထားသည့် သတင်းပြန်ကြားရေးကောင်တာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နိုင်ငံပိုင်ဟိုတယ်များဖြစ်သည့် သရပါဟိုတယ်၊ ပုဂံသံတဲဟိုတယ်၊ သီရိပစ္စယာဟိုတယ်နှင့် စန္ဒာဟိုတယ်တို့သို့သွားရောက်၍ ဟိုတယ်များတွင် ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ် (Hotels Guest List Management System-HGLMS) အသုံးပြုနေမှု၊ ဟိုတယ်သို့ လာရောက်တည်းခိုနေထိုင်ကြသည့် ခရီးသွားဧည့်သည်များကို ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံစိတ်ချမှုရှိစေရေး စသည့် အရည်အသွေးရှိသော ဝန်ဆောင်မှုများပေးနိုင်ရေးနှင့် ဟိုတယ်အဆောက်အအုံများ နိုင်ငံတကာအဆင့်မီကောင်းမွန်ပြီး အမြင်တင့်တယ်မှုရှိစေရေး ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် Bagan Information and Training Center (BITC)သို့ သွားရောက်၍ ပုဂံသတင်းပြန်ကြားရေးကောင်တာနှင့် Virtual Reality Tour ပြခန်းကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ညောင်ဦးခရိုင် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organization-DMO)နှင့် ပုဂံမြို့ရှိ Aureum Palace Hotel & Resort ၌



တွေ့ဆုံပြီး ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် DMO များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသောကြောင့် DMO တွင်ပါဝင်သည့် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ဒေသ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို အားသွန်ခွန်စိုက်ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးအောင်က ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (DMO)များ ဖွဲ့စည်းဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်နေမှုနှင့် တွေ့ကြုံရသည့်အခက်အခဲများကိုတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆင့်ငှမအကြိမ် ရန်ကုန်တိုင်းဒေသကြီး သံဃာ့ဝန်ဆောင်(ပဥ္စမ)နှစ်ပတ်လည်အစည်းအဝေးအခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး သံဃာ့နာယက အဖွဲ့ အဋ္ဌမအကြိမ် တိုင်းသံဃာ့ဝန်ဆောင် (ပဥ္စမ) နှစ်ပတ်လည်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ရုံး မင်္ဂလာဈေးဗိမာန်ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းသံဃနာယကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး သံဃာ့ဝန်ဆောင်ဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညို ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဇနက၏ ဩဝါဒကထာကို ရန်ကုန်တိုင်းဒေသကြီး ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တအာဒိစ္စဝံသက ဖတ်ကြား လျှောက်ထားသည်။

ဆက်လက်၍ သဘာပတိဆရာတော် ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး သံဃာ့နာယကဥက္ကဋ္ဌ ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အဂ္ဂသာမိက အဖွင့်ဩဝါဒါကထာမြွက် ကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက သာသနာရေး ဆိုင်ရာများလျှောက်ထားပြီး သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း ကြသည်။

ယင်းနောက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ်နှင့်ရန်ကုန်တိုင်းဒေသ ကြီးဝန်ကြီးများက လက်ခံရယူ၍ ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် သဘာပတိ ဆရာတော် ရန်ကုန်တိုင်းဒေသကြီး သံဃ နာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တအဂ္ဂသာမိထံမှ



ရေစက်ချတရားနာယူကြသည်။

ယင်းနောက် သာသနာ့ရေးရာဆောင် ရွက်ချက်အစီရင်ခံစာကို ရန်ကုန်တိုင်းဒေသ ကြီးသံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလကလည်းကောင်း၊ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်အစီရင်ခံစာကို ရန်ကုန် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တသီရိန္ဒကလည်းကောင်း၊ ပညာရေး ဆိုင်ရာဆောင်ရွက်ချက် အစီရင်ခံစာကို ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဝင်ဘဒ္ဒန္တဝိသာရဒက လည်းကောင်း ဖတ်ကြားကြပြီး သဘာပတိဆရာတော် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တအဂ္ဂသာမိက နိဂမနကထာ မြွက်ကြားကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့ ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဝါးခယ်မမြို့နယ် ကြာပြုကျေးရွာ၌ ရုရှားသဘာဝမြေဩဇာသုံး နေကြာစိုက်ခင်း ရိတ်သိမ်းပြီးစီးမှုကို ဒုတိယဝန်ကြီး ဦးမြင့်စိုး ကြည့်ရှုအားပေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်း တွင် ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့ နယ် ကြာပြုကျေးရွာရှိ ရွှေကြာဖြူ(၁) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးဝင်းဗိုလ်၏ နေကြာ၊ မြေပဲစိုက်ခင်းများအနက် ရုရှား သဘာဝမြေဩဇာအသုံးပြု၍ စိုက်ပျိုးထား သော ဆင်းရွှေကြာ-၂ နေကြာမျိုး တစ်ဧက ရိတ်သိမ်းပြီးစီးမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ နေကြာစမ်းသပ်စိုက်ခင်းကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် စိုက်ပျိုးခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီ ၁၈ ရက် တွင် ရိတ်သိမ်းခဲ့ရာ တစ်ဧကအစိုအထွက် နှုန်း ၇၂တင်း၊ အခြောက်အထွက်နှုန်း ၆၈ တင်း ထွက်ရှိခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အသင်းသားတောင်သူများ၏ စိုက်ပျိုးရေး နှင့် ဒေသဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


## မှတ်ပုံတင်သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်း မရှိသည့်အတွက် မှတ်ပုံတင်ပျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထား ထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေး အတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ် သည့် ၁၉၈၀ Model နှင့်၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော် ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ် ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ် အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည်မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်း ကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးများတွင် (၁-၂-၂၀၂၄)ရက်မှ (၃၁-၇-၂၀၂၄)ရက်ထိ ခြောက်လကာလ အတွင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင် ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက် သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ် ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


☆ **ဈေးအနှုန်းဆိုမှု**

စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၁၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းများအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ် ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည် နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တန့်ဆည်မြို့နယ် ကံထူးမကျေးရွာတစ်ခုလုံးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ကံထူးမကျေးရွာကို ဖေဖော်ဝါရီ ၂၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း သတင်းတု၊သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ကံထူးမကျေးရွာရှိ နယ်မြေရှဲစခန်းကို PDF အမည်ခံအကြမ်းဖက်သမားများက ဖေဖော်ဝါရီ ၂၁ ရက်တွင် လာရောက်တိုက်ခိုက်ခဲ့သည့်အတွက် ကံထူးမကျေးရွာအနီးတွင် လုံခြုံရေးပူးပေါင်းအဖွဲ့များနှင့် အကြမ်းဖက်သမားများနှစ်ဖက်တိုက်ပွဲဖြစ်ပွားခဲ့ရာ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များ၏ ထိရောက်သောလက်နက်ကြီး ပစ်ခတ်မှုများကြောင့် အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာနှင့်အနီးတစ်ဝိုက်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိပြီး ကံထူးမကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေသည်ဆိုသည်မှာ မှန်ကန်မှုမရှိသည့်သတင်းမှားသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် သတင်းတု၊သတင်းမှားများကို လုပ်ကြံရေးသားပြီး ပြည်သူများကို သတင်းအဆိပ်ခတ်ဖြန့်ဝေလျက်ရှိရာ ၎င်းတို့၏ လုပ်ကြံသတင်းမှားများအပေါ် ပြည်သူများအထင်အမြင်လွဲမှားမှုမရှိစေရန်အတွက် နိုင်ငံပိုင်သတင်းဌာနများနှင့် သတင်းစာများတွင် သတင်းအမှန်များကို အချိန်နှင့် တစ်ပြေးညီထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤




# အသက် ၁၈ နှစ်နှင့် ၃၅ နှစ်အကြား ရခိုင်လူငယ်များကို ရန်ကုန်မှ ရခိုင်သို့ လေယာဉ်ဖြင့် သွားလာခွင့်ပိတ်ပင်ကန့်သတ်ထားကြောင်း သတင်းတု၊သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

အသက် ၁၈ နှစ်နှင့် ၃၅ နှစ်အကြား




ရခိုင်လူငယ်များကို ဖေဖော်ဝါရီ ၂၄ ရက်မှစတင်၍ ရန်ကုန်မှ ရခိုင်သို့ လေယာဉ်ဖြင့် သွားလာခွင့်ပိတ်ပင်ကန့်သတ်ထားကြောင်း ကောလာဟလသတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများအထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အသက် ၁၈ နှစ်နှင့် ၃၅ နှစ်အကြား ရခိုင်လူငယ်များကို ရန်ကုန်မှ ရခိုင်သို့ လေယာဉ်ဖြင့်သွားလာခွင့် ပိတ်ပင်ကန့်သတ်ထားခြင်းမရှိကြောင်းနှင့် ကောလာဟလသတင်းမှားများသာဖြစ်ကြောင်း သိရှိရသည်။ တရားမဝင်ပြည်ဖျက်မီဒီယာများ၏ သတင်းတု၊သတင်းမှားများသည် ပြည်သူများကို ကြောက်ရွံ့ထိတ်လန့်လာစေပြီး နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# မိုင်းရှူးမြို့တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော၊ လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြဇာတ်တိုက်လေ့ကျင့်

**မိုင်းရှူး ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့ မြို့မဈေးတွင် မြို့နယ်စည်ပင်သာယာရေးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲပိုင်းက အဆိုပါဈေးအနီးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဦးစွာ မိုင်းရှူးမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေဇင်ဖြိုးမှ မီးဘေးအန္တရာယ်ဖြစ်ပွားစေနိုင်သည့် အကြောင်းအရာများ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရှောင်ရန်၊ဆောင်ရန်၊ လိုက်နာရန်အချက်များ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဈေးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ နေအိမ်များတွင် မီးသတ်ဆေးဘူးများစနစ်တကျထားရှိရေး၊ ဈေးများတွင်မီးလောင်လွယ်သောပစ္စည်းများကို သိုလှောင်ထားရှိမှုမရှိစေရေး၊ လျှပ်စစ်မီးအသုံးပြုရာတွင် ဝန်နှင့်အား မျှတအောင်သုံးစွဲကြရန်စသည်တို့ကို အကျယ်တဝင့်ပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် ဈေးသူဈေးသားများက မီးသတ်ဆေးဘူးများအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်းကို သရုပ်ပြလေ့ကျင့်ကြပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်းများကိုလက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ကြသည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်နည်း သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းသို့ မိုင်းရှူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းထိုက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဈေးသူဈေးသားများတက်ရောက်ခဲ့ကြောင်း မိုင်းရှူးမြို့နယ်စည်ပင်သာယာရေးဌာနမှ သိရသည်။

**ကျော်ဇေဦး(မော်ရှမ်းမြေ)**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Kyaw Thu Naing"Facebookအကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အမှတ်(၄)ရပ်ကွက်နေ ကျော်သူနိုင် ကို နံနက် ၁၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "Nihsa Awadnap"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ဂေါင်းဦးဘာကျေးရွာနေ မျိုးမင်းထူးအား နံနက် ၁၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "KoShein" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကွင်းရပ်ရပ်ကွက်နေ နေလင်းထွန်း(ခ)မင်းသားအား ည ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၂၆-၂-၂၀၂၄ (တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့ |
| ၂။ | ၁၀း၄၆ | Master Chef |
| ၃။ | ၁၃း၃၀ | Live For You |
| ၄။ | ၁၅း၀၀ | Fighting Music |
| ၅။ | ၁၇း၀၀ | သွေးချင်းတို့ဌာနေ |
| ၆။ | ၁၉း၃၀ | International Song |

# ဩစတြေးလျနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုအရှိန်မြင့်တက်ပြီး နေအိမ်များသို့ကူးစက်လောင်ကျွမ်း



**ကင်ဘာရာ ဖေဖော်ဝါရီ ၂၅**

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ် ဘောလာရက်နယ်မြေတွင် အပူချိန်မြင့်တက်လာခြင်းကြောင့် တောမီးလောင်ကျွမ်းမှုအရှိန်မြင့်တက်ပြီး နေအိမ်များသို့ ကူးစက်လောင်ကျွမ်းမှုဖြစ်ပေါ်နေကြောင်း ဗစ်တိုးရီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံဦးရေ ၂၀၀၀ ကျော် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပြီး တောမီးကို ထိန်းချုပ်နိုင်ရန် ကြိုးစားနေသော်လည်း ရာသီဥတုအခြေအနေကြောင့် တောမီးကို ထိန်းချုပ်နိုင်ရန် ခက်ခဲနေဆဲဖြစ်ကြောင်း၊ ဗစ်တိုးရီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားသည့်နေရာ ၁၅ နေရာ ထိရှိလာခဲ့ပြီဖြစ်ကြောင်း ဗစ်တိုးရီးယားပြည်နယ် မီးသတ်တပ်ဖွဲ့က ထုတ်ပြန်သွားခဲ့သည်။

"တောမီးလောင်ကျွမ်းမှုအရှိန်မြင့်တက်လာခဲ့ပြီး နေအိမ်တွေဆီကို တောမီးကူးစက်လောင်ကျွမ်းနေပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် နေအိမ် ၁၅ လုံးထိပျက်စီးသွားခဲ့တယ်။ တောမီးလောင်ကျွမ်းတဲ့ဧရိယာက ပိုပြီးတော့ကျယ်လာသလို တောမီးလောင်ကျွမ်းမှုပမာဏကိုလဲ ဒုတိယအမြင့်ဆုံးပမာဏအဖြစ် သတ်မှတ်ထားပါတယ်"ဟု ဗစ်တိုးရီးယားပြည်နယ် ဝန်ကြီးချုပ် ဂျာဆင်တာက ပြောကြားသွားခဲ့သည်။

တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် ဖေဖော်ဝါရီ ၂၄ ရက်တွင် ဗစ်တိုးရီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၀၀၀ ကျော်ထိ တိုးမြှင့်စေလွှတ်ပေးခဲ့ပြီး လေကြောင်း အကူအညီပေးရန်အတွက်လည်း လေယာဉ်အစင်းရေ ၅၀ ထိ တိုးမြှင့်အသုံးပြုလျက်ရှိကြောင်း ဗစ်တိုးရီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# ဂျပန်အစိုးရက ငလျင်ဒဏ်သင့်ပြည်သူများကို ယန်း ၁၀၀ ဘီလီယံထိ တိုးမြှင့်ပံ့ပိုးသွားမည်

**တိုကျို ဖေဖော်ဝါရီ ၂၅**

ဂျပန်အစိုးရက မြေငလျင်ဒဏ်သင့်ပြည်သူများကို မိသားစုတစ်စုလျှင် ယန်း ခြောက်သန်း ပံ့ပိုးပေးထားပြီး နေအိမ်များ ပြန်လည်တည်ဆောက်ပေးရေးအတွက် ယန်း ၁၀၀ ဘီလီယံထိ တိုးမြှင့်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဂျပန်နိုင်ငံတွင် ပြီးခဲ့သည့်နှစ်သစ်ကူးကာလက အီရှီကာဝါ စီရင်စုဒ္ဓ ပြင်းအား ၇ ဒသမ ၆ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုပမာဏ မြင့်မားခဲ့သဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ဂျပန်အစိုးရက မြေငလျင်ဒဏ်သင့်ပြည်သူများအတွက် ပံ့ပိုးပေးမှုအနေဖြင့် ယခင်က နှစ်ကြိမ်တိုင်တိုင် ပံ့ပိုးပေးအပ်ထားပြီးဖြစ်သကဲ့သို့ တတိယအကြိမ် ထပ်မံပံ့ပိုးပေးရန် ပြင်ဆင်လာခြင်းလည်းဖြစ်ကြောင်း၊ တတိယအကြိမ် ပံ့ပိုးပေးပြီးပါက မြေငလျင်ဒဏ်သင့်ပြည်သူများအတွက် စုစုပေါင်းပံ့ပိုးပေးအပ်မှုမှာ ယန်း ၂၅၀ ဘီလီယံထိရှိလာမည်ဖြစ်ကြောင်း၊ တတိယအကြိမ်ငွေကြေးပံ့ပိုးမှုကို ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက ဖေဖော်ဝါရီ ၂၄ ရက်က တရားဝင်ထုတ်ပြန်လိုက်ပြီဖြစ်ပြီး လာမည့်ရက်ပိုင်းအတွင်း လွှတ်တော်က ထပ်မံအတည်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြေငလျင်ဒဏ်သင့်ပြည်သူတွေကို တတိယအကြိမ် ငွေကြေးပံ့ပိုးမှုတွေပြုလုပ်ပေးသွားမှာဖြစ်ပါတယ်။ ယန်း ၁၀၀ ဘီလီယံ ထပ်မံပံ့ပိုးပေးသွားမှာဖြစ်ပြီးတော့ လွှတ်တော်ရဲ့ အတည်ပြုချက်ရပြီးရင် ငွေကြေးပံ့ပိုးမှုတွေကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက ပြောကြားသွားခဲ့သည်။

တတိယအကြိမ်ပံ့ပိုးပေးအပ်သွားမည့်အစီအစဉ်အရ မြေငလျင်ကြောင့် ရာနှုန်းပြည့်ပျက်စီးသွားသည့်နေအိမ်များကို ဦးစားပေးပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ နေအိမ်ပျက်စီး၍ အိမ်ငှားနေထိုင်မည့်ပြည်သူများကိုလည်း အိမ်ငှားစရိတ် ပံ့ပိုးပေးမည်ဖြစ်ပြီး ယာယီနေအိမ်များလည်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရက ထုတ်ပြန်သွားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# အိန္ဒိယနိုင်ငံရှိ အင်ဒီယာနီမြစ်အတွင်း ရေထုညစ်ညမ်းမှုစစ်တမ်းကောက်ယူသွားမည်

**နယူးဒေလီ ဖေဖော်ဝါရီ ၂၅**

အိန္ဒိယနိုင်ငံ မဟာရက်ထရာခရိုင်ရှိ အင်ဒီယာနီမြစ်အတွင်း အဆိပ်အတောက် ဖြစ်စေသောအမြှုပ်များ ဖြစ်ပေါ်မှုနှင့် ရေထုညစ်ညမ်းလာမှုများကြောင့် မတ်လပထမပတ်တွင် ရေထုညစ်ညမ်းမှုစစ်တမ်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်ရေအရင်းအမြစ်အာဏာပိုင်များက ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အင်ဒီယာနီမြစ်အတွင်း အဆိပ်အတောက်ဖြစ်စေသော အမြှုပ်များဖြစ်ပေါ်နေမှုနှင့် ရေထုညစ်ညမ်းမှုမကြာခဏ ဖြစ်ပွားနေခြင်းကြောင့် ပြည်နယ်ရေထုညစ်ညမ်းမှုထိန်းချုပ်ရေးအဖွဲ့နှင့် ဒေသဆိုင်ရာမြူနီစီပယ်အဖွဲ့တို့ပူးပေါင်း၍ ရေထုညစ်ညမ်းမှု ဖြစ်ပွားရသည့်အရင်းအမြစ်များကို ရှာဖွေဖော်ထုတ်ရန် စစ်တမ်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။



"မြစ်အတွင်း ရေထုညစ်ညမ်းမှု ပူးတွဲစစ်ဆေးမဲ့ရက်ကို အတည်မပြုရသေးပေမဲ့ မတ်လ ပထမပတ်ထဲမှာ ဆောင်ရွက်သွားမှာဖြစ်ပြီး မြစ်အတွင်းစီးဝင်နေတဲ့ ချောင်းတွေ၊ မြောင်းတွေကိုပါ စစ်ဆေးသွားမှာပါ"ဟု ပြည်နယ်ရေထုညစ်ညမ်းမှု ထိန်းချုပ်ရေးအဖွဲ့မှ ဒေသခွဲအရာရှိဖြစ်သူ မန်ချက်ဂျန်ဒက်က ပြောကြားခဲ့သည်။

အဆိုပါ မြစ်ရေညစ်ညမ်းမှုသည် မြစ်အနီးတွင်နေထိုင်သော အိမ်ထောင်စုများ၏ မိလ္လာရေနှင့် ရေဆိုးများကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း အာဏာပိုင်များက ကနဦးစစ်ဆေးချက်များအရ အတည်ပြုခဲ့ကြသော်လည်း ပြည်သူအများစုနှင့် သဘာဝပတ်ဝန်းကျင်တက်ကြွလှုပ်ရှားသူများက မြစ်ကမ်းတစ်လျှောက်ရှိ စက်မှုလုပ်ငန်းများကြောင့်ဖြစ်သည်ဟု ထောက်ပြပြောဆိုမှုများရှိနေကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**

# စပိန်နိုင်ငံတွင် ဇီဝလောင်စာစက်ရုံ တည်ဆောက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်

**မက်ဒရစ် ဖေဖော်ဝါရီ ၂၅**

စပိန်နိုင်ငံတွင် ယခုနှစ်အတွင်း ဇီဝလောင်စာစက်ရုံ တည်ဆောက်သွားမည်ဖြစ်ကြောင်း စပိန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ဇီဝလောင်စာစက်ရုံကို ဥရောပတောင်ပိုင်း၏ အကြီးမားဆုံးသောစက်ရုံအဖြစ်တည်ဆောက်သွားမည်ဖြစ်ပြီး Cepsa နှင့် Api-cal Group ဇီဝလောင်စာကုမ္ပဏီတို့က တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲဒီဇယ်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော လေကြောင်းလောင်စာ တစ်နှစ်လျှင် မက်ထရစ်တန်ချိန် ၅၀၀၀၀၀ ထိ ထုတ်လုပ်နိုင်ရန် ရည်ရွယ်ထားကြောင်း၊ လက်ရှိဆယ်စုနှစ်အကုန်ပိုင်းမှ စတင်၍ တစ်နှစ်လျှင် မက်ထရစ်တန်ချိန် ၈၀၀၀၀၀ ထိ ထုတ်လုပ်နိုင်ရန်လည်း ရည်ရွယ်ထားကြောင်း၊ ရုပ်ကြွင်းလောင်စာနေရာများတွင် ဇီဝလောင်စာများဖြင့် အစားထိုးနိုင်ရေးအတွက် အဓိကရည်ရွယ်သကဲ့သို့ ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ရောက်ရှိရန်လည်း ရည်ရွယ်ထားကြောင်း စပိန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

အဆိုပါ ဇီဝလောင်စာစက်ရုံ တည်ဆောက်ရေးတွင် ယူရို ၁ ဒသမ ၂ ဘီလီယံထိ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ စက်ရုံကိုလည်း ၂၀၂၆ ခုနှစ်တွင် စတင်လည်ပတ်နိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်သွားမည်ဖြစ်ကြောင်းလည်း Apical Group ဇီဝလောင်စာကုမ္ပဏီက ထုတ်ပြန်သွားခဲ့သည်။

အဆိုပါစက်ရုံကို ဟွာဗာဆိပ်ကမ်းအနီးတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ Cepsa ကုမ္ပဏီသည် ဒူဘိုင်းအခြေစိုက်ကုမ္ပဏီဖြစ်ပြီး ဇီဝလောင်စာစက်ရုံတည်ဆောက်မှုအပိုင်းတွင် အတွေ့အကြုံရှိသည့်ကုမ္ပဏီဖြစ်ကြောင်း၊ စပိန်နိုင်ငံ၏ ကာဗွန်ထုတ်လွှတ်မှုသုညမှတ်ရောက်ရှိရေးစီမံချက်အတွက် Cepsa နှင့် Apical Group ဇီဝလောင်စာကုမ္ပဏီတို့က ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဇီဝလောင်စာထုတ်လုပ်ရာတွင် အော်ဂဲနစ်စွန့်ပစ်ပစ္စည်းများ၊ အသုံးပြုပြီး စားသုံးဆီများကို ပြန်လည်အသုံးချ၍ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

စပိန်အာဏာပိုင်အဖွဲ့အစည်းအနေဖြင့်လည်း ဇီဝလောင်စာကို သယ်ယူပို့ဆောင်ရေးကဏ္ဍမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးအတွက် အဓိကအသုံးပြုသွားရန် ရည်ရွယ်ထားပြီး ကုန်းလမ်းပို့ဆောင်ရေးအပြင် လေကြောင်းပို့ဆောင်ရေးကဏ္ဍများတွင်လည်း အသုံးပြုသွားရန် စီစဉ်ထားကြောင်း ထုတ်ပြန်သွားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

## မီးလောင်နေစဉ်တွင် လိုက်နာရန်အချက်များ

၁။ အလွန်အမင်းကြောက်ရွံ့ထိတ်လန့်မှုမဖြစ်ပါနှင့်၊ သတိရှိပါ။တည်ငြိမ်မှုရှိပါ။



၂။ မိမိ ပြင်ဆင်ထားသော မီးသတ် ပစ္စည်းများဖြင့် ငြှိမ်းသတ်ပါ။ တစ်ချိန်တည်းတွင် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။ မီးသတ်ကို အကြောင်းကြားပါ။




၃။ မီးခိုးများ ပြည့်နေသော အခန်းအတွင်းမှလွတ်မြောက်ရာသို့ထွက်ရာတွင် ကြမ်းပြင်ပေါ်တွားသွားပြီးထွက်ခွာပါ။ ( ကြမ်းပြင်ပေါ် တွားသွားခြင်းဖြင့် အောက်စီဂျင် ပြတ်လပ် ခြင်းကို ကာကွယ်နိုင်ပြီး ရှေ့မြင်ကွင်းကို မြင်နိုင်ကာ ထွက်ပေါက်ရှိရာကိုလည်း မြင်သာသောကြောင့်ဖြစ်သည်။)



၄။ မျက်နှာအား မီးလောင်ခြင်းမှ ကာကွယ်ရန်နှင့် မီးခိုးများမရှူမိစေရန် ရေစိုအဝတ်(သို့)လက်နှစ်ဖက်ဖြင့် မျက်နှာကိုကာကွယ် ဖုံးအုပ်ထားပါ။

၅။ မီးသတ်ယာဉ်များအမြန်ရောက်ရှိစေရေး ကူညီဆောင်ရွက်ပါ။



# ပုံပြင်ထဲက ဆီမီးခွက်

မြိုင်ချမ်းအောင်(နတ်တလင်း)

(၁)

"ကိုယ့်စိတ်ကို ထိန်းပါအုံး အေးကြည်ရယ်။ မငိုပါနဲ့တော့"

အနားရှိသူများက ဝိုင်းဝန်းချော့မော့ကြသော်လည်းမရပေ။ မအေးကြည်တစ်ယောက် ခင်ပွန်းဖြစ်သူ ကိုမောင်ခင်ကိုမြှုပ်နှံထားသည့် မြေပုံဘေးတွင်ထိုင်လျက် ငိုနေမြဲသာ။ သင်္ချိုင်းဝါတစ်ခုကံတစ်ခုမှ ဗုဒ္ဓ၏ အဆုံးအမတရားများကို မအေးကြည် နားလည်ထားသော်လည်း မဖြေသာခဲ့။ ခင်ပွန်းဖြစ်သူ ကိုမောင်ခင်သည် မိမိတို့သားအမိကို ယခုလို စောစီးစွာထားသွားမည်ဟု မထင်မှတ်ခဲ့ပေ။ သို့သော် ကိုမောင်ခင်သည် ကောက်ကာငင်ကာ အမြင်းဖျား၍ မအေးကြည်တို့သားအမိကို စွန့်ခွာသွားခဲ့လေပြီမဟုတ်လား။ ထို့ကြောင့် တရားနှင့်လည်းမဖြေနိုင်ပေ။ ကိုမောင်ခင်၏အမည်ကို ဟစ်အော်ရင်းသာ မအေးကြည်တစ်ယောက် မျက်ရည်များသွင်သွင်စီးကျနေခဲ့၏။ အနားတွင်ရှိနေသော ၁၀နှစ် သားလေး ကိုဖြိုးသည်မျက်ရည်များသုတ်၍ အမေဖြစ်သူ မအေးကြည်၏ဘေးတွင်ထိုင်နေရင်း ဖခင်ဖြစ်သူကို မြှုပ်နှံထားသော မြေပုံမို့မို့လေးကိုငေးကြည့်နေသည်။ ကိုမောင်ခင်၏ နောက်ဆုံးခရီးကို လိုက်ပို့ကြသူများကလည်း ထိုအဖြစ်ကိုကြည့်၍စိတ်မကောင်း ဖြစ်နေကြသည်။ သို့သော် ကံစီမံရာဖြစ်တည်ကြသော ဘဝများမို့ဘာမျှမတတ်နိုင်ခဲ့ပေ။ ထို့ကြောင့် မအေးကြည်ကိုသာ ချော့မော့ပြောဆိုပြီး အားပေးနှစ်သိမ့်နေခဲ့သည်။ ဆွေမျိုးသားချင်းများက ဘယ်လိုပင်ချော့မော့နှစ်သိမ့်ကြပါစေ မအေးကြည်တစ်ယောက် မဖြေသာခဲ့ပေ။ စီးကျလာသော မျက်ရည်များကိုသုတ်၍ စိတ်ကိုအတတ်နိုင်ဆုံးတင်းထားလျက် ကိုမောင်ခင်၏ မြေပုံလေးကို မအေးကြည် နောက်ဆုံးအနေဖြင့် နှုတ်ဆက်ကန်တော့လိုက်၏။

(၂)

"ဘကြီးမောင် ကျွန်မဈေးရောင်းသွားမလို့ သားလေးကိုကြည့်ထားပေးပါအုံးနော်"

"ပြောစရာလိုသေးလို့လား အေးကြည်ရယ်။ ငါ့မြေးကို ငါထိန်းမှာပေါ့။ သွားစရာရှိတာသွား ဘာမှစိတ်ပူမနေနဲ့"

ဘကြီးမောင်၏စကားကြောင့် မအေးကြည်တစ်ယောက် ကျေနပ်စွာပြုံးလိုက်သည်။ ယခင်ကလည်း မအေးကြည်ဈေးရောင်းထွက်နေချိန်ဆိုလျှင် သားဖြစ်သူ ကိုဖြိုးကို ဘကြီးမောင်နှင့်အမြဲထားခဲ့နေကျမို့ စိတ်ပူစရာမရှိပေ။ ဘကြီးမောင်ကလည်း ခင်ပွန်းဖြစ်သူ ကိုမောင်ခင်၏ဦးလေးမို့ ဆွေမျိုးအရင်းအချာပင်။ ထို့ကြောင့် သားဖြစ်သူ ကိုဖြိုးကို ဘကြီးမောင်အိမ်တွင်ထားခဲ့၍ မအေးကြည်တစ်ယောက် ဈေးရောင်းထွက်လာခဲ့၏။ ခင်ပွန်းဖြစ်သူ ကိုမောင်ခင်ရှိစဉ်တုန်းကဆိုလျှင် မအေးကြည်တစ်ယောက် အိမ်အလုပ်ကလွဲ၍ ဘာမျှမလုပ်ရပေ။ ကိုမောင်ခင်သည် ကြုံရာအလုပ်များကိုလုပ်၍ မိသားစုကိုရှာဖွေကျွေးမွေးခဲ့၏။ ယခုမူ အိမ်ထောင်ဦးစီးဟူသောတာဝန်က မအေးကြည်၏အပေါ်သို့ကျလာခဲ့၍ ဖတဆိုးသားလေးကိုလူလားမြောက်အောင်ပြုစုရပေဦးမည်။ ထို့ကြောင့် ဈေးဗန်းခေါင်းရွက်၍ ဝမ်းတစ်ထွာအတွက် မအေးကြည် ရုန်းကန်ရှာဖွေနေခဲ့သည်မဟုတ်လား။ တစ်ခါတစ်ရံ ခင်ပွန်းဖြစ်သူ ကိုမောင်ခင်သာရှိနေသေးလျှင် ကောင်းမှာပဲဟုတွေးရင်း မအေးကြည်တစ်ယောက်မျက်ရည်ကျရသည်မှာလည်း အကြိမ်ကြိမ်။ သို့သော် မဖြစ်နိုင်သောအရာမို့ စိတ်ထဲကြာကြာမထားခဲ့ပေ။ ဖတဆိုးသားလေးကိုဖြိုးအတွက်သာ မအေးကြည်ကြိုးစားနေခဲ့၏။ ထို့ကြောင့် မြို့ဈေးကနေ အသီးအရွက်နှင့်အသားငါးများကိုဖောက်သည်ယူကာ ရွာနီးချုပ်စပ်သို့လှည့်လည်ရောင်းချ၍ မအေးကြည်တစ်ယောက် ဝမ်းရေးအတွက်ရှာဖွေနေခဲ့၏။ အားကိုးရာမဲ့သွားသော မုဆိုးမဘဝမို့ မအေးကြည်သည် သားဖြစ်သူ ကိုဖြိုး၏ရှေ့ရေးအတွက် အတတ်နိုင်ဆုံးကြိုးစားရပေဦးမည်။

(၃)

ကျောင်းကနေအိမ်ပြန်ရောက်သည်နှင့် လွယ်အိတ်ကလေးဘေးချပြီး အမေဖြစ်သူ၏အလုပ်များကို တစ်ဖက်တစ်လမ်းကနေ တတ်နိုင်သမျှလေးကူညီပေးနေသော သားလေးကိုဖြိုးကိုကြည့်၍ မအေးကြည်တစ်ယောက်ဝမ်းသာပီတိဖြစ်နေသည်။ မုဆိုးမသားအမိဘဝမို့ အခက်အခဲများကတစ်ပုံတစ်ပင်ရှိသော်လည်း မအေးကြည်တစ်ယောက် နောက်အိမ်ထောင်မပြုခဲ့ပေ။ ထို့ကြောင့် ပင်ပန်းစွာရှာဖွေလုပ်ကိုင်နေရသော်လည်း မအေးကြည်အပြုံးမပျက်။ မိဘအပေါ် သိတတ်သော သားဖြစ်သူကြောင့်လည်း ဝမ်းသာဂုဏ်ယူနေရသည်။ ကျောင်းဖွင့်ရက်များဆိုလျှင် ကိုဖြိုးက ကျောင်းတက်နေ၍ မအေးကြည်တစ်ယောက် စိတ်ချလက်ချ ဈေးရောင်းထွက်လို့ရခဲ့၏။ ကျောင်းပိတ်ရက်များဆိုလျှင်တော့ အိမ်တွင်သားဖြစ်သူကို တစ်ယောက်တည်းထားခဲ့ရမည်ကို စိတ်မချသောကြောင့် ဘကြီးမောင်အိမ်သို့ပို့ထားခဲ့ပြီး ဈေးရောင်းပြန်ချိန်မှ မအေးကြည်ဝင်ခေါ်ရသည်။ ဘကြီးမောင်ကလည်း မြေးတော်စပ်သူကိုဖြိုးကို အလွန်ချစ်သောကြောင့် ဘယ်လောက်ပင်ထိန်းကျောင်းရပါစေ မညည်းညူခဲ့ပေ။ ထို့ကြောင့် မအေးကြည်သည် ဘကြီးမောင်အတွက် လုပ်အားခထဲမှတတ်နိုင်သမျှလေးဖြင့် အမြဲကန်တော့ခဲ့၏။ သည်နေ့က ကျောင်းဖွင့်ရက်ဖြစ်နေသောကြောင့် ကိုဖြိုးသည် ဘကြီးမောင်အိမ်သို့ မရောက်သေးပေ။ ထို့ကြောင့် မအေးကြည်က-

"သားရေ၊ အမေ ဟင်းတွေချိုင့်ထဲထည့်ထားတယ်။ ဘကြီးမောင်စားဖို့ သွားပေးပေးပါအုံး"ဟု ပြောလိုက်သည်။

မအေးကြည်တို့အိမ်တွင် ဟင်းကောင်းလေးများချက်သည့်နေ့ဆိုလျှင်တော့ ဘကြီးမောင်ကို စားဦးစားဖျားကန်တော့ရန် ဘယ်အခါမျှမမေ့ခဲ့ပေ။ ထို့ကြောင့် သားဖြစ်သူကျောင်းပြန်လာချိန်လေးမို့ ဟင်းချိုင့် သွားပို့ခိုင်းလိုက်၏။ ကိုဖြိုးကလည်း ဘကြီးမောင်အိမ်သွားရမည်မို့ ပျော်ရွှင်နေသည်။ ထို့နောက် ဟင်းချိုင့်လေးကိုလက်ကဆွဲ၍ ဘကြီးမောင်အိမ်သို့ ထွက်သွားသော သားဖြစ်သူကို တစ်ချက်လှမ်းကြည့်ရင်း မအေးကြည်တစ်ယောက် မပြီးပြတ်သေးသော အိမ်အလုပ်များကိုဆက်လုပ်နေခဲ့၏။ အိမ်တွင်သားအမိနှစ်ယောက်တည်းမို့ အိမ်အလုပ်များဖြင့် ရှုပ်ပွေလှသော်လည်း မအေးကြည်က သားဖြစ်သူကို မခိုင်းခဲ့ပေ။ သို့သော် သားဖြစ်သူကိုဖြိုးက မိဘအပေါ် သိတတ်စွာ ကူညီပေးလေသည်။ ထို့ကြောင့် မအေးကြည်သည် အလုပ်ပင်ပန်းသော်လည်း မနားဘဲ ကြိုးစားရုန်းကန်ရှာဖွေခဲ့ပြီး ပညာရေးဘက်တွင် ထူးချွန်သောသားတစ်ယောက်ဖြစ်စေရန်ဟူသော မျှော်လင့်ချက်လေးသာ ကြီးမားစွာထားခဲ့၏။

(၄)

သည်ရက်ပိုင်း အရောင်းအဝယ်မကောင်း၍ မအေးကြည်တစ်ယောက် စိတ်ညစ်နေသည်။ မြို့ဈေးတွင် ဖောက်သည်ယူရသော ကုန်များအတွက် လက်ငင်းငွေချေခဲ့ရပြီး ရွာတွင်ပြန်ရောင်းတော့ အကြွေးကျ၍ အရင်းပင်စိုက်ခဲ့ရလေပြီ။ ထို့ကြောင့် ရစရာရှိနေသောအကြွေးများကို လိုက်တောင်းသော်လည်းမရခဲ့။ မအေးကြည်သည် အခြားဈေးသည်များလိုရန်တွေ့မတောင်းတတ်၍ ရစရာရှိနေသော အကြွေးများလည်း ရမလာခဲ့ပေ။ တစ်နေ့လုပ် တစ်နေ့စားဘဝများမို့ ငွေကြေးအကျပ်အတည်းများရှိနေသည်ကို ကိုယ်ချင်းစာ၍ မအေးကြည်သည် ရစရာရှိနေသော အကြွေးများကို အတင်းမတောင်းခဲ့ပါ။ သည်ကြားထဲ အမြတ်ငွေမဆိုထားနှင့် အရင်းပင်ပြုတ်လုနီးပါးမို့ မအေးကြည် စိတ်ဓာတ်ကျမိ၏။ စာရင်းစာအုပ်ထဲတွင် ရှိနေသော အကြွေးများကိုပြန်စစ်၍ သည်နေ့တော့ ရအောင်တောင်းမည်ဟု တွေးလိုက်သည်။

"နေမကောင်းဘူးလား အမေ။ သား ဘာလုပ်ပေးရအုံးမလဲ"

ရစရာရှိနေသော ဈေးဖိုးငွေများအကြောင်းကို တွေးနေသော မအေးကြည်တစ်ယောက် သားဖြစ်သူ ကိုဖြိုး၏အသံကြားမှ သတိပြန်ဝင်လာခဲ့သည်။ ထို့ကြောင့် မအေးကြည်က-

"အတွေးများနေတာနဲ့ သား ကျောင်းက ပြန်လာတာကို အမေ မသိလိုက်ဘူး။ ဒီနေ့ ကျောင်းမှာဘာတွေ သင်လာရလဲ အမေ့ကိုပြောပြပါအုံး"

"သားတို့ဆရာမက စာသင်ပြီးတော့ အာလာဒင်နဲ့ ဆီမီးခွက်ပုံပြင်လေးပြောပြတယ် အမေရ။ ဆီမီးခွက်ကိုပွတ်လိုက်ရင် မီးခွက်စောင့်ဘီလူးကထွက်လာရောဒါဆို လိုရာဆုတောင်းလို့ရတယ်တဲ့ အမေ။ ဒီလို ဆီမီးခွက် သားတို့အိမ်မှာရှိရင်ကောင်းမယ်နော်။ ဆီမီးခွက်ကိုင်ပြီးဆုတောင်းလို့ရရင် အဖေပြန်လာပါလို့ သား ဆုတောင်းလိုက်မှာ။ အမေကကော ဘာဆုတောင်းမလဲဟင်"

ပုံပြင်ထဲကအကြောင်းများကို ပြောပြရင်း အဖေဖြစ်သူကိုသတိရ၍ စိတ်ထဲရှိသမျှများကိုပါပြောပြနေသော သားဖြစ်သူကိုကြည့်၍ မအေးကြည်တစ်ယောက်စိတ်မကောင်းဖြစ်မိသည်။ ပုံပြင်နှင့် လက်တွေ့သည် မဖြစ်နိုင်သောအကြောင်းများရှိနေသည်မို့ သားဖြစ်သူကိုဖြိုး၏အမေးကို မအေးကြည် ပြန်မဖြေခဲ့ပေ။ ဖခင်ဖြစ်သူ ပြန်လာစေချင်သော သားဖြစ်သူကိုဖြိုး၏ဆန္ဒမှာ ပြည့်ဝလာမည်မဟုတ်ပေ။ လူ့လောကတွင်မရှိတော့ဘဲ ဆုံးပါးသွားပြီဖြစ်သော ခင်ပွန်းဖြစ်သူ ကိုမောင်ခင်မှာ ပြန်လာနိုင်တော့မည်မဟုတ်ကြောင်း မအေးကြည် ကောင်းကောင်းသိနေလေသည်။ ထိုအသိစိတ်တို့နှင့်အတူ အဝေးတစ်နေရာသို့သာ ငေးနေမိပါတော့မည်။

**❖"သားတို့ဆရာမက စာသင်ပြီးတော့ အာလာဒင်နဲ့ ဆီမီးခွက်ပုံပြင်လေးပြောပြတယ် အမေရ။ ဆီမီးခွက်ကိုပွတ်လိုက်ရင် မီးခွက်စောင့်ဘီလူးကထွက်လာရော ဒါဆို လိုရာဆုတောင်းလို့ရတယ်တဲ့ အမေ။ ဒီလို ဆီမီးခွက် သားတို့အိမ်မှာရှိရင်ကောင်းမယ်နော်။ ဆီမီးခွက်ကိုင်ပြီးဆုတောင်းလို့ရရင် အဖေပြန်လာပါလို့ သား ဆုတောင်းလိုက်မှာ။ အမေကကော ဘာဆုတောင်းမလဲဟင်"ပုံပြင်ထဲကအကြောင်းများကိုပြောပြရင်း အဖေဖြစ်သူကိုသတိရ၍ စိတ်ထဲရှိသမျှများကိုပါပြောပြနေသော သားဖြစ်သူကိုကြည့်၍ မအေးကြည်တစ်ယောက် စိတ်မကောင်းဖြစ်မိသည်။❖**

# ခန္တီးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၄၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ခန္တီး ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၄၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

ခန္တီးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၁၅၁၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ခန္တီးမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲမျိုးစုံဧက ၁၅၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၄၁၆ ဧကစိုက်ပျိုးပြီးပါပြီ။ လျာထားချက်ကေပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပဲမျိုးစုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး စိုက်နည်းစနစ်တွေမှန်ကန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ခန္တီးမြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ၃၁ ဧက၊ စားတော်ပဲ ၃၆၅ ဧက၊ မြေထောက်ပဲ ဧက ၅၂၀၊ အခြားပဲဧက ၅၀၀ စုစုပေါင်း ၁၄၁၆ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မတ်ပဲဧက ၅၀၊ စားတော်ပဲ ၄၃၅ ဧက၊ မြေထောက်ပဲ ဧက ၅၂၀၊ အခြားပဲ ၅၀၅ ဧက စုစုပေါင်းဧက ၁၅၁၀ ဖြစ်ကြောင်း သိရသည်။

ခန္တီးမြို့နယ်တွင် ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါ ကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဘားအံမြို့နယ် ထောင်ဝိကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဘားအံ ဖေဖော်ဝါရီ ၂၅**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထောင်ဝိကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးဝင်းနိုင်၊ ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့် မြို့နယ်အင်ဂျင်နီယာဝန်ထမ်းများက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ထောင်ဝိကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး လုပ်ငန်းများကို အကျိုးရှိစွာအသုံးပြုရန်နှင့် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ထောင်ဝိကျေးရွာ၌ စိုက်ပျိုးရေရရှိရေးအတွက် ဆိုလာစနစ် တပ်ဆင်ခြင်းလုပ်ငန်းကို၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၈ ဒသမ ၈၂၇သန်းဖြင့် ICTS Myanmar ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးမှုကြောင့် ထောင်ဝိကျေးရွာရှိ တောင်သူများ၏ လယ်မြေဧက ၁၀၀ ကျော်အတွက်ရာသီမရွေး စိုက်ပျိုးရေလုံလောက်စွာရရှိနေပြီဖြစ်ကြောင်း သိရသည်။ **ဆက်လှ**



# ရေကြည်မြို့နယ် ဖန်ကပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေကြည် ဖေဖော်ဝါရီ ၂၅**

ရောဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖန်ကပင်ကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ဈေးဦးစွာ ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးတင်မောင်ဌေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ် ဦးစီးမှူးဒေါ်သန်းသန်းဆွေက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉ ဒသမ ၇၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဖန်ကပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၄ ဦးကို ငွေကျပ်၃၀ ဒသမ ၅၅သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၅ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ဦးကို ငွေကျပ် ၄ ဒသမ ၁သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၅ ဦးကို ငွေကျပ် ၃၉ ဒသမ ၇၅သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

## ကန်သာအင်းလေးဂုဏ်မွှေးကျော်

\- လောင်းလှေလှော်လာ ရေပြာပြာဝယ်
ငွေလွှာသင်ဖြူး ဖျပ်ဖျပ်မြူး၍
လှေဦးဆီမှ တေးသီကသို့
ကွကွလှော်လျက် ခြေလှော်တက်ဖြင့်
သွက်သွက်လှော်သွား ရွှေအင်းသား၏
သူ့အားသူ့မာန် ရိုးရာဟန်သည်
မျိုးမာန်ဝင့်ကြွား လွန်ခံ့ညား။

\- အင်းလေးကန်သာ တို့မြန်မာ၏
ရိုးရာဓလေ့ ကြည်မွေ့ဖွယ်စုံ
ဇာတိဂုဏ်ဖြင့် မွှေးထုံကြိုင်သင်း
ညွှန့်ခပင်းကို ရင်တွင်းလိုက်ဖို
တေးချိုချိုဖြင့် ကြိုဆိုကြမြန်
အိုးစည်သံဖြင့် ကဟန်နွဲ့နှောင်း
ကောင်းမွန်ထုံမွှေ့ အင်းဓလေ့။

\- ချိုသာနှုတ်ပြော ဖြူမနောဖြင့်
လှသောအင်းမြေ အလှဝေ၍
အရှည်တိုးတင့် မျိုးဂုဏ်မြင့်ကာ
ကြွားဝင့်ထည်ဝါ တို့မြန်မာသည်
သာယာမှုပေါင်း ကြွယ်ဝကြောင်းကို
ထပ်လောင်းဖန်ဖန် ရိုးရာဟန်ဖြင့်
နိုင်ငံတကာ ရွှေညွှန့်လာသော်
ကဗျာတေးဖြင့် ဖိတ်၍ခေါ်
ကန်သာအင်းလေးဂုဏ်မွှေးကျော်။ ။

**မောင်လေပြေ(တောင်တွင်း)**

# ကွန်ဟိန်းမြို့နယ် လိုက်ကမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွန်ဟိန်း ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လိုက်ကမ်ကျေးရွာအုပ်စု လိုက်ကမ်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဆန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ဈေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လိုက်ကမ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၄၀ ကို ငွေကျပ် ၃၅၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၁၂၅ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် ၁၀ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၉၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။ **ရွှေသန်းညွန့်**

# ရေငုပ်သင်္ဘောတင်ဒုံးကျည်အဆင့်မြှင့်တင်လျက်ရှိသော အိန္ဒိယ

မောင်စိန်အိ(နဘဲမြေ)



အိန္ဒိယ၏ ရေငုပ်သင်္ဘောတင် ခရုဇ်ဒုံးကျည် (SLCM) စမ်းသပ်တော့မည့် အခြေအနေသည် ပါကစ္စတန်နှင့်စပ်လျဉ်း၍ မဟာဗျူဟာမြောက်ဟန့်တားမှုနှင့် အိန္ဒိယသမုဒ္ဒရာအတွင်း တရုတ်နိုင်ငံနှင့် ယှဉ်ပြိုင်မှုမြင့်တက်လာချိန်တွင် ရေတပ်အဆင့်မြှင့်တင်မှု၏ ထူးခြားသောခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် မတ်လတွင် တိုင်းပြည်အရှေ့ဘက်ကမ်းခြေမှနေ၍ ကီလိုမီတာ ၅၀၀ ထိ ရောက်ရှိနိုင်သော SLCM ကို စမ်းသပ်သွားမည်ဖြစ်သည်။ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO)က သုတေသနပြုတည်ဆောက်ခဲ့သော SLCM သည် Project 75 India အရ အိန္ဒိယရေတပ်ကစီမံကိန်းရေးဆွဲထားသည့် သမားရိုးကျရေငုပ်သင်္ဘောများတွင် တပ်ဆင်သွားမည်ဖြစ်သည်။

Kalvari အတန်းအစား SSK ဟုလည်းလူသိများသော Project 75 India သည် ပြင်သစ်ဒီဇိုင်း Scorpene SSK ဖြစ်ပြီး အိန္ဒိယတွင် ငါးစင်းပိုင်ဆိုင်ထားရှိပြီး ကိုးစင်းထိ ပိုင်ဆိုင်နိုင်ရန်စီစဉ်ထားရှိသည်။ အိန္ဒိယနိုင်ငံ၏ SLCM သည် မူကွဲနှစ်မျိုးရှိပြီး ၎င်းတို့မှာ မြေပြင်တိုက်ခိုက်ရေးခရုဇ်ဒုံးကျည် (LACM)နှင့် သင်္ဘောဖျက်ခရုဇ်ဒုံးကျည် (ASCM) တို့ဖြစ်သည်။ SLCM ကို စနစ်တကျစမ်းသပ်ပြီး အိန္ဒိယ စစ်ဘက်တွင် အသုံးပြုပြီးနောက် မိတ်ဆွေနိုင်ငံများသို့ ရောင်းချသွားဖွယ်ရာရှိကြောင်း မျှော်မှန်းရပေသည်။ SLCM ၏စွမ်းဆောင်ရည်များသည် Nirbhay မြေပြင်အခြေစိုက်ခရုဇ်ဒုံးကျည် (GLCM) နှင့် စွမ်းဆောင်ရည်တူညီပြီး GLCM သည် ကျည်ထိပ်ဖူး ကီလိုဂရမ် ၄၅၀ သယ်ဆောင်နိုင်ပြီး အကွာအဝေး ကီလိုမီတာ ၁၀၀၀ ထိ ပစ်ခတ်ရောက်ရှိနိုင်သည်။

Nirbhay ကို မြေပြင်အခြေစိုက်ရွေ့လျားပစ်ခတ်ရေးစင်မှပစ်ခတ်နိုင်ပြီး ပေါက်ကွဲအားပြင်းကျည်ထိပ်ဖူးများသယ်ဆောင်နိုင်သည်။ ၎င်းဒုံးကျည်သည်အခဲလောင်စာအသုံးပြုသဖြင့် လောင်စာထပ်မံဖြည့်ရန်မလိုဘဲရုတ်ခြည်းပစ်ခတ်နိုင်စွမ်းရှိစေသည်။ ရွေ့လျားလမ်းကြောင်း ရှာဖွေရေးစနစ် (INS)၊ GPS သည် Nirbhay ကို ပဲ့ထိန်းလမ်းညွှန်ထားပြီး ပိုမိုတိကျရေးအတွက် ပြည်တွင်းထုတ် အိန္ဒိယဂြိုဟ်တုလမ်းကြောင်းရှာဖွေရေးစနစ်ကိုအသုံးပြုနိုင်သည်။ အိန္ဒိယနိုင်ငံအနေဖြင့် SLCM မူကွဲဖြစ်သည့် Brahmos အမျိုးအစားအသံလွန်ခရုဇ်ဒုံးကျည်ကိုလည်း စမ်းသပ်ပစ်ခတ်ထားရှိသည်။ ဘင်္ဂလားပင်လယ်အော်ကမ်းလွန်ရှိ ရေငုပ်သင်္ဘောပေါ်မှနေ၍ Brahmos SLCM ကို အောင်မြင်စွာစမ်းသပ်ပစ်ခတ်ခဲ့သည်။ ၎င်းဒုံးကျည်သည်ရေငုပ်သင်္ဘောပေါ်မှနေ၍ ထောင်လိုက်ပစ်ခတ်နိုင်ပြီး ကျည်ထိပ်ဖူးသည်အကွာဝေး ကီလိုမီတာ ၂၉၀ ထိ ရောက်ရှိပစ်ခတ်နိုင်သည်။ အထူးသဖြင့် Brahmos SLCM သည် ရေအနက် မီတာ ၅၀ ရှိ ရေငုပ်သင်္ဘောဝမ်းဗိုက်ပေါ်မှနေ၍ ပစ်ခတ်နိုင်စွမ်းရှိသည်။

Nirbhay သည် ဖြစ်ပေါ်လာနိုင်သည့် ပဋိပက္ခတွင် အသံလွန် Brahmos ကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။ Brahmos ဒုံးကျည်သည် ဈေးအဆမတန်ကြီးမားသောကြောင့် အရေအတွက်အများအပြား တပ်ဖြန့်ချထားနိုင်ခြင်းမရှိပေ။ ထို့ကြောင့် အရေးကြီးသောပစ်မှတ်များကို Brahmos ဒုံးကျည်နှင့် ချေမှုန်းနိုင်ရေးအတွက် ဈေးနှုန်းချိုသာသော Nirbhay နှင့် SLCM များသည် တာဝေးပစ်တိကျတိုက်ခိုက်ရေးစွမ်းဆောင်ရည်များကို ဆက်လက်ထိန်းသိမ်းထားရှိသည်။

အိန္ဒိယနိုင်ငံသည် GLCM ၊ SLCM နှင့်တာတိုပစ်၊ တာလတ်ပစ်ပဲ့ထိန်းဒုံးကျည် (SRBM၊MRBM) များ ပါဝင်သောဒုံးပျံတပ်ဖွဲ့များ ထူထောင်သွားရန်ကြိုးပမ်းလျက်ရှိသည်။ SLCM များသည် အိန္ဒိယ၏ မြေပြင်အခြေစိုက် ဒုံးပျံတပ်ဖွဲ့စွမ်းဆောင်ရည်ပိုမိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ကွပ်ကဲမှုနှင့်ထိန်းချုပ်မှုနေရာများ၊ အုပ်ချုပ်ထောက်ပံ့မှုဗဟိုအချက်အချာနေရာများ၊ လေယာဉ်ကွင်းများနှင့်ဆက်သွယ်ရေးချိတ်ဆက်မှုနေရာများကဲ့သို့သော နောက်ပိုင်းအခြေခံအဆောက်အအုံများတိုက်ခိုက်ရာတွင် SRBM ၊ MRBM များနှင့်အတူ SLCM များကို ပထမဦးဆုံးအသုံးပြုသွားမည်ဖြစ်သည်။ ထို့နောက် လေကြောင်းရန် ကာကွယ်ရေးစနစ်များ၊ အမြောက်လက်နက်များ၊ ဒုံးကျည်အခြေစိုက်စခန်းများ၊ တင့်ကားများကို ဖျက်ဆီးပြီးနောက် ရှေ့တန်းတွင် တပ်ဖြန့်ချထားသောတပ်ဖွဲ့များကို အပြီးသတ်ချေမှုန်းသွားရန်ရည်မှန်းထားရှိသည်။

အိန္ဒိယ၏ ဒုံးကျည်များသည် ပါကစ္စတန်နှင့် တရုတ်တို့ကို ဟန့်တားရာတွင် ၎င်း၏ နျူကလီးယားစွမ်းဆောင်ရည်ကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ တရုတ်နှင့်ပါကစ္စတန်တို့၏ တိုးတက်လာသောဒုံးကျည်စနစ်များနှင့် ဖြန့်ခွဲမှုစနစ်များသည် အိန္ဒိယနိုင်ငံကို ၎င်း၏ဒုံးကျည်စနစ်များ တိုးတက်လာရေးဖိအားဖြစ်စေခဲ့သည်။

SLCM များကို အောင်မြင်စွာစမ်းသပ်ပြီး ရေငုပ်သင်္ဘောပေါ်တွင် တပ်ဆင်အသုံးပြုနိုင်ခြင်းသည် အိန္ဒိယ၏ ရေတပ်စွမ်းဆောင်ရည်များနှင့်ဟန့်တားနိုင်မှုတို့ကို တိုးတက်လာစေမည်ဖြစ်သည်။ Kalvari SSK လက်နက်တပ်ဆင်ထားသော SLCM သည် နျူကလီးယားစွမ်းအင်သုံး Arihant အတန်းအစား ပဲ့ထိန်းဒုံးကျည်တင်ရေငုပ်သင်္ဘော(SSBN) များ၏ နျူကလီးဟန့်တားမှုစွမ်းဆောင်ရည်ကို အင်အားဖြည့်တင်းပေးနိုင်မည်ဖြစ်သည်။ လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံသည် Arihant SSBN လေးစင်းပိုင်ဆိုင်ထားရှိပြီး ၎င်းရေငုပ်သင်္ဘောများကို K-15 သို့တည်းမဟုတ် K- 4 အမျိုးအစားရေငုပ်သင်္ဘောပေါ်မှ ပစ်ခတ်နိုင်သော ပဲ့ထိန်းဒုံးကျည် (SLCM) တပ်ဆင်သွားမည်ဖြစ်သည်။

K-15 SLCM သည် အလေးချိန် ကီလိုဂရမ် ၁၀၀၀ ရှိသော ကျည်ထိပ်ဖူးဖြင့် အကွာအဝေး ကီလိုမီတာ ၇၄၀ ထိရောက်ရှိပစ်ခတ်နိုင်သည်။ Arihant သည် ဒုံးကျည် ၁၂ စင်းထိ တပ်ဆင်နိုင်သည်။ သို့သော် K-15 ကို အခိုက်အတန့်သာအသုံးပြုခြင်းဖြစ်ပြီး ထပ်မံထုတ်လုပ်မည့် K-4 သည် အကွာအဝေး ကီလိုမီတာ ၃၅၀၀ ထိရောက်ရှိပစ်ခတ်နိုင်သည်။ မည်သို့ပင်ဆိုစေ SLCM များသည် အိန္ဒိယရေငုပ်သင်္ဘောများကို နည်းဗျူဟာမြောက် နျူကလီးယားဟန့်တားမှုစွမ်းဆောင်ရည်များ ပိုင်ဆိုင်နိုင်စေမည်ဖြစ်သည်။

အိန္ဒိယ၏ SLCM စမ်းသပ်မှုကိုတုံ့ပြန်မှုအနေဖြင့် ပါကစ္စတန်သည် အိန္ဒိယသမုဒ္ဒရာအတွင်းရှိနေရာတစ်ခု၏ ရွေ့ပြောင်းနိုင်သောရေငုပ်သင်္ဘောပေါ်မှ Babur SLCM စမ်းသပ်ပစ်ခတ်ခဲ့သည်။ Babur SLCM သည် မီတာ ၄၅၀ အကွာအဝေး ထိရောက်ရှိပစ်ခတ်နိုင်ပြီး ရေအောက်တွန်းကန်အားနှင့် အဆင့်မြင့် ပဲ့ထိန်းလမ်းကြောင်းရှာဖွေရေးစနစ်တို့ ပါဝင်သည်။ ထို့ပြင် Babur SLCM သည် မြေမျက်နှာသွင်ပြင်ထောက်လှမ်းမှုစနစ် (TERCOM) နှင့် အဆင့်မြှင့်တင်ထားသော ဒစ်ဂျစ်တယ်အာရုံခံစနစ် (DS-MAC)တို့လည်းပါဝင်သည်။

အိန္ဒိယနိုင်ငံ၏ SLCM စမ်းသပ်မှုသည် အိမ်နီးချင်း နှစ်နိုင်ငံကြား ဒုံးကျည်ပြိုင်ဆိုင်ထုတ်လုပ်မှုများ ဖြစ်ပေါ်လာနိုင်ပေသည်။ SLCM များထုတ်လုပ်မှု အပါအဝင် အိန္ဒိယရေတပ်ကို အလျင်အမြန်အဆင့်မြှင့်တင်တည်ဆောက်ခြင်းသည် ပါကစ္စတန်ရေတပ်ကို သမားရိုးကျနှင့် နျူကလီးယားစွမ်းဆောင်ရည်များ အဆင့်မြှင့်တင်ရန်ဖိအားဖြစ်စေလျက်ရှိသည်။

အချိုးမညီသောသမားရိုးကျလက်နက်နှင့်နျူကလီးယားလက်နက်အသုံးပြုမှုအခွင့်အလမ်းနည်းပါးခြင်းကဲ့သို့သောရှုပ်ထွေးသည့် လုံခြုံရေးဆိုင်ရာဝန်းကျင်များသည် အိန္ဒိယနှင့် ပါကစ္စတန်တို့ကို တာဝေးပစ်နှင့် တာတိုပစ်ဒုံးကျည်စနစ်များတီထွင်ရာတွင် ပြိုင်ဆိုင်မှုမြင့်တက်လာစေလျက်ရှိသည်။ ထို့ကြောင့် နှစ်နိုင်ငံကြား ယုံကြည်မှုတည်ဆောက်ရေးအစီအမံ (CBM) များနှင့် တိုက်ရိုက်တယ်လီဖုန်းလိုင်းများ ထူထောင်သွားရန်လိုအပ်လာပြီဖြစ်သည်။

ပါကစ္စတန်နှင့်အိန္ဒိယတို့သည် ပဲ့ထိန်းဒုံးကျည်စမ်းသပ်မှုများတိုးတက်လုပ်ဆောင်လာခြင်းသည် ခရုဇ်ဒုံးကျည်ပိုင်းတွင်အားနည်းလျက်ရှိကြောင်း ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ ပါကစ္စတန်နှင့်အိန္ဒိယတို့သည် ခရုဇ်ဒုံးကျည်တိုးတက်ထုတ်လုပ်မှုတွင် အစောပိုင်း အဆင့်သာရှိနေသေးသော်လည်း နှစ်နိုင်ငံကြား ဒုံးကျည်စမ်းသပ်မပစ်ခတ်မီ ကြိုတင်သတိပေးရေးသဘောတူညီချက်သည် ခရုဇ်ဒုံးကျည်စမ်းသပ်မှုများမပါဝင်ချေ။

ခရုဇ်ဒုံးကျည်များသည် မဟာဗျူဟာမြောက်လက်နက်များဖြစ်ပြီး နျူကလီးယားစွမ်းဆောင်ရည်များ ပိုင်ဆိုင်နိုင်သည့် အလားအလာရှိနေသည်။ မကြာမီပြုလုပ်မည့် SLCM စမ်းသပ်မှုသည် ဒုံးကျည်တည်ဆောက်မှုနယ်ပယ်တွင် သိသာသောတိုးတက်အောင်မြင်မှုကို ထင်ဟပ်လာစေလျက်ရှိသည်။ ပါကစ္စတန်အနေဖြင့် အပြန်အလှန်ဒုံးကျည်စမ်းသပ်မှုလုပ်ဆောင်လာမည်ဆိုလျှင် ဒေသတွင်း၌ တင်းမာမှုများ မြင့်တက်လာနိုင်ပေသည်။

အမှန်တော့ အိန္ဒိယနိုင်ငံသည် ၁၉၇၄ ခုနှစ်တွင်လည်းကောင်း၊ ပါကစ္စတန်သည် ၁၉၉၈ ခုနှစ်တွင်လည်းကောင်း နျူကလီးယားလက်နက်အသီးသီးပိုင်ဆိုင်ခဲ့ကြသော်လည်း ပဋိပက္ခတွင် နျူကလီးယားလက်နက်အသုံးပြုခြင်းမရှိကြပေ။ အိန္ဒိယနိုင်ငံသည် နျူကလီးယားကျည်ထိပ်ဖူး ၁၆၄ ခုနှင့် ပါကစ္စတန်သည် နျူကလီးယားကျည်ထိပ်ဖူးအခုရေ ၁၇၀ ပိုင်ဆိုင်ထားရှိသည်။ အိန္ဒိယနှင့်ပါကစ္စတန်ကြား နျူကလီးယားလက်နက်သာ အသုံးပြုသွားမည်ဆိုလျှင် တစ်ပတ်အတွင်း လူသန်း ၂၀ ခန့်သေဆုံးနိုင်ပေသည်။

ထို့ပြင် အိန္ဒိယနှင့်ပါကစ္စတန်တို့သည် ဒုံးကျည်စနစ်များကို တီထွင်ထုတ်လုပ်လျက်ရှိပြီး ကာကွယ်ရေးစွမ်းဆောင်ရည်များမြှင့်တင်လျက်ရှိသည်။ အိန္ဒိယနိုင်ငံ၏ တာဝေးပစ်ဒုံးကျည် Agni-V သည် ကီလိုမီတာ ၅၀၀၀ ထိရောက်ရှိပြီးပါကစ္စတန်၏ တာဝေးပစ်ဒုံးကျည် Shaheen-III သည် ကီလိုမီတာ ၂၇၅၀ ထိရောက်ရှိသည်။ ထို့ပြင် နှစ်နိုင်ငံစလုံးသည် ပဲ့ထိန်းဒုံးကျည်၊ ခရုဇ်ဒုံးကျည်၊ တင့်ဖျက်ဒုံးကျည်များ အပါအဝင် ဒုံးကျည်အမျိုးမျိုးကိုသုတေသနပြုတည်ဆောက်လျက်ရှိသည်။ စင်စစ်အားဖြင့် အိန္ဒိယနှင့် ပါကစ္စတန်တို့သည် ဒုံးကျည်စနစ်များတိုးတက်တည်ဆောက်ခြင်းအားဖြင့် အမျိုးသားလုံခြုံရေးနှင့်ကာကွယ်ရေးစွမ်းဆောင်ရည်များ မြှင့်တင်သွားရန်ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

**❖ အိန္ဒိယနိုင်ငံအနေဖြင့် SLCM မူကွဲဖြစ်သည့် Brahmos အမျိုးအစားအသံလွန်ခရုဇ်ဒုံးကျည်ကိုလည်း စမ်းသပ်ပစ်ခတ်ထားရှိသည်။ ဘင်္ဂလားပင်လယ်အော်ကမ်းလွန်ရှိ ရေငုပ်သင်္ဘောပေါ်မှနေ၍ Brahmos SLCM ကို အောင်မြင်စွာစမ်းသပ်ပစ်ခတ်ခဲ့သည်။ ၎င်းဒုံးကျည်သည် ရေငုပ်သင်္ဘောပေါ်မှနေ၍ ထောင်လိုက်ပစ်ခတ်နိုင်ပြီး ကျည်ထိပ်ဖူးသည် အကွာဝေးကီလိုမီတာ ၂၉၀ ထိ ရောက်ရှိပစ်ခတ်နိုင်သည်။ အထူးသဖြင့် Brahmos SLCM သည် ရေအနက် မီတာ ၅၀ ရှိ ရေငုပ်သင်္ဘောဝမ်းဗိုက်ပေါ်မှနေ၍ ပစ်ခတ်နိုင်စွမ်းရှိသည်။ ❖**

**ကိုးကား**

(1) India's new sub-fired missile teats up regional arms race By Asia Times.

(2) India and Pakistan - Center for Arms Control and Non-Proliferation (armscontrolcenter.org)

(3) Comparison Between Pakistan and India Missile Systems (linkedin.com)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်ခဲ့ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာ ၈၃၆၈၂ ဧက စိုက်ပျိုးပြီးစီး



**ယင်းမာပင် ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာ ၈၃၆၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာ ၈၃၆၁၈ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၈၃၆၈၂ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ဆောင်းနေကြာ ၈၃၆၁၈ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၈၃၆၈၂ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ နေကြာသီးနှံကို ဆောင်းမှာ အဓိကထားစိုက်တယ်။ ပြည်ပမှတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းနေကြာစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၈၅၆၁ ဧက၊ ကနီမြို့နယ်တွင် ၁၆၈၉၇ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၇၂၄၂ ဧက၊ ပုလဲမြို့နယ်တွင် ၃၀၉၈၂ ဧက စုစုပေါင်း ၈၃၆၈၂ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၈၅၆၄ ဧက၊ ကနီမြို့နယ်တွင် ဧက ၁၆၈၃၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၇၂၄၂ ဧက၊ ပုလဲမြို့နယ်တွင် ၃၀၉၈၂ ဧက စုစုပေါင်း ၈၃၆၁၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် နေကြာသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးသင်တန်းများ အချိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများနှင့် နေကြာစိုက်ပျိုးတောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အချိန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ပန်းတနော်မြို့နယ် မှင်ပတောအလယ်စုကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းနေမှု စစ်ဆေး

**ပန်းတနော် ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေများဖြင့် မှင်ပတောအလယ်စုကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးနှင့် တာဝန်ရှိသူများက ကျေးရွာကွန်ကရစ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကော်မတီဝင်များကို လုပ်ငန်းအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

မှင်ပတောအလယ်စုကျေးရွာ၌ တစ်ဖက်လျှင် အရှည် ၇၇၂ ပေ၊ အကျယ် နှစ်ပေ ခြောက်လက်မစီ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၁ ဒသမ ၅ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် ဖေဖော်ဝါရီလ ပထမပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၈၁ အိမ်၊ လူ ၃၆၄ ဦးတို့အတွက် လမ်းပန်းဆက်သွယ်မှု လွယ်ကူစေမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးက ပြောပြ၍ သိရသည်။

**ငြိမ်းသူ(စလင်း)**

# အမှန်တရားအတွက် စွန့်စားဝံ့သည့်သတ္တိ ရှိကြပါစေ

လင်းလက်

**မှန်ကန်သောသတ္တိ**

လူငယ်ဆိုသည်မှာ သန်စွမ်းကျန်းမာသော ခန္ဓာကိုယ်ကိုပိုင်ဆိုင်ထားပြီး အရာရာကိုရင်ဆိုင်ဖြေရှင်းနိုင်သည့် ရဲစွမ်းသတ္တိဖြင့် ပြည့်စုံသော အရွယ်ပင်ဖြစ်သည်။ "တုံးတိုက်တိုက် ကျားကိုက်ကိုက်"ဆိုသည့် စိတ်ဓာတ်များပြည့်နှက်နေသည့် လူငယ်ဘဝတွင် သတ္တိဆိုသည့် စကားရပ်ကို ပုံဖော်မမှားရန်လိုအပ်သည်။ "သတ္တိ" ဆိုသည်မှာ အများအကျိုးအတွက် လုပ်သင့်လုပ်ထိုက်သည့်အရာများကို ပြုလုပ်ရဲသည့် စိတ်ဓာတ်ရှိခြင်းဖြစ်ပြီး အမှားအမှန်ကိုဉာဏ်ပညာဖြင့် စဉ်းစားဆင်ခြင်နိုင်စွမ်းမရှိဘဲ မိမိ၊ သူတစ်ပါးအကျိုးမရှိသည့် လုပ်ရပ်များကိုလုပ်ကိုင်ရဲခြင်းသည် မိုက်ရူးရဲဆန်ခြင်းဖြစ်သဖြင့် လူငယ်များသည် မှန်ကန်သောသတ္တိရှိရန်လိုအပ်သည်။

သတ္တိရှိခြင်းဆိုသည်မှာ အများအကျိုးအတွက် စွန့်စားဝံ့သည့် စိတ်ရှိခြင်းပင်ဖြစ်ပြီး အများအကျိုးကို မငဲ့ကွက်ဘဲ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့် စိတ်ဓာတ်ရှိခြင်းသည် မိုက်မဲခြင်းပင်ဖြစ်သည်။ မီးဟုန်းဟုန်းတောက်နေသည့် အဆောက်အအုံအတွင်းမှ ကလေးငယ်တစ်ဦး၏ ငိုသံကိုကြားမိသည်နှင့် တစ်ပြိုင်နက် မိမိ၏ခန္ဓာကိုယ်ထိခိုက်ကာ အခန့်မသင့်ပါက မီးစွဲလောင်ပြီး သေဆုံးနိုင်သည်ကိုသိလျက် အသက်ကိုပဓာနမထားဘဲ ကလေးငယ်ကိုကယ်တင်ရန် ကြိုးစားဝံ့သည့် မီးသတ်သမား၏ စိတ်ဓာတ်နှင့် လုပ်ရပ်သည် စံပြုအပ်သော ရဲစွမ်းသတ္တိနှင့်ပြည့်စုံသည့် လုပ်ရပ်ပင်ဖြစ်သည်။

**မှန်ကန်သောသတ္တိ ရှိစေလို**

မြန်မာ့သမိုင်းတွင် ထင်ရှားသော အသက် ၁၅ နှစ်ဖြင့် ဘုရင်ဖြစ်ခဲ့ရသည့် တောင်ငူဘုရင် တပင်ရွှေထီးသည် မွန်ဘုရင် သုရှင်တကာရွတ်ပိ အုပ်ချုပ်လျက်ရှိသော ဟံသာဝတီရှိ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်၏ရင်ပြင်ထက်တွင် နားထွင်းမင်္ဂလာပြုလုပ်လိုသည့်ဆန္ဒ ဖြစ်ပေါ်လာသည်။ ရန်သူနယ်မြေတွင် နားထွင်းမင်္ဂလာပြုရမည်ဖြစ်သဖြင့် ကျော်ထင်နော်ရထာဘွဲ့ခံ ရှင်ရဲထွဋ်(ဘုရင့်နောင်)ကို သူရဲကောင်း ၅၀၀ ရွေးစေပြီး သူရဲကောင်းများခြံရံ၍ နားထွင်းမင်္ဂလာကျင်းပရန်စီစဉ်သည်။ ထိုသတင်းကို မွန်ဘုရင် သုရှင်တကာရွတ်ပိ ကြားသိသည့်အခါ မွန်တပ်များစေလွှတ်ကာ ဝိုင်းထားစေသော်လည်း နားထွင်းမင်္ဂလာကိုပြီးစီးအောင်မြင်အောင် ဆောင်ရွက်စေပြီး ကိုယ်တိုင်ဦးဆောင်၍ မွန်တပ်များကို ဖောက်ထွက်ပြခဲ့သည်။ ရန်သူနယ်မြေပင် ဖြစ်လင့်ကစား မကြောက်မရွံ့ နောက်မတွန့်ဘဲ နားထွင်းမင်္ဂလာအမှုကို ပြီးစီးအောင်မြင်အောင်ပြုရဲသည့် တပင်ရွှေထီး၏သတ္တိကို ချီးမွမ်းကြသည်။

တပင်ရွှေထီး၏ခိုင်းစေမှုအရ သူရဲကောင်းရွေးရသည့် ကျော်ထင်နော်ရထာက သူရဲကောင်းအဖြစ် ရွေးချယ်ခံမည့်သူများ၏လက်မထိပ်တွင် အပ်စိုက်ကာ တူနှင့်ထု၍ မျက်နှာမပျက်၊ လက်မတွန့်သူကို သူရဲကောင်းအဖြစ် အသိအမှတ်ပြုရွေးချယ်သည်။ တိုက်ရဲခိုက်ရဲသည်ဟု အမည်သတင်းကြီးသည့် ဗလရဲထင်လည်း ဝင်ရောက်အရွေးခံသည်။ လက်မထိပ်ကိုအပ်စိုက်ကာ တူဖြင့်ထုလိုက်စဉ်တွင် ရုတ်တရက်လက်တွန့်မိသည့် ဗလရဲထင်ကို ဘုရင်မြင်သည့်အခါ သတ္တိနည်းလှသည်ဟုမှတ်ချက်ပြုသည်။ သူရဲကောင်းအဖြစ် အရွေးမခံရသည့်အပြင် လူပုံအလယ်တွင် အရှက်ကွဲရသဖြင့် ဒေါသဖြစ်ကာ မိမိ၏ဝမ်းဗိုက်ကို မိမိကိုယ်တိုင်ခွဲ၍ အူစကိုဆွဲထုတ်ကာ ကျော်ထင်နော်ရထာလက်သို့အပ်ပြီး အူစဆုံးသည်ထိ ကိုယ်တိုင်ဆွဲထုတ်ပြပြီး သတ္တိရှိကြောင်းပြော၍ သေပွဲဝင်ခဲ့သည်။

တပင်ရွှေထီးက "ဗလရဲထင်သည် သေရဲသည့်စိတ်ရှိသည်။ သတ္တိတော့မရှိ"ဟုမှတ်ချက်ပြုခဲ့သည်။ သူရဲကောင်းတစ်ဦးဖြစ်ရန်မှာ ကျရှုံးချိန်တွင် အရှုံးကိုရင်ဆိုင်ရဲသည့် သတ္တိရှိရန်လည်း လိုအပ်သည်။ ဗလရဲထင်သည် အရှုံးကိုရင်မဆိုင်ရဲသဖြင့် မိုက်ရူးရဲဆန်သူတစ်ဦးအဖြစ် သမိုင်းတွင်ကျန်ရစ်ခဲ့သည်။

**ကျန်စစ်မင်းထုံး နှလုံးမူဖို့**

မြန်မာရာဇဝင်တွင် လက်ရုံးရည်အပြင် နှလုံးရည်ပါပြည့်ဝသည်ဟုထင်ရှားသည့် ကျန်စစ်သား၏ သတ္တိနှင့်စိတ်ဓာတ်ကို မျိုးဆက်သစ်အနာဂတ်လူငယ်များ အတုယူသင့်သည်။ အနော်ရထာမင်း(အနိရုဒ္ဓ) ကွယ်လွန်သည့်အခါ သားတော် စောလူးမင်း နန်းတက်ပြီး ငရမန်ကန်းက ပုန်ကန်ခြားနား၍ စောလူးမင်း အဖမ်းခံရသည်။ တိုင်းပြည်တွင် ဘုရင်မရှိပါက တိုင်းပြည်မငြိမ်မသက်ဖြစ်မည်ကို စိုးရိမ်သဖြင့် မှူးမတ်များက ကျန်စစ်သားကို ထီးနန်းဆက်ခံရန်တိုက်တွန်းသော်လည်း "မိမိ၏အရှင်သခင် သက်ရှိထင်ရှားရှိလျက်နှင့် မိမိ ဘုရင်အဖြစ်ကိုမရယူလို"ဟုဆိုခဲ့သည်။

ရန်သူလက်တွင်းကျရောက်နေသည့် အရှင်သခင်ဖြစ်ခဲ့သူ စောလူးမင်းကို အသက်ကိုပဓာနမထားဘဲ ကယ်တင်ရန် စွန့်စားဝံ့သည့်ကျန်စစ်သား၏ လုပ်ရပ်သည် ရဲစွမ်းသတ္တိရှိသူတို့၏ လုပ်ရပ်ပင်ဖြစ်သည်။ အလွယ်တကူမင်းအဖြစ်ကိုရနိုင်သော်လည်း စောလူးမင်းကို အသက်စွန့်ကာ သွားရောက်ကယ်တင်ရာ စောလူးမင်းက ယုံမှားသံသယပွား၍ ကျန်စစ်သားသူကိုခိုးယူသည်ဟုအော်မှသာ စောလူးမင်းကိုထားခဲ့ရပြီး အသက်လုပြေးခဲ့ရသည်။ ရန်သူလက်ချက်ဖြင့် စောလူးမင်းကံကုန်သည့်အချိန်တွင်မှ ထီးနန်းကိုဆက်ခံသည့် ကျန်စစ်မင်း၏ စိတ်ဓာတ်ကဲ့သို့ပင် မှန်မြတ်သည့်သတ္တိဖြင့် တိုင်းပြည်နှင့်လူမျိုးအတွက် ပေးဆပ်နိုင်ရေး မျိုးဆက်သစ်လူငယ်များကြိုးစားသင့်သည်။

**ခေါင်းဆောင်ကောင်းဖြစ်ရန်**

"ခမာ- သည်းခံခြင်း၊ ဇာဂရိယ - နိုးကြားခြင်း၊ ဥဋ္ဌာန - ထကြွလုံ့လရှိခြင်း၊ သံဝိဘာဂ - ခွဲခြမ်းဝေဖန်ခြင်း၊ ဒယာ - သနားကြင်နာခြင်း၊ ဣက္ခနာ- မြော်မြင်ဆင်ခြင်ခြင်း ဟူသည့်နာယကဂုဏ်ခြောက်ပါးနှင့်ပြည့်စုံသူများကို ခေါင်းဆောင်ကောင်းတို့၏ ဂုဏ်အင်္ဂါရပ်တို့နှင့် ပြည့်စုံသူဟုဆိုနိုင်သည်။ ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်ရန် အမှားအမှန်၊ အကောင်းအဆိုးနှင့် အကြောင်းအကျိုးကို ပိုင်းခြားဝေဖန်နိုင်စွမ်းရှိပြီး တွေ့ကြုံလာရသည့် အခက်အခဲတိုင်းကို ရဲစွမ်းသတ္တိရှိရှိဖြင့် ရင်ဆိုင်နိုင်ရန်လိုအပ်သည်။ အနာဂတ်တွင် နိုင်ငံတော်နှင့်ပြည်သူလူထုအကျိုးစီးပွားအတွက် အမှန်တကယ် ဦးဆောင်ဦးရွက်ပြုရမည့် လူငယ်မျိုးဆက်သစ်များသည် ကိုယ်ကျိုးမဖက် အများအကျိုးအတွက်ပေးဆပ်လိုသည့် စိတ်ဓာတ်များကို မွေးမြူရန်လိုအပ်ပေသည်။ အဖွဲ့အစည်းအတွက်၊ မိမိ၏လက်အောက်ငယ်သားများအတွက် အသက်ကို ပေးအပ်ရဲသည့် ဘုရားလောင်း နိဂြောဓသမင်မင်း၏ ခေါင်းဆောင်ကောင်းစိတ်ဓာတ်ကို အတုယူသင့်သည်။ သမင်သားအလွန်ကြိုက်သည့် ဗြဟ္မဒတ်မင်းကြီး၏ လောဘကြောင့် ရွာသူရွာသားများက နေ့စဉ် သမင်ပစ်ခတ်ပေးရသည့် ဒုက္ခမှကင်းဝေးစေရန် တောတွင်းမှ သမင်များကို ဥယျာဉ်အတွင်းသို့ မောင်းသွင်းပေးထားသည်။

❖ လူငယ်များသည် အရာရာကိုပြောရဲ၊ ဆိုရဲ၊ လုပ်ရဲ၊ ကိုင်ရဲသည့် သတ္တိရှိသည်။ ထိုသတ္တိဖြင့် မကောင်းမှုဟူသမျှကိုတွန်းလှန်တိုက်ဖျက်ကာ အမှန်တရားအတွက် အကျိုးရှိရှိအသုံးချ၍ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးအတွက် မှန်မှန်ကန်ကန်အသုံးချသင့်သည်။ ကိုယ်တိုင် အများပြည်သူအကျိုးစီးပွားကို ထိခိုက်စေမည့်လုပ်ရပ်များဖြစ်သည့် မကောင်းမှုဒုစရိုက်များကိုရှောင်ရှားရမည်ဖြစ်သကဲ့သို့ အခြားသူများ ပြုလုပ်ကျူးလွန်နေသည်ကို တွေ့ရှိပါကလည်း အမှန်တရားအတွက် ရပ်တည်ပြောဆိုရဲသည့် ရဲစွမ်းသတ္တိထားရှိနိုင်ရေး ကြိုးစားကြရန်လိုအပ်သည်။ ❖

နေ့စဉ် အလှည့်ကျ သမင်တစ်ကောင် အသတ်ခံနေရာမှ တစ်နေ့၌ အလှည့်ကျသည့် သမင်မသည် ကိုယ်ဝန်အရင့်အမာနှင့်ဖြစ်နေသဖြင့် အလှည့်ကျော်ပေးပါရန် တောင်းပန်သည့်အခါ ဘေးမဲ့ရထားသော်လည်း လက်အောက်ငယ်သားအတွက် မိမိ၏ အသက်ကိုပဓာနမထားဘဲ နိဂြောဓသမင်မင်းသည် စဉ်းတီတုံးပေါ်တွင် လည်စင်းပေးခဲ့သည်။ မင်းကြီးက အကြောင်းစုံသိသည့်အခါ ဘုရားလောင်း နိဂြောဓသမင်မင်း၏ ခေါင်းဆောင်ကောင်းပီသသည့်စိတ်ဓာတ်ကိုလေးစားသဖြင့် ကိုယ်ဝန်အရင့်အမာနှင့် သမင်မကို ဘေးမဲ့ပေးခဲ့ရုံသာမ ဘုရားလောင်း သမင်မင်းက အလှူခံသဖြင့် နောက်ဆုံးတွင် ကျန်သောကုန်းနေ၊ ရေနေသတ္တဝါများကိုပါ ဘေးမဲ့ပေးခဲ့သည်။ စွန့်လွှတ်အနစ်နာခံဝံ့သောသတ္တိဖြင့် ပြုလုပ်သောလုပ်ရပ်၏ အကျိုးဆက်သည် အံ့မခန်းပင်ဖြစ်သည်။

**အမှန်တရားကိုမြတ်နိုးပါ**

အနာဂတ်မျိုးဆက်သစ်ခေါင်းဆောင်များဖြစ်သည့် လူငယ်များအနေဖြင့် အမှားအမှန်ကိုပိုင်းခြားဝေဖန်တတ်သည့် ဉာဏ်ပညာရှိရန် လိုအပ်သကဲ့သို့ အမှန်တရားကိုမြတ်နိုးတတ်ပြီး အမှန်တရားအတွက် ရဲရဲဝံ့ဝံ့ဆောင်ရွက်တတ်သည့် မှန်ကန်သောသတ္တိ၊ အမှန်ကိုသာ ဆုံးဖြတ်လုပ်ကိုင်တတ်သည့် စွမ်းရည်သတ္တိ၊ မိမိ၏လုပ်ဖော်ကိုင်ဖက်များ၏ အကျိုးစီးပွားအတွက် မှန်သည့်ဘက်မှရပ်တည်ကာ ပြောဆိုလုပ်ကိုင်ဆောင်ရွက်တတ်သည့် သတ္တိတို့ရှိရန်လိုအပ်သည်။ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်ကာလတွင် ဘုရားလောင်းသည် ခွေးမင်းဘဝဖြင့် ခွေးအပေါင်းခြံရံကာ သုသာန်တွင် နေထိုင်ကျက်စား၍နေစဉ် နန်းတော်ရှေ့၌ရပ်ထားသည့် မင်းကြီး၏ ရထားရှိ သားရေများက မိုးရွာသည့်အခါ အနံ့ထွက်လာသဖြင့် ခွေးများက ကိုက်ဖြတ်စားသောက်ကြရာ ရထားပျက်စီးသွားသည်။ နန်းတွင်းသားများက ၎င်းတို့မွေးမြူထားသောခွေးများကို ထိခိုက်မည်စိုးသဖြင့် နန်းတော်ပြင်ပကခွေးများစားသည်ဟု လိမ်လည်လျှောက်တင်သဖြင့် နန်းတော်ပြင်ပရှိ ခွေးအားလုံးကိုသတ်စေဟု မင်းကြီးက အမိန့်ပေးခဲ့သည်။

အကြောင်းစုံကို ဘုရားလောင်းသိသည့်အခါ စေ့စပ်သေချာစွာလေ့လာပြီး မင်းကြီးသည် နန်းတွင်းသားများ၏ မှားယွင်းသော လျှောက်တင်ချက်ကိုယုံမိ၍ မှားယွင်းသည့် ဆုံးဖြတ်ချက်ကို ချမှတ်ခြင်းဖြစ်သည်ဟု သုံးသပ်မိပြီး နန်းတော်တွင်းသို့ဝင်ကာ မင်းကြီးနှင့် တွေ့ရန် ကြိုးစားအားထုတ်ခဲ့သည်။ မင်းကြီးက ခွေးမင်း၏ တင်ပြချက်ကိုပြန်လည်သုံးသပ်ရန်အတွက် သက်သေပြခိုင်းရာတွင်လည်း ခွေးမင်းက နန်းတော်တွင်းရှိခွေးများကို နေစာမြက်ထောင်း၍ ရက်တက်ရည်နှင့်ရောကာတိုက်စေသဖြင့် ခွေးများအန်သည့်အခါ သားရေအပိုင်းအစများထွက်လာသည်။ အမှန်ကို မင်းကြီးကိုယ်တိုင်သိမြင်သည့်အခါ ခွေးအပေါင်းကို အသက်ချမ်းသာပေးခဲ့ရုံသာမက ကောင်းမွန်စွာကျွေးမွေးစောင့်ရှောက်ခဲ့သည်။ အမှန်တရားအတွက် မှန်မှန်ကန်ကန်ရပ်တည်ပြောဆိုဆောင်ရွက်ခဲ့သည့် လုပ်ရပ်ကြောင့် မျိုးနွယ်စုတစ်ခုလုံး ချမ်းသာရာရသည့် ဇာတ်ထုပ်ဖြစ်သဖြင့် လူငယ်မျိုးဆက်သစ်တိုင်းအတွက် အကောင်းမွန်ဆုံးဥပမာပင်ဖြစ်သည်။

**အမှန်တရားရဲ့ဘက်တော်သားများ**

လူငယ်များသည် အရာရာကိုပြောရဲ၊ ဆိုရဲ၊ လုပ်ရဲ၊ ကိုင်ရဲသည့် သတ္တိရှိသည်။ ထိုသတ္တိဖြင့် မကောင်းမှုဟူသမျှကိုတွန်းလှန်တိုက်ဖျက်ကာ အမှန်တရားအတွက် အကျိုးရှိရှိအသုံးချ၍ နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးအတွက် မှန်မှန်ကန်ကန်အသုံးချသင့်သည်။ ကိုယ်တိုင် အများပြည်သူအကျိုးစီးပွားကို ထိခိုက်စေမည့် လုပ်ရပ်များဖြစ်သည့် မကောင်းမှုဒုစရိုက်များကို ရှောင်ရှားရမည်ဖြစ်သကဲ့သို့ အခြားသူများ ပြုလုပ်ကျူးလွန်နေသည်ကို တွေ့ရှိပါကလည်း အမှန်တရားအတွက် ရပ်တည်ပြောဆိုရဲသည့် ရဲစွမ်းသတ္တိထားရှိနိုင်ရေး ကြိုးစားကြရန်လိုအပ်သည်။ လူ့ဘဝ၏ပဓာနလိုအပ်ချက်ဖြစ်သည့် စား၊ ဝတ်၊ နေရေး အရေးသုံးပါးကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ပစ္စည်းဥစ္စာရှာဖွေစုဆောင်းကြရာတွင်လည်း မှန်ကန်သောအသက်မွေးမှုဖြင့် ဝင်ငွေရှာဖွေကာ ဘဝကိုသတ္တိရှိရှိဖြင့် ရင်ဆိုင်ကြရန်လိုအပ်သည်။

"သူများမိုးခါးရေသောက်ရင် ကိုယ်လည်းသောက်မယ်"ဆိုသည့် ခပ်ညံ့ညံ့အတွေးအခေါ်ဖြင့် ရပ်တည်မိပြီး အများအကျိုးကိုထိခိုက်စေကာ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေနိုင်သည့် ကိုယ်ကျင့်သီလ ဖောက်ဖျက်မှုတစ်ခုဖြစ်သော အဂတိလိုက်စားမှုကို လူငယ်များက သတ္တိရှိရှိဖြင့် ရင်ဆိုင်တိုက်ထုတ်ရန် လိုအပ်သည်။ "လျှာပေါ်မြက်ပေါက်ချင် ပေါက်ပါစေ မတရားသည့်နည်းလမ်းဖြင့် ငွေမရှာဘူး"ဆိုသည့် မွန်မြတ်သည့် သတ္တိမျိုးရှိရန်လိုအပ်သကဲ့သို့ အမှန်တရားအတွက် အသက်ပင်သေသေဆိုသည့် စိတ်ဓာတ်ဖြင့် "ဘက်လိုက်မှု၊ ခြစားမှု၊ မျက်နှာသာပေးမှု၊ ခြိမ်းခြောက်ငွေညှစ်မှု၊ လိမ်လည်မှု၊ တံစိုးလက်ဆောင်တောင်းယူမှု"စသည့် အဂတိလိုက်စားမှုများကိုလည်း လူ့အသိုက်အဝန်းအတွင်းမှ မောင်းထုတ်ပစ်ရန် တိုက်ပွဲဝင်ရဲသော မှန်ကန်သည့် သတ္တိရှိကြပါစေကြောင်း ရည်ရွယ်ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- **ရွှေမော်ဓောဘုရားသမိုင်း**
- **ငါးရာငါးဆယ်ဇာတ်နိပါတ်တော်များ**

# တပို့တွဲလရာသီ ဆေးဖက်ဝင်ပေါက်ပွင့်အကြောင်းသိကောင်းစရာ

**ပေါက်ပေါက်**

**နှာရည်ယိုရွဲတပို့တွဲ**

တပို့တွဲလသည် မြန်မာပြက္ခဒိန်၏ဆယ့်တစ်လမြောက်ဖြစ်သည်။ ဆောင်းဥတုနောက်ပိုင်းချိန်ဖြစ်သည်။ တပို့တွဲလဟု ခေါ်ဝေါ်ခြင်းမှာ ထန်းဖူး၊ ထန်းခိုင်တို့တွဲညွတ်သောရာသီဖြစ်၍ ခေါ်တွင်ခြင်းဖြစ်သည်ဟု မှတ်ယူကြသည်။ "တပိုဝ်" သည် ထန်းဖူးကိုဆိုလိုပြီး "တွဲ" သည် အသီးခိုင်တွဲလောင်းကျသည်ကို ရည်ညွှန်းသောကြောင့် တပို့တွဲလတွင် ထန်းဖူးများကို တွဲလောင်းကျအောင်ဆွဲချပြီး ထန်းရည်ခံသည့်ကာလဖြစ်သည်။ ထိုလ၌ ထန်းတောင်သူများက ထန်းလျက်ချက်ကာ အလုပ်များသောလဖြစ်သည်။

ပုဂံခေတ်ကျောက်စာအရေးအသား၌ တပို့တွဲကို တပိုဝ်တွယ်၊ တပိုတွယ်၊ တပိုတွဲ၊ တပို့ဝ်တွယ်ဟု ရေးသားလေ့ရှိသည်။ ရာသီအားဖြင့် ကုံရာသီဟုခေါ်သည်။ ထိုရာသီတွင် မာဃနက္ခတ်စန်းနှင့်ယှဉ်၍ မွန်းတည့်သည်။ ရာသီရုပ်မှာ အိုးထမ်းယောက်ျားဖြစ်၍ အထိမ်းအမှတ်ပန်းမှ ပေါက်၊ လဲ၊ လက်ပံပွင့်တို့ဖြစ်ကြသည်။ ထို့ပြင် နှင်းဆီပန်း၊ ရွှေပန်း၊ ငွေပန်း၊ ပန်းထိမ်ငိုပန်းတို့သည် ရောင်စုံဂန္ဓမာပန်းတို့နှင့်အတူပွင့်လန်းကြသည်။ တပို့တွဲလတွင် ထမနဲပွဲကျင်းပကြသည်။ ကောက်ညှင်းစပါးသစ်ပေါ်ချိန်တွင် ထမနဲထိုး၍ ကျွေးမွေးလှူဒါန်းလေ့ရှိကြသည်။

နံနက် ၆ နာရီ မိနစ် ၂၀ နေထွက်လေ့ရှိ၍ ညနေ ၅ နာရီ မိနစ် ၄၀ တွင် နေဝင်လေ့ရှိသဖြင့် ညတာမှာ နေ့တာထက်ပို၍ ရှည်လျားသည်။ ဆီးနှင်းကျသောရာသီဖြစ်၍ ချမ်းအေးသည်။ ထိုလတွင် ရက်မစုံလကွယ်သောကြောင့် ၂၉ ရက်သာရှိသည်။ "နှာရည်ယိုရွဲတပို့တွဲ" ဟု တပို့တွဲလတွင် အလွန်ချမ်းအေးလှကြောင်း ဆိုထားသည်။ တပို့တွဲလသည် လဆန်းပိုင်းတွင်အအေးပိုသော်လည်း လပြည့်ကျော်သည်နှင့် အအေးပေါ့လာကာ နွေဦးပေါက်လာသည်။

**တပို့တွဲလပြည့် မြန်မာ့သနပ်ခါးနေ့**

သနပ်ခါးစိုက်ဒေသ ငါးမြို့ဖြစ်သော အရာတော်၊ ရေစကြို၊ မြိုင်၊ ရွှေဘိုနှင့် ပေါက်မြို့တို့၌ တပို့တွဲလပြည့်နေ့ညတွင် မြို့အလိုက်ဘုရားများတွင်သနပ်ခါးမီးပူဇော်ခြင်းနှင့်အတူ ထမနဲကျွေး စတုဒိသာပွဲများပြုလုပ်လေ့ရှိကြသည်။ ၂၀၂၃ခုနှစ်မှစ၍ နိုင်ငံတော်က တပို့တွဲလပြည့်နေ့ကို "မြန်မာ့သနပ်ခါးနေ့" အဖြစ်သတ်မှတ်လိုက်သည့်အတွက် သနပ်ခါးကြိုက်သောသူတို့ လွန်စွာဝမ်းသာပီတိဖြစ်ရသည်။

**ပေါက်ပန်းအကြောင်းသိကောင်းစရာ**

မြန်မာနှစ်တစ်နှစ်၏ ဆယ့်နှစ်ရာသီပန်းများတွင် ပေါက်ပန်းသည် တပို့တွဲလ၏ပန်းအဖြစ် မှတ်တမ်းတင်ထားသည်။ "ရာသီမသိ ပန်းနှင့်ညှိ" ဟူသော ဆိုရိုးစကားနှင့်အညီ "နှာရည်ယိုရွဲတပို့တွဲ" ကာလ၌ ပေါက်ပင်တစ်ပင်လုံး ပန်းများဝေနေအောင်ပွင့်ကြသည်။ ပေါက်ပန်းများသည် ကြက်တူရွေးနှုတ်သီးသဏ္ဌာန်ကွေးနေကာ လိမ္မော်နီရောင်ဖြစ်သည်။ ရနံ့မမွှေးသော်လည်း အပွင့်အလွန်လှသည်။ လိမ္မော်ရောင်နီကြန့်ကြန့်ပန်းများ ပင်လုံးကျွတ်ဝေဆာနေသဖြင့် အဝေးမှကြည့်လျှင် မီးတောက်များသဖွယ် အမြင်ဆန်းကြယ်နေသည်။ မြန်မာပြည်၏ အထက်အညာဒေသများ၌ အဖြူရောင်ပေါက်ပန်းမျိုးကိုလည်းတွေ့ရတတ်သည်။

**အရသာရှိသောပေါက်ပန်း**

သဘာဝအလျောက်ပေါက်သော်လည်း အချို့က ဟင်းလျာအဖြစ်စားသုံးရန် ပေါက်ပင်ကို အိမ်ခြံဝင်းအတွင်း စိုက်ပျိုးကြသည်။ အပွင့်၏အရသာမှာ မဆိုသလောက်ခါး၍ ဆိမ့်သက်သဖြင့် ခံတွင်းရှင်းသည်။ အပွင့်ကိုကြော်စား၊ ချက်စား၊ ဟင်းချိုချက်စား၊ ပြုတ်ပြီးသုပ်စားစသည်ဖြင့် ဟင်းလျာမျိုးစုံပြုလုပ်စားသောက်နိုင်သည်။ အရွက်နုကိုပြုတ်၍ အတို့အမြှုပ်စားနိုင်သလို အရွက်ကြော်အဖြစ်တစ်မျိုး၊ ဟင်းချိုအဖြစ်တစ်မျိုးချက်၍ စားသုံးနိုင်သည်။

**ပေါက်ပင်၏ပုံသဏ္ဌာန်**

ပေါက်ပင်သည် ပိတောက်မျိုးရင်းဝင်ဖြစ်ပြီး ရုက္ခဗေဒအမည်အရ Butea Frondosa Roxb ဖြစ်သည်။ တောင်တန်းဒေသများမှအပ မြန်မာနိုင်ငံမြေပြန့်ဒေသရှိ ချောင်း၊ မြောင်း၊ အင်း၊ အိုင်နံဘေးများတွင် သဘာဝအလျောက်ပေါက်ရောက်လေ့ရှိသည်။ ပင်စည်ဖြောင့်မတ်သောရွက်ကြွေပင်ကြီးမျိုးဖြစ်၍ ပေ ၅၀ မှ ပေ ၈၀ ထိ မြင့်မားသည်။ ပင်စည်



တွင် အဆစ်များပါရှိပြီး အကိုင်းအခက်ကောက်ကွေး၍ထွက်သည်။ အညွန့်နှင့် အရွက်တို့တွင် ကတ္တီပါကဲ့သို့ နူးညံ့သောအမွေးများရှိသည်။ အခေါက်မှ အနီရောင်အစေးများထွက်ရှိသည်။ အရွက်မှာ သုံးရွက်မြှာပေါင်းဖြစ်သည်။ ရွက်မြှာများထိပ်ဝိုင်း၍ အရင်းကျယ်သည်။ အရွက်၏အပေါ်ယံမျက်နှာပြင်သည် သားရေကဲ့သို့ ပြောင်ချောသော်လည်း အောက်ဘက်တွင် အမွေးနုကလေးများရှိသည်။ ရွက်ကြောထင်ရှား၍ ရွက်နားညီသည်။ တန်ခူး၊ ကဆုန်လတို့တွင် အသီးသီးလေ့ရှိသည်။ အသီးတောင့်သည် ခြောက်လက်မမှ ရှစ်လက်မထိရှည်ပြီး အနံမှာ နှစ်လက်မခန့်ရှိသည်။ အသီးတောင့်၏အပေါ်ပိုင်းတွင် အစေ့တစ်စေ့သာပါရှိပြီး ၎င်းအစေ့တွင် ရှည်လျားသောအတောင်ပါရှိနေခြင်းက ပေါက်ပင်၏ထူးခြားမှုတစ်မျိုးဖြစ်သည်။ ပန်းခိုင်တစ်ခိုင်လျှင် နှစ်ပွင့်မှ လေးပွင့်ထိပွင့်သည်။

**ဆေးဖက်ဝင်ပေါက်ပန်း**

အစေး၊ အပွင့်၊ အစေ့၊ အသီး၊ အရွက်၊ အခေါက်၊ ဥ စသည့်အစိတ်အပိုင်းအားလုံးဆေးဖက်ဝင်သည်။ မြန်မာ့ဆေးကျမ်းများအလိုအရ **"ပေါက်ပင်သည် ဖန်၊ ခါး၊ စပ် အရသာရှိ၏၊ ပူ၏၊ ဝမ်းမီးကိုတောက်စေ၏၊ သုက်ကိုပွားစေ၏၊ ကျိုးသောအရိုးကို ဆက်စေ၏၊ ဆီးရှင်စေ၏။ ပေါက်သီးသည်စပ်၏၊ ဒူလာသရောနာ၊ ဝမ်းမီးတောက်သောအနာ၊ အလုံးအခဲတည်သောအနာ၊ မြင်းသရိုက်နာများအားနိုင်၏။ အပွင့်သည် ဖန်ခါးစပ်၏၊ အေး၏၊ လေကိုပွားစေ၏၊ သည်းခြေ၊ သလိပ်ကိုနိုင်၏၊ အသည်းရောဂါများ၊ ဆီးပူ၊ ဆီးအောင့်နှင့် နူနာရောဂါတို့ကို ပျောက်ကင်းစေ၏။ ကြက်မျက်သင့်ရောဂါနာ၊ နာစေးဖြင်းတို့ကိုနိုင်၏။ ဒေါသသုံးပါးလေ့နိုင်၏။ အဆီအနှစ်ကိုဖြစ်စေ၏။ ဝမ်းကိုက်ရောဂါကိုပျောက်ကင်းစေ၏"** ဟု ဖော်ပြထားသည်။

**အပွင့်နှင့်ကျန်းမာရေး**

- အဖြူနှင့်အနီနှစ်မျိုးရှိပြီး အနီရောင်ပေါက်ပွင့်က အဖြူထက်ပို၍ ဆေးစွမ်းထက်မြက်သည်
- ပေါက်ပွင့်ကို ရေအေးတွင် တစ်ညလုံးစိမ်၍ နံနက်တွင် သကြားအနည်းငယ်ထည့်သောက်ပါက စအိုဝနာခြင်း၊ ဆီးနှင့်ရော၍ သွေးပါခြင်း၊ နှာခေါင်းသွေးယိုခြင်းတို့ကို ပျောက်ကင်းစေသည်။
- ဆီးချုပ်ခြင်း၊ ဆီးအောင့်ခြင်း၊ ဆီးအိမ်ရောင်ခြင်းတို့အတွက် ပေါက်ပွင့်ကို ရေနွေးဖြင့်ကျိုချက်သောက်ပါ။ ၎င်းပြုတ်ဖတ်ဖြင့်ချက်နှင့်ဆီးခုံပေါ် အုံ့ပေးပါ။ ဆီးရှင်စေသည်။
- ပေါက်ပွင့်ခြောက်ကို ရေနွေးတွင် လက်ဖက်ခြောက်ကဲ့သို့ခတ်၍သောက်ပါက အသည်းရောဂါအမျိုးမျိုးနှင့် ပျက်စီးနေသောအသည်းကလာပ်စည်းများကို ပြန်လည်ကောင်းမွန်စေသည်။ မောပန်းခြင်းကိုပြေစေ၍ သွေးသားကို သန့်ရှင်းစေသည်။ အသက်ကြီးသူများဖြစ်တတ်သော လေအားနည်းဝေဒနာကိုလည်း သက်သာစေသည်။
- အပွင့်ကို အရည်ညှစ်ပြီး မျက်စိတွင်ခတ်ပေးပါက မျက်စိမှုန်၊ မျက်စိဝေခြင်းကို သက်သာစေသည်။
- ခေါင်းတစ်ခြမ်းကိုက်ခြင်းအတွက် အပွင့်သို့မဟုတ် အရွက်ကို အရည်ညှစ်ပြီး ရှူပေးပါ။ (ခေါင်းမကိုက်သောတစ်ဖက်ရှိ နှာခေါင်းမှ ရှူသွင်းရမည်)
- အရိုးကျိုးပေါင်းရောဂါ၊ လည်ပင်းအရိုးအဆစ်နာ၊ ကြက်မျက်သင့်ရောဂါဖြစ်ပါက အပွင့်ကို ပြုတ်စားပေးနိုင်သည်။
- မီးယပ်ဖြူဆင်းရောဂါ၊ သွေးအန်သွေးကျရောဂါအတွက် အပွင့်ကိုသုပ်စားပါ။

**အစေးနှင့်ကျန်းမာရေး**

- အရေပြားပေါ်ရှိ အနာ၊ အဖုအပိန့်များအတွက် လတ်ဆတ်သည့် အနီရောင်ပေါက်စေးကို လိမ်းပေးလျှင် ပျောက်ကင်းနိုင်သည်။
- ပေါက်စေးကို ဝမ်းသွားပျောက်ဆေးအဖြစ် ဖော်စပ်အသုံးပြုနိုင်သည်။ ဝမ်းကိုက်ခြင်း၊ ဝမ်းသွားခြင်းဖြစ်ပါက ပေါက်စေးကို လက်ဖက်ရည်ဇွန်း သုံးပုံတစ်ပုံခန့် တစ်နေ့လျှင် သုံးကြိမ် ရေနွေးဖြင့်သောက်ပါ။

**အစေ့နှင့်ကျန်းမာရေး**

- ပေါက်စေ့သည် ဝမ်းကိုက်နာ၊ အလွန်ပူသောအနာနှင့် သွားနာရောဂါများကိုနိုင်သည်။
- ယားနာ၊ ပွေးနာများအတွက် ပေါက်စေ့ကို သံပရာရည်ဖြင့်ကြိတ်၍ လိမ်းပါ။
- အစေ့ကိုရေတွင်စိမ်၍ အခွံခွာပြီးလျှင် အတွင်းဆန်ကို အခြောက်လှမ်းကာကြိတ်၍ နံနက်၊ ည တစ်နေ့နှစ်ကြိမ်ဆက်စားပြီး လေးရက်မြောက်သောအခါ ဝမ်းနုတ်ဆေးစားပါက ဝမ်းတွင်းရှိ သန်ကောင်များကျဆင်းလာမည်။
- ပေါက်စေ့မှထွက်သောအဆီသည် ပိုးမွှားနှင့် သန်ကောင်တို့ကိုနိုင်သည်။ ပေါက်စေ့၊ ငရုတ်ကောင်း၊ ရှိန်းခိုဆတူထောင်း၍ အလုံးလေးများလုံးပြီးကျွေးလျှင် သန်များကို သေစေသည်။

**အရွက်နှင့်ကျန်းမာရေး**

- အရွက်ကို အားတိုးဆေးတွင်အသုံးပြုသည်။
- အရွက်ကိုလိမ်းအုံ့ပေးပါက အနာ၊ အဖု၊ အပိမ့်များ ပျောက်ကင်းစေသည်။
- အရွက်ကို အရည်ညှစ်ပြီး ချင်းခြောက်၊ ပိတ်ချင်း၊ ကြံသကာတို့နှင့်ဆတူရောပြီး ရှူပေးပါက စိတ်ဖောက်ပြန်ပုံ့လွင့်သောရောဂါကို ပျောက်စေသည်။ (စိတ်ကျရောဂါအတွက်ကိုလည်း ဤနည်းအတိုင်းရှူပေးပါ)
- အတက်ရောဂါ၊ ဝက်ရူးပြန်ရောဂါဖြစ်ပါက ပေါက်ရွက်ကို ငရုတ်ကောင်းနှင့်ရောကြိတ်ပြီး ရှူပေးပါ။
- ပေါက်ရွက်ကို ကျီးနီသီးဆန်နှင့် ရောစားပါက ပန်းသေရောဂါပျောက်သည်။
- တုပ်ကွေးဖျား၊ ရိုးရိုးဖျားတို့အတွက် အရွက်ကို ကြက်သွန်နီများများဖြင့် ကြော်စားပါ။
- အပူလောင်နာဖြစ်ပါက ပေါက်ရွက်သတ္တုရည်ကိုထည့်ပေး၊ အုံ့ပေးပါ။
- ထိခိုက်ဒဏ်ရာရပါက ပေါက်ရွက်သတ္တုရည်ကို လက်ဖက်ရည်အကြမ်းပန်းကန်တစ်လုံးခန့်သောက်ပါ။ အနာမန်းဝင်ခြင်းမှ ကင်းဝေးစေသည်။
- ဆီးနီ၊ ဆီးနည်း၊ ဆီးကျန်ခြင်းအတွက် ပေါက်ရွက်ကိုဟင်းချက်စားပါ။
- ဆီးကျောက်တည်သူများ ပေါက်ရွက်ကို မကြာခဏ ပြုတ်တို့စားပေးပါ။
- ဝက်ရူးပြန်ရောဂါအတွက် ပေါက်ရွက်နှင့် ငရုတ်ကောင်းကို နွားကျင်ငယ်ရည်ဖြင့် ကြိတ်၍ ရှူပေးပါ။

**အခေါက်နှင့်ကျန်းမာရေး**

- အခေါက်နှင့်အစေ့ကို မြွေဆိပ်ကုသရာတွင်လည်းကောင်း၊ မြွေဆိပ်ပြေဆေးဖော်စပ်ရာတွင်လည်းကောင်း အသုံးပြုနိုင်သည်။
- အခေါက်ကို ချင်း(ဂျင်း)ဖြင့်ပြုတ်သောက်သော် အဆိပ်တက်ခြင်းမှပြေစေသည်။
- တီဘီအဆုတ်နာ၊ ငှက်ဖျားရောဂါများအတွက် အပွင့်နှင့်အခေါက်ပြုတ်ရည်သောက်ပါ။

**ဥနှင့်ကျန်းမာရေး**

- ပေါက်ဥမှုန့်ကို ပျားရည်နှင့်တေ၍ စားပါက အားအင်ပြည့်ဖြိုးကာ အသက်ရှည်စေသည်။

**အမြစ်နှင့်ကျန်းမာရေး**

- အမြစ်သတ္တုရည်သည် မျက်စိရောဂါ၊ မျက်စိစွန်ခြင်းတို့ကို ပျောက်ကင်းစေပြီး မျက်စိအမြင် ကို ကြည်လင်စေသည်။
- အမြစ်နှင့်အရွက်မှရရှိသော သတ္တုရည်ကို အဆီပြန်အောင်ချက်၍ ထိုအဆီကို ကွမ်းရွက်တွင်ထည့်စားလျှင် ကာမသတ္တိဖြစ်စေ၍ အားတိုးဆေးတွင် အသုံးပြုကြသည်။
- အဆစ်ရောင်ရောဂါအတွက် အမြစ်ကို ရေနှင့်သွေးပြီး မီးနှင့်နွေးအောင်ပြုကာ ရောင်နာနေသောအဆစ်ပေါ် လိမ်းပေးပါ။

**သတိပြုရန်**

ပေါက်ပင်တစ်ပင်လုံး ဆေးဖက်ဝင်သည်ဆိုသော်လည်း "တန်ဆေးလွန်ဘေး" ဆိုသကဲ့သို့ အလွန်အကျွံစားသောက်မိပါက ကျောက်ကပ်ပျက်စီးတတ်ပြီး သွေးအားနည်းရောဂါဖြစ်စေနိုင်သည်။ ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် နို့တိုက်မိခင်များအတွက် မသင့်ပေ။

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၆၉၄၁ ဧက စိုက်ပျိုးပြီးစီး



**ကန့်ဘလူ ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၆၉၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၆၈၄၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၉၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကန့်ဘလူမြို့နယ်အတွင်း ကုလားပဲ ဧက ၆၈၄၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၆၉၄၁ ဧက စိုက်ပျိုးပြီးပါပြီ။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာ ပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲကို အများဆုံးစိုက်ပျိုးကြပြီး ကုလားပဲစိုက်ပျိုးရာတွင် ထရှိင်ဂိုဒါးမား အကျိုးပြုမှိုများထည့်သွင်းသုံးစွဲစေရေး အသိပညာပေးလုပ်ငန်းများကို တောင်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းကုလားပဲစိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ဆောင်းကုလားပဲ တစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧကအများဆုံး စိုက်ပျိုးထုတ်လုပ်သည့်တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံကို အဓိကစိုက်ပျိုးနိုင်သည့်အပြင် သီးထပ်သီးညှပ်လည်း စိုက်ပျိုးနိုင်သဖြင့် တောင်သူများအနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးကြကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်ထံမှ သိရသည်။

(၂၀၆)

# မြောင်းမြမြို့နယ် ချောင်းလေးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မြောင်းမြ ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ချောင်းလေးကျေးရွာ၌ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအထူးရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၄ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်း၊ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇော်လွင်၊ မြောင်းမြမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနော်မိုင်လှနှင့် ဝန်ထမ်းများက ချောင်းလေးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြောင်းမြခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမျိုးသန့်နှင့် မြောင်းမြမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေလင်းစိုးတို့က ရေရရှိရေးလုပ်ငန်းရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်ပြီးရေရရှိရေးလုပ်ငန်းများကို ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ချောင်းလေးကျေးရွာ၌ ဆိုလာစနစ်သုံး ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း၊ ရေပိုက်လိုင်း အရှည်ပေ ၁၀၄၅၀ သွယ်တန်းခြင်းလုပ်ငန်း၊ ရေမီတာ ၁၀၆ လုံးတပ်ဆင်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် အရှည် ၃၃၉ ပေ၊ အမြင့် ငါးပေရှိသော ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအထူးရန်ပုံငွေကျပ် ၂၁၃ ဒသမ ၅၂၅ သန်းဖြင့် ရဲမာန်ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ တတိယပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ရှိုလေး**

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**






# ထာဝရလှပသော အပြုံးအတွက်

DENTOMEC

DENTIST RECOMMENDED



Fluoride ပါဝင်သောကြောင့် သွားများကို ပြဲဖွေးတောက်ပစေပါသည်။

FDA အမှတ်-1907 PC 0040

ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

" မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် "

# ရတနာပုံ ခန်းမ



ခန်းမလုဝင်ဆံ့မှုလူဦးရေ(၁၂၀၀) (စားပွဲဝိုင်းဖြင့်)ဖြစ်ပြီး အခမ်းအနားများနှင့်ဖျော်ဖြေရေးပွဲများအတွက် လူဦးရေ(၁၆၀၀+၂၀၀)ထိဆောင်ရွက်နိုင်ပါသည်။





**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊ မွေးနေ့ပွဲများ၊ အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။

ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉ ။


सत्यमेव जयते

## တင်ဒါခေါ်ယူခြင်း

အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးအတွက် မြန်မာနိုင်ငံသား လုံခြုံရေး (၄) ဦးအား ငှားရမ်းခြင်းအတွက် အောက်ပါ တင်ဒါအား တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| အမည် | တင်ဒါ | တင်ဒါနောက်ဆုံးရက် |
|---|---|---|
| ၁။ | မြန်မာနိုင်ငံသား လုံခြုံရေး (၄)ဦးအား ငှားရမ်းခြင်း | ၁၈.၀၃.၂၀၂၄ (၁၇၃၀ နာရီ) |

၂။ စိတ်ဝင်စားသော အေဂျင်စီ/စီးပွားရေး လုပ်ငန်းများအား ကောင်စစ်ဝန်ချုပ်ရုံး၏ website www.cgimandalay.gov.in>Media Room> Tenders မှာ ဝင်ရောက်လေ့လာနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

सत्यमेव जयते

## Tender Notice

The Consulate General of India Mandalay invites notice inviting for hiring of four (04) Local Security Guards as follows.

| S. No. | Tender | Last date of Tender |
|---|---|---|
| 1. | For hiring four (04) local Security Guards (LSGs) | 18.03.2024 (1730 hrs) |

2. Interested agencies/firms are requested to visit Consulate's website ww.cgimandalay.gov.in>Media Room >Tenders, for viewing the Notice Inviting Tender (NIT).

# ရန်သူမျိုးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

❖ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲလျက်ရှိခြင်းကြောင့် နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း...

❖ မြေအသုံးချမှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ကြပ်မတ် ထိန်းသိမ်းဆောင်ရွက်သွားရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# (၂၇)ကြိမ်မြောက် မြို့တော်ဂေါက်ကွင်းနှစ်ပတ်လည် အသင်းသားများ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

(၂၇)ကြိမ်မြောက် မြို့တော်ဂေါက်ကွင်းနှစ်ပတ်လည် အသင်းသားများ ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အင်းစိန်မြို့နယ် စဥ့်ငူရပ်ကွက် သီရိမင်္ဂလာလမ်းရှိ ရန်ကုန်မြို့တော်ဂေါက်ကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြို့တော်ဂေါက်ကွင်းအသင်းသားဂေါက်သီးရိုက်အားကစားသမားများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

အစီအစဉ်အရ နံနက် ၆ နာရီခွဲတွင် (၂၇)ကြိမ်မြောက် မြို့တော်ဂေါက်ကွင်းနှစ်ပတ်လည် အသင်းသားများ ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး၊မြို့တော်ဝန် (အငြိမ်းစား) ဦးအောင်သိန်းလင်း၊ မြို့တော်ဝန် (အငြိမ်းစား) ဦးလှမြင့်နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးတို့က Smoke Ball ရိုက်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဝန်ကြီးများက မြို့တော်ဂေါက်ကွင်းအတွင်း ဂေါက်သီးရိုက်ယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးပြီး အားကစားသမားများနှင့်အတူ ပါဝင်ယှဉ်ပြိုင်ကစားကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၁၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၃ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ **စာမျက်နှာ ၂၀ ကော်လံ ၄** ☆

